မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■၁၃၇၇ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက် ၂၀၁၅ ခုနှစ်၊ ဩဂုတ် ၁၈ ရက်၊ အင်္ဂါနေ့ အတွဲ [၅၄]၊ အမှတ် [၁၁၇]

ဒါန၌ တော်မင်္ဂလ မုတ္တမ်

စွန့်ကြဲပေးကမ်း

လှူဒါန်းခြင်းသည်

မြတ်သောမင်္ဂလာမည်၏။

လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် အသိပေးရှင်းလင်းတင်ပြ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သတင်းထုတ်ပြန်ရေးအဖွဲ့

သတင်းထုတ်ပြန်ချက် (၈/၂၀၁၅)

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်

၁၃၇၇ ခု၊ ဝါခေါင်လဆန်း ၂ ရက်

လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် အသိပေးရှင်းလင်းတင်ပြချက်

၁။ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ကိစ္စရပ်နှင့်စပ်လျဉ်း၍ မိဘပြည်သူများ စိုးရိမ်ပူပန်မှုတချို့ရှိသည်ဟု သိရှိရပါသည်။ တရားဝင်နိုင်ငံရေးပါတီများ ထဲမှ ပါတီတစ်ခု၏ဆန္ဒအရ ခေါင်းဆောင်မှုပြောင်းလဲခြင်းနှင့် ပြန်လည်ဖွဲ့စည်းသည့်ကိစ္စရပ်သာ ဖြစ်ပါသည်။

၂။ အစိုးရအဖွဲ့သည် မိဘပြည်သူများလက်ရှိကြုံတွေ့နေရသည့် နိုင်ငံအနှံ့ရေဘေးအန္တရာယ်မှ အမြန်ဆုံး ကင်းဝေးအောင် ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တစိုက်မတ်မတ်ကြိုးပမ်းဆောင် ရွက်လျက်ရှိပါသည်။ တစ်ပြိုင်နက်တည်းမှာပင် တစ်နိုင်ငံလုံးအတိုင်းအတာ ငြိမ်းချမ်းရေးဖြစ်စဉ် အောင်မြင် အောင်၊ တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းမှုရှိစေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါ သည်။

၃။ အစိုးရအဖွဲ့သည် အုပ်ချုပ်ရေးတာဝန်ကို အဓိကတာဝန်ယူဆောင်ရွက်လျက်ရှိပြီး ဒီမိုကရေစီစနစ်၏ အခြားသော မဏ္ဍိုင်ကြီးနှစ်ရပ်ဖြစ်သော ဥပဒေပြုရေးနှင့် တရားစီရင်ရေးတို့နှင့်လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

၄။ ယခုအချိန်သည် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ ပြင်ဆင် ရေးကာလဖြစ်ပြီး ၄င်းရွေးကောက်ပွဲသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး သမိုင်းတစ်လျှောက်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲများအနက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းမှု အများဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ အစိုးရအဖွဲ့အနေဖြင့် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရန် ရွေးကောက်ပွဲ ကော်မရှင်၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့များ၊ မိဘပြည်သူများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်သွား မည်ဖြစ်သည်။

၅။ အဆိုပါ ရွေးကောက်ပွဲမှ ပေါ်ထွက်လာသည့်ရလဒ်အတိုင်း အစိုးရအဖွဲ့အနေဖြင့် လက်ခံအတည်ပြု ၍ တည်ဆဲဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အသိပေးအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့

ရေဘေးသင့်ပြည်သူများအတွက် ထိုင်းအစိုးရက ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၇

ထိုင်းနိုင်ငံအစိုးရနှင့် ထိုင်းဘုရင့် သမီးတော်က ဦးစီးတည်ထောင်ထား သည့် ကြက်ခြေနီအသင်း (Friends In Need (of "Pa") Volunteers foundation) တို့မှ မြန်မာနိုင်ငံရှိ ရေဘေးသင့် ပြည်သူများအတွက် အစားအစာ၊ ကယ်ဆယ်ရေးပစ္စည်း များ၊ ဆေးဝါးနှင့် သန့်ရှင်းရေးသုံး ပစ္စည်းများကို မြဝတီ-မဲဆောက် နယ်စပ်မှ ဩဂုတ် ၁၆ ရက်တွင် မော်တော်ယာဉ်ကိုးစီးဖြင့် ပို့ဆောင် လှူဒါန်းခဲ့သည်။ အဆိုပါ ကယ်ဆယ် ရေး ထောက်ပံ့ပစ္စည်းများကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဦးစီးဌာန၊ ရန်ကုန်တိုင်း ဒေသကြီးဦးစီးမှူးရုံးတွင် ကျင်းပရာ ထိုင်းနိုင်ငံသံရုံးမှ ဒုတိယသံအမတ် ကြီးက ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်ထံ လွှဲပြောင်းပေးအပ်သည်။ အဆိုပါ ကယ်ဆယ်ရေး ထောက်ပံ့ပစ္စည်းများ ကို ဧရာဝတီတိုင်းဒေသကြီး ရေဘေး သင့် *စာမျက်နှာ ၃ ကော်လံ ၅* ❀

စာမျက်နှာ ၃ ကော်လံ ၅

အချပ်ပိုပါရှိ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများအကြား ချုပ်ဆိုသောတစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူ စာချုပ်

အချပ်ပို-က၊ ခ၊ ဂ၊ ဃ

MYANMAR KAIDO CO., LTD.
YOUR MOST RELIABLE PARTNER
CALL NOW
09 517 0376, 09 259 959 633
09 492 06340
www.myanmarkaido.com
MORE WORK.
LESS FUEL.
KOBELCO
We Save You Fuel

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အဆွေခင်ပွန်းကောင်း

သူတစ်မ်းပင်ဖြစ်ပါစေ အကျိုးပြုလျှင် ဆွေမျိုးဖြစ်၏။ ဆွေမျိုးပင်ဖြစ်ပါစေ အကျိုးမပြုလျှင် သူတစ်မ်းပင်ဖြစ်၏။ မိမိကိုယ်ခန္ဓာ၌ ဖြစ်ပွားသော အနာရောဂါသည် အကျိုးမပြုပေ။ တောထဲက ဆေးမြစ်၊ ဆေးခေါက်များသည်ကား အကျိုးပြုပါပေ၏။ ဆွေမျိုးအစစ်အမှန်ဖြစ်ကြောင်းကို ဘေးတွေ့သောအခါမှသိနိုင်၏။ ထို့အတူ မိတ်ဆွေများအကြောင်းကို စီးပွားကျဆင်းသွားသောအခါမှ သိနိုင်၏။ ဤသည်တို့သည်ကားလောကနီတိပေတည်း။

မှန်ပေ၏။ လူတို့မည်သည်တစ်သမတ်တည်းမရှိ။ ပုံသေကားချပ်မရှိ။ လောကဓံသဘောအရဖြစ်ပျက်ကြကုန်၏။ ဆင်းရဲခြင်းသည်အမြဲမရှိ။ ချမ်းသာခြင်းသည်လည်းအမြဲမရှိ။ ရာထူးဂုဏ်သိမ်တို့လည်း အမြဲမရှိ။ အရာအားလုံးသည် အမြဲမရှိ။ ထို့ကြောင့်လည်း ပညာရှိတို့က မမြဲခြင်းသည်သာ အမြဲရှိသည်ဟု ဆိုကြကုန်၏။

ထိုမမြဲသော လောကကြီးတွင် တစ်ဦးဒုက္ခရောက်နေချိန်တွင် တစ်ဦးက ဖေးမကူညီခြင်းသည် မိတ်ကောင်းဆွေကောင်းပင်ဖြစ်၏။ အဆွေခင်ပွန်းကောင်းပင်ဖြစ်၏။ အဆွေခင်ပွန်းကောင်းတို့မည်သည် စိတ်ကောင်းစေတနာအရင်းခံကာ တစ်ဖက်သူအားကြီးပွားပါစေ၊ တိုးတက်ပါစေ၊ ဒုက္ခအပေါင်းမှကင်းဝေးကြပါစေဟူသော ဆန္ဒဖြင့် တတ်စွမ်းသရွေ့ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ စွန့်ကြဲခြင်းပင်ဖြစ်၏။

လတ်တလောကျွန်ုပ်တို့နိုင်ငံတွင် လူဦးရေတစ်သန်းခွဲကျော် ရေဘေးဒုက္ခခံစားနေကြရ၏။ စားစရာ၊ နေစရာ၊ ထိုင်စရာ အစစအရာရာအခက်အခဲဖြစ်ကုန်၏။ ထို့ကြောင့်လည်း ရေဘေးကယ်ဆယ်ရေးဝိုင်းဝန်းလှူဒါန်းကြကုန်၏။ ပြည်တွင်းက ဆင်းရဲသားလက်လုပ်လက်စားမှအစ သူဌေးသူကြွယ်များအထိ ဝိုင်းဝန်းလှူဒါန်းကြကုန်၏။ ပြည်ပမှလည်းလှူဒါန်းကြကုန်၏။ အထူးသဖြင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းများဖြစ်ကြသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဩစတြေးလျနိုင်ငံ အစရှိသဖြင့် ဝိုင်းဝန်းလှူဒါန်းကြကုန်၏။ ငွေအား၊ လူအား၊ ပစ္စည်းအားဖြင့် ဝိုင်းဝန်းကူညီကြကုန်၏။ တရုတ်သံအမတ်ကြီးကိုယ်တိုင်ရေဘေးသင့်ဒေသများသို့ ကိုယ်တိုင်သွားရောက်ကာ ကယ်ဆယ်ရေးပစ္စည်းများပေးအပ်သည့်အပြင် မိသားစုရင်းချာပမာ အားပေးစကားများပင်ပြောဆိုလိုက်သေး၏။ အိန္ဒိယသမ္မတနိုင်ငံကလည်း မိတ်ကောင်းဆွေကောင်းပီသစွာ ဆန်နှင့်စားစရာအပါအဝင် ကယ်ဆယ်ရေးပစ္စည်းများ လေယာဉ်များဖြင့် ပေးပို့ခဲ့သည်ကို သတိပြုမိ၏။ ထိုင်းနိုင်ငံမှလည်း ဘုရင်မင်းမြတ်ကြီးကိုယ်တိုင် အလှူငွေများပေးအပ်ခဲ့သည့်အပြင် နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် မော်တော်ယာဉ်များဖြင့်ကယ်ဆယ်ရေးပစ္စည်းများပို့ပေးခဲ့သည်ကို တွေ့ရ၏။ ထို့အတူ မြန်မာနိုင်ငံတိုးတက်ရေး အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးနေသော ဂျပန်နိုင်ငံကလည်း အားတက်သရော လှူဒါန်းနေသည်ကို တွေ့ရ၏။ အခြားသော နိုင်ငံတကာ အဖွဲ့အစည်းများ၊ နိုင်ငံများကလည်း မြန်မာနိုင်ငံရေဘေးအတွက် အားသွန်ခွန်စိုက် လှူဒါန်းပေးနေသည်ကို တွေ့ရပါသည်။

ဤသို့ ကျွန်ုပ်တို့နိုင်ငံတွင် ရေဘေးနှင့်ရင်ဆိုင်နေရသော ပြည်သူများအား ဝိုင်းဝန်းကူညီပေးနေခြင်းသည် တကယ်မိတ်ကောင်းဆွေကောင်းများပင်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အဆွေခင်ပွန်းကောင်းပင်ဖြစ်ပါသည်။ ဆက်လက်၍လည်း ကူညီပေးစေလိုပါသည်။ ထို့အတွက် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက ကျေးဇူးတင်လျက်ရှိပါသည်။ ထို့ကြောင့်လည်း လောကနီတိက ဆိုထားသည့်အတိုင်း ဘေးဒုက္ခကြုံတွေ့နေချိန် တတ်စွမ်းသရွေ့ကူညီပေးခြင်းသည် တကယ့်အဆွေခင်ပွန်းကောင်းပင် ဖြစ်ပါကြောင်း။ ။

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်း	-	ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး	-	မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)
ကြော်ငြာ	-	၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ	-	၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

" မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းများယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု
လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ "

လုပ်သားများကျွမ်းကျင်မှု စံသတ်မှတ်ရေးအဖွဲ့သို့ ရုံးသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၁၇

မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု 'စံ' သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority-NSSA) သို့ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းတစ်ခုဖြစ်သော Swisscontect မှ ရုံးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းသည့်အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်း၌ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု 'စံ' သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)ကို အာဆီယံဒေသအတွင်း ကျွမ်းကျင်မှုအပြန်အလှန် အသိအမှတ်ပြုနိုင်ရေးနှင့် ကျွမ်းကျင်လုပ်သားများ လွတ်လပ်စွာ ရွှေ့ပြောင်းလုပ်ကိုင်နိုင်ရေးအတွက် ရည်ရွယ်၍ ၂၀၀၇ ခုနှစ်ကတည်းက စတင်ဖွဲ့စည်းခဲ့ကြောင်း၊ NSSA ၏ ဆောင်ရွက်နေသည့် လုပ်ငန်းများကို ဥပဒေအရ ပံ့ပိုးပေးနိုင်ရေးအတွက် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကိုလည်း ၂၀၁၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ပြဋ္ဌာန်းခဲ့ကြောင်း၊ NSSAအနေဖြင့် ကျွမ်းကျင်မှု 'စံ' များကို ၁၇၀ ကျော်ရေးဆွဲပြီး အာဆီယံနှင့် နိုင်ငံတကာ ကျွမ်းကျင်မှု 'စံ'များနှင့်ကိုက်ညီအောင် ပြင်ဆင်ရေးဆွဲလျက် ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများနှင့် အလုပ်အကိုင် ငါးမျိုးအတွက် ကျွမ်းကျင်မှု'စံ'များ တစ်ပြေးညီသတ်မှတ်နိုင်ရေးအတွက် ညှိနှိုင်းပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ အထောက်အကူပြုပစ္စည်းကိရိယာများနှင့် ရုံးသုံးပရိဘောဂများကို ပံ့ပိုးကူညီပေးခြင်းအတွက် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် အမေရိကန်ဒေါ်လာ ၁၂၉၁၅ ဒသမ ၄၉ တန်ဖိုးရှိ ရုံးလုပ်ငန်းသုံးပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံရုံးမှ Ms. Carin Salarno က ပေးအပ်လှူဒါန်းရာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က လက်ခံပြီး ကျေးဇူးတင်စကား ပြောကြားသည်။

(သတင်းစဉ်)

စာကြည့်တိုက်ပညာသင်တန်းဖွင့်

တွံတေး ဩဂုတ် ၁၇

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ်ကျေးလက်စာကြည့်တိုက်မှူးများ စာကြည့်တိုက်ပညာတတ်ကျွမ်းမှုရှိစေရန်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွှေလှေချောင်(တွံ)ကျေးရွာအုပ်စု ရွှေလှေချောင် (တွံ) ကျေးရွာတွင် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းကို ဩဂုတ် ၁၅ ရက်က ဘုရားကြီးကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ စုစုပေါင်း ၃၃ ဦး တက်ရောက်ပြီး ဩဂုတ် ၁၅ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၇-၈-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၂၁၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၇၈၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၂၀၅၀၀

စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၇၁၀
ဒီဇယ်	တစ်လီတာ	ကျပ် ၆၉၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၇၃၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၈၂၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၇၃၀

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၄၀၀၀-၄၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၅၀၀-၇၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၆၅၀၀-၁၂၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၇၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၇၅၀၀-၁၂၀၀၀
၈။	ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၅၀၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၁၃၀၀၀

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၃၅
ဥရောပ	တစ်ယူရို	၁၃၅၅.၆
စင်ကာပူ	တစ်ဒေါ်လာ	၈၉၉.၀၃
ထိုင်း	တစ်ဘတ်	၃၅.၂
အိန္ဒိယ	တစ်ရူပီး	၁၉.၂၉၂
တရုတ်	တစ်ယွမ်	၁၉၈.၈၈
မလေးရှား	တစ်ရင်းဂစ်	၃၂၂.၉၂

ခင်ရတနာ-စုစည်းသည်။

၁၁-၈-၂၀၁၅ မှ ၁၄-၈-၂၀၁၅ ရက်အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂-Ron တစ်လီတာလျှင် ၆၄၈ ကျပ်နှင့် ဒီဇယ်တစ်လီတာလျှင် ၅၆၆ ကျပ်ဖြစ်ပြီး လက်လီဆိုင်များမှာ ခရီးအကွာအဝေးပေါ်မူတည်ပြီး သယ်ယူမှုစရိတ်များကြောင့် ကွာခြားနိုင်ပါသည်။ (မြန်မာနိုင်ငံစက်သုံးဆီအသင်း)

ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သောအဖွဲ့ လာအို-ဂျပန်နှင့်ထိုင်းနိုင်ငံတို့သို့ ချစ်ကြည်ရေးခရီးထွက်ခွာ

နေပြည်တော် ဩဂုတ် ၁၇

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် လာအိုဒုတိယကာကွယ်ရေးဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ၊ ဂျပန်မြေပြင်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့စစ်ဦးစီးချုပ်၊ ထိုင်းဘုရင့် ကြည်းတပ်ဦးစီးချုပ်တို့၏ ဖိတ်ကြားချက်များအရ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့ကို ချစ်ကြည်ရေးခရီးသွားရောက်ရန်အတွက် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်လေဆိပ်မှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးဒုတိယအကြီးအကဲ၊ စစ်သံမှူးနှင့်ဇနီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံစစ်သံမှူးနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံကြည်းတပ် စစ်သံမှူးနှင့်ဇနီးတို့က နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ (အပေါ်ပုံ)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်သန်းသန်းနွယ်၊ ဧရာဝတီတိုင်းဒေသကြီး... တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ဇော်အေးနှင့် တပ်မတော်အရာရှိကြီးများ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
(အမိန့်အမှတ်၊ ၁၂/၂၀၁၅)
၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်
(၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်)

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၇ တို့ပါ ပြဋ္ဌာန်းချက်များအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်မြင့်နွယ်အား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

❀ ရှေ့ဖုံးမှ

ဒေသများသို့ ဖြန့်ခွဲထောက်ပံ့နိုင်ရန်အတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စားလှယ် ဧရာဝတီတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးသန်းစိုးထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်သည်။

ထိုင်းနိုင်ငံအစိုးရနှင့် ထိုင်းဘုရင်မိသားစုက လှူဒါန်းသည့်ပစ္စည်းများမှာ ပစ္စည်းစုံ အထုပ် ၄၅၀၀၊ အဝတ်အထည် ၁၅၀၀၊ ရေသန့်စင်အမှုန့်ဘူး ၂၀၊ စောင် အထည် ၁၀၀၀၊ မိုးကာတဲ အလုံး ၁၀၀၀၊ ခေါင်းအုံး အလုံး ၁၀၀၀၊ အမိုးတာလဘတ် ငါးလိပ်၊ ပလတ်စတစ်မိုးကာလိပ် ၅၅၀၊ ဓာတ်မီး အလုံး ၁၀၀၀၊ ဖျာအချပ် ၈၄၀၀၊ ဆန်(အိတ်ကြီး) ခြောက်အိတ်၊ ဆန်(အိတ်သေး) ၂၄ အိတ်၊ မာမား(ဖာသေး) ၆၅ ဖာ၊ ပစ္စည်းစုံ ငါးဖာ၊ ဆီ ခုနစ်ကတ်၊ အမျိုးသမီးသုံးပစ္စည်း ၂၄ ထုပ်၊ ပဲနို့ တစ်ကတ်၊ စာအုပ် ၅၉ ထုပ်၊ ငါးသေတ္တာ ၁၀ ကတ်၊ ကြာဆံသုံးထုပ်၊ မုန့်ပုံး တစ်ပုံး၊ ဓာတ်မီး ၁၂ ဖာ၊ ဆေး လေးဖာ၊ အနွေးထည် သုံးအိတ်၊ ခေါင်းအုံး ငါးအိတ်၊ ရေသန့် ကတ် ၉၀ နှင့် အချိုရည် ငါးကတ် အပါအဝင် စုစုပေါင်း၂၇ မျိုးပါဝင်သည်။

ထို့ပြင် အမေရိကန်ဒေါ်လာ၂၉၀၀၊ ထိုင်းငွေ ၇၅၉၅၅ ဘတ်နှင့် မြန်မာငွေကျပ် ၁၅၃၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ပြီး ရန်ကုန်မြို့ရှိ ထိုင်းသံရုံးကလည်း အဝတ်အထည် ၁၄ ထုပ်နှင့် ခေါက်ဆွဲခြောက် နှစ်ဖာ တို့ကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာများကို နိုင်ငံရေးပါတီအားလုံးသို့ အကြောင်းကြားစာပေးပို့

နေပြည်တော် ဩဂုတ် ၁၇

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရာတွင် ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရန်အပြင် နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည့် ကျင့်ဝတ်ကို စောင့်ထိန်းလိုက်နာကြရန် နိုင်ငံရေးပါတီအားလုံးသို့ အကြောင်းကြားစာ ပေးပို့ထားရှိသည်။

အဆိုပါ အကြောင်းကြားစာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဇူလိုင် ၁ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားသော ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ညွှန်ကြားချက် (၁/၂၀၁၄) တွင်ပါရှိသော စာပိုဒ်(၃) မဲဆွယ်စည်းရုံးခြင်းကာလ ပြင်ဆင်ကြောင်းကို အကြောင်းကြားခဲ့ပြီးဖြစ်ကြောင်း၊ ယင်းပြင်ဆင်ချက်အရ စာပိုဒ် (၃)၊ မဲဆွယ်စည်းရုံးခွင့်ကာလ ခေါင်းစဉ်အောက်တွင် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ ခွင့်ပြုထားသောကြောင့် စက်တင်ဘာ ၈ ရက် နံနက် ၆ နာရီမှ နိုဝင်ဘာ ၆ ရက် ည ၁၂ နာရီအထိ မဲဆွယ်စည်းရုံးခွင့်ရှိကြောင်း။

ထိုသို့ မဲဆွယ်စည်းရုံးရာတွင် လွှတ်တော် ကိုယ်စားလှယ်လောင်းများသည် မိမိ၏ကိုယ်ရေးအချက်အလက်၊ စွမ်းဆောင်ရည်နှင့် မူဝါဒသဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အများပြည်သူသိရှိရန် မဲဆွယ်စည်းရုံးသည့် ပိုစတာများ စိုက်ထူ၊ ချိတ်ဆွဲ၊ ကြော်ငြာခြင်းကို ပြုလုပ်လိုပါက သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေးကော်မတီ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေးကော်မတီများထံသို့ တင်ပြခွင့်ပြုချက်တောင်းခံ၍ သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိကြောင်း၊ ယင်းသို့ ကြော်ငြာ၊ ပိုစတာစိုက်ထူ၊ ချိတ်ဆွဲခြင်းကို ကော်မရှင်ကသတ်မှတ်ထားသည့် မဲဆွယ်စည်းရုံးခွင့် ကာလအတွင်း၌သာ ဆောင်ရွက်ခွင့်ရှိကြောင်း၊ မဲဆွယ်စည်းရုံးသည့် ကြော်ငြာ၊ ပိုစတာများကို မဲဆွယ်စည်းရုံး ခွင့်ပြုထားသည့် နောက်ဆုံးရက် နိုဝင်ဘာ ၆ ရက် ည ၁၂ နာရီ နောက်ဆုံးထား၍ ဖြုတ်သိမ်းခြင်း မရှိပါက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ မြို့တော်စည်ပင်သာယာရေး ကော်မတီ သို့မဟုတ် မြို့နယ်စည်ပင်သာယာရေး ကော်မတီများနှင့် ညှိနှိုင်း၍ ကြော်ငြာ၊ ပိုစတာများအား ဖြုတ်သိမ်းသွားစေမည်ဖြစ်ကြောင်း၊ ယင်းသို့ ကြော်ငြာ၊ ပိုစတာ ဖြုတ်သိမ်းခြင်းလုပ်ငန်း ဆောင်ရွက်ရသည့် ကုန်ကျစရိတ်ကျသင့်ငွေအား သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်းမှ ပြန်လည်ပေးချေရန် တာဝန်ရှိမည်ဖြစ်ကြောင်း။

သို့ဖြစ်ပါ၍ လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကျင်းပရာတွင် ဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတမှုရှိသော ရွေးကောက်ပွဲများဖြစ်စေရေးအတွက် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မဲဆွယ်စည်းရုံးရာတွင် ထုတ်ပြန်ထားသော ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ထို့အပြင် ၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့ကြသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ကျင့်ဝတ် (Code of Conduct for political parties and candidates) ကို စောင့်ထိန်းလိုက်နာကြရန် လိုအပ်မည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

(သတင်းစဉ်)

◆ ကျောဖုံးမှ

ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

သဘာဝဘေးကြောင့် ဒုက္ခရောက်နေကြသည့် ပြည်သူ ၂၅၀၀၀၀ကျော်၏ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်းကျော် ကိုလက်ရှိဆောင်ရွက်နေသည့် အစီအစဉ်များအပြင် အစီအစဉ်သစ်များမှတစ်ဆင့် အမေရိကန်အစိုးရက အကူအညီပေးသွားမည်ဖြစ်ကြောင်း သိရသည်။ USAID အနေဖြင့် မြန်မာအစိုးရ၊ ကုလသမဂ္ဂအေဂျင်စီများ၊ ပြည်တွင်းနှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရေဘေးသင့်ပြည်သူများအတွက် စားနပ်ရိက္ခာပံ့ပိုးပေးခြင်းဖြစ်ကြောင်း သိရသည်။

"မြန်မာနိုင်ငံမှာ အခက်အခဲကျရောက်နေတဲ့ကာလအတွင်း အရေးတကြီးလိုအပ်နေတဲ့ အကူအညီတွေပေးနိုင်အောင် USAID အနေနဲ့ အပြည့်အဝအားထုတ်ဆောင်ရွက်နေပါတယ်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေဆောင်ရွက်ရာမှာ အကောင်းဆုံးအကူအညီတွေ ဘယ်လိုပေးလို့ ရနိုင်မလဲဆိုတာ အမေရိကန်သံရုံးကနေပြီး မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမှာပါ" ဟု အမေရိကန်သံအမတ်ကြီး ဒဲရစ်မစ်ချယ်က ပြောကြားသည်။

USAID ၏ မိတ်ဖက်အဖွဲ့အစည်းများကလည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် တိုက်ရိုက်အထောက်အပံ့များ အမြန်ဆုံး ပံ့ပိုးပေးနိုင်ရန်အတွက် ဆောင်ရွက်နိုင်မည့်နည်းလမ်းများ ရှာဖွေလျက်ရှိကြောင်း၊ USAID ၏ မိတ်ဖက်အဖွဲ့အစည်းများကပါ မိသားစုသုံးပစ္စည်းများ၊ တစ်ကိုယ်ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးပစ္စည်းများ၊ သန့်ရှင်းသောသောက်သုံးရေနှင့် မိလ္လာစနစ်များရရှိရေးအတွက် ဖြန့်ဝေလျက်ရှိကြောင်း သိရသည်။ **မွန်းဦးနဒီ**

ညောင်တုန်းမြို့ မိုးရာသီကာလတွင် လျှပ်စစ်မီးကြိုးလိုင်းများနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အရေးပေါ်ဌာနများ ဖွင့်လှစ်ဆောင်ရွက်ပေး

ညောင်တုန်း ဩဂုတ် ၁၇

ညောင်တုန်းမြို့နယ် မိုးရာသီကာလအတွင်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုလျော့နည်းရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့တွင်းရှိ လျှပ်စစ်မီးကြိုးများနှင့် မလွတ်ကင်းသည့် သစ်ပင် သစ်ကိုင်းများခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ အများပြည်သူများရှိသည့် ကားဂိတ်နှင့် လမ်းမတော်တစ်လျှောက်ရှိ လျှပ်စစ်မီးလိုင်းများ ပြုပြင်ထိန်းသိမ်းခြင်း၊ လမ်းဆုံနေရာများ၌ လျှပ်စစ်မီးကြိုးများ ပြုတ်မကျစေရန် လျှပ်စစ်မီးလိုင်းကြိုးများကို ကြေသီးများဖြင့် ချည်နှောင်ချိတ်ဆက်သွယ်တန်းပေးခြင်း (Link Connection) လုပ်ငန်းများ၊ ရေးဘုရားလမ်းရှိ သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများကို ဩဂုတ် ၁၄ ရက်တွင် တာဝန်ရှိသူများက ဆောင်ရွက်ခဲ့သည်။

ထို့ပြင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်သုံးအများပြည်သူများ အခက်အခဲရှိပါက ဆက်သွယ်ဆောင်ရွက်ရန်အတွက် အရေးပေါ်ဌာန မြို့နယ်လျှပ်စစ်ရုံး(၀၄၆-၂၀၃၄၂)နှင့် 33/11kv, 5MVA ခွဲရုံ (၀၉-၈၅၄၀၆၈၇) သို့ အရေးပေါ် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။ **ထွန်းကျော်(ညောင်တုန်း)**

ဂျပန်-ကန် ချစ်ကြည်ရင်းနှီးမှုကို ထိန်းသိမ်းရန် ဒုတိယကမ္ဘာစစ် နှစ်ပတ်လည်အခမ်းအနား ပုလဲဆိပ်ကမ်း၌ ကျင်းပ

ဟိုနိုလူလူ ဩဂုတ် ၁၇

ဒုတိယကမ္ဘာစစ်ပြီးဆုံးခြင်း နှစ်ပတ်လည်အခမ်းအနားကျင်းပခြင်း အထိမ်းအမှတ်အဖြစ် ဂျပန်နိုင်ငံ နဂိုယာမြို့တွင် ပစ်လွှတ်ပြသခဲ့သော မီးပန်းများကို ဟာဝိုင်ရီရှိပုလဲဆိပ်ကမ်း၌ ကျင်းပသော မိတ်ဖက်အခမ်းအနားတွင် ပြန်လည်မျှဝေ ပစ်လွှတ်ပြသခဲ့သည်။ နဂိုယာနှင့်ဟိုနိုလူလူတို့သည် ညီအစ်မမြို့တော်များဖြစ်ကြသည်။

ဒုတိယကမ္ဘာစစ် ပြီးဆုံးခြင်း နှစ်(၇၀)ပြည့် အထိမ်းအမှတ်နှစ်ပတ်လည် အခမ်းအနားကျင်းပရန် ဩဂုတ် ၁၆ ရက်က လူပေါင်း ၁၀၀၀၀ ခန့်သည် ပုလဲဆိပ်ကမ်း၌ စုရုံးရောက်ရှိနေကြသည်။

ပူးတွဲမိန့်ခွန်းတွင် နဂိုယာနှင့် ဟိုနိုလူလူမှ ကလေးများက ၎င်းတို့သည် စစ်ပွဲအတွင်း ချစ်ခင်သူများ ဆုံးရှုံးခဲ့ရမှု၊ သေကျေပျက်စီးခဲ့ရမှုနှင့်လွတ်လပ်ခြင်းအရသာဆုံးရှုံးခဲ့ရမှုကို မည်သည့်အခါမှ မေ့ပျောက်မည် မဟုတ်ကြောင်း ပြောခဲ့သည်။ ထို့ပြင် ကမ္ဘာတစ်ဝန်းရှိ လူငယ်များသည် လွတ်လပ်ရေးကို ထိန်းသိမ်းပြီး မျိုးဆက်သစ်များကို လက်ဆင့်ကမ်းရန် ၎င်းတို့က တိုက်တွန်းခဲ့သည်။

အဆိုပါအခမ်းအနားတွင် မီးရှူးမီးပန်း ၂၀၀၀ခန့်ပစ်လွှတ်ခဲ့သည်။ ကြည့်ရှုသူအချို့မှာ ကြည်နူးပြီး အချို့မှာ အတိတ်ပြန်ပြောင်း အောက်မေ့သတိရကာ ဝမ်းနည်းနေကြသည်။

ဂျပန်နှင့်အမေရိကန် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ဆက်လက် ထိန်းသိမ်းပြီး လွတ်လပ်ရေး၏အရေးပါပုံကို အမြဲအောက် မေ့ကာ အတိတ်သင်ခန်းစာများကို ပြန်ပြောင်း သုံးသပ်ရမည်ဖြစ်ကြောင်း အခမ်းအနားသို့ တက်ရောက်လာသော ကလေးတစ်ဦး၏ဖခင်က ပြောသည်။

(အင်န်အိတ်ချ်ကေ)

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ အီဂျစ်သမ္မတစီစီ အတည်ပြု

ကိုင်ရို ဩဂုတ် ၁၇

အစိုးရကို ဖြုတ်ချရန် ရည်ရွယ်ချက်ဖြင့် နှစ်နှစ်ကြာ အကြမ်းဖက်မှုများနှင့် ရင်ဆိုင်နေရမှုကို ထိန်းချုပ်ကာကွယ်ရန်အတွက် အီဂျစ်သမ္မတ အဗ္ဗဒယ်ဖက် တာအယ်လ် စီစီက အထူးတရားရုံးများ၌ အာဏာတည်မည့် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေကိုသဘောတူ အတည်ပြုလိုက်ပြီဖြစ်သည်။

အဆိုပါ ဥပဒေသည် အမျိုးမျိုးသော အကြမ်းဖက်ဝါဒရာဇဝတ်မှုခင်းများ ကျူးလွန်သူများကို အနည်းဆုံး ထောင်ဒဏ်ငါးနှစ်မှ သေဒဏ်အထိ ချမှတ်နိုင်သည်ဟု ဆိုသည်။

ယင်းဥပဒေက အကြမ်းဖက်သူများအား စစ်ဘက်နှင့် ရဲဘက်တို့ကို တာဝန်ထမ်းဆောင်စဉ်အတွင်း တပ်အသုံးပြုနိုင်အောင်လည်း အကာကွယ်ပေးထားသည်ဟုဆိုသည်။

နှစ်ပေါင်းများစွာအတွင်း နိုင်ငံတော်၏ အဆင့်အမြင့်ဆုံး ပုဂ္ဂိုလ်ဖြစ်သည့် ထိပ်တန်းအစိုးရရှေ့နေ ကားဗုံးခွဲ တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ပြီးနောက် ဇူလိုင်လအတွင်း တရားရေးစနစ်သည် ပိုမိုကောင်းမွန်လာခဲ့ကြောင်း စီစီက ပြောဆိုလိုက်သည်။

အစိုးရက တာဝန်ပေးအပ်သည့် တရားရေးအဖွဲ့အနေဖြင့် ပြစ်မှုကျူးလွန်သူများအား ထောင်ဒဏ်သို့မဟုတ် သေဒဏ်အထိချမှတ်နိုင်လိမ့်မည် ဟုဆိုသည်။

အုပ်စုဖွဲ့ ပြစ်မှုကျူးလွန်သူများအား ထောင်ဒဏ် ၁၀ နှစ်အထိ ချမှတ်နိုင်သည်ဟု ဆိုသည်။

အကြမ်းဖက်အုပ်စုများအား ငွေကြေး ထောက်ပံ့ပေးသူများကို တစ်သက်တစ်ကျွန်း၊ အကြမ်းဖက်မှုတွင်ပါဝင်ပါက ၂၅ နှစ်၊ အကြမ်းဖက်ရန် ဆော်သြသူများကို ထောင်ဒဏ်ငါးနှစ်မှ ခုနစ်နှစ်အထိ ချမှတ်နိုင်သည်ဟုဆိုသည်။

(ရိုက်တာ)

တောင်ကိုရီးယား-အမေရိကန် ပူးတွဲစစ်ကစားမှုစတင်

ဆိုးလ် ဩဂုတ် ၁၇

တောင်ကိုရီးယားနှင့် အမေရိကန်တပ်ဖွဲ့ဝင်များသည် Ulchi Freedon Guard (UFG) ဟုခေါ်ဆိုသည့် ပူးတွဲနှစ်ပတ်လည်စစ်ကစားမှုကို တနင်္လာနေ့တွင် စတင်လိုက်သည်။ ၁၂ ရက်ကြာ ကွန်ပျူတာအသုံးချ အဆိုပါစစ်ရေးလေ့ကျင့်မှုကို ကျူးကျော်ရန် ပြင်ဆင်သည့်အနေဖြင့် စစ်ရေးလေ့ကျင့်သည်ဟု မြောက်ကိုရီးယားမှ စွပ်စွဲနေသည့်ကြားမှ စတင်လိုက်ခြင်းဖြစ်သည်။

တောင်ကိုရီးယားတပ်ဖွဲ့ဝင် ၅၀၀၀၀ နှင့် အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀၀ ခန့် ပါဝင်သော အဆိုပါစစ်ရေးလေ့ကျင့်မှုသည် တောင်ကိုရီးယားနိုင်ငံ၏ အချုပ်အခြာ အာဏာနှင့် ပိုင်နက်နယ်မြေပိုင်ဆိုင်မှုကို ပိုမိုကာကွယ်ပေးနိုင်ရန်အတွက် ဖြစ်သည်ဟု ဆိုသည်။

အဆိုပါ အမေရိကန်နှင့် တောင်ကိုရီးယားစစ်ရေးလေ့ကျင့်မှုသည် တောင်ကိုရီးယားနယ်ခြားစောင့်တပ်များကို မိုင်းထောင်ဖောက်ခွဲခဲ့သည့် မြေမြှုပ်မိုင်းပေါက်ကွဲခဲ့ပြီးနောက် ကိုရီးယားကျွန်းဆွယ်အခြေအနေတင်းမာနေချိန် ထွက်ပေါ်လာခြင်းဖြစ်သည်။

ယင်းပူးတွဲစစ်ရေးလေ့ကျင့်မှုကို ဖျက်သိမ်းပေးရန်နှင့် ဆက်လုပ်ပါက စစ်ရေးအရ တုန့်ပြန်သွားမည်ဖြစ်ကြောင်း မြောက်ကိုရီးယားအမျိုးသားကာကွယ်ရေးကော်မရှင်က စနေနေ့တွင် ကြေညာချက်ထုတ်ပြန်လိုက်သည်။

မြောက်ကိုရီးယားက ၎င်း၏ တပ်များကို အဆိုပါ စစ်ရေးလေ့ကျင့်မှု အဆုံးသတ်ရန် စီစဉ်ထားသည့် ဩဂုတ် ၂၈ ရက်တိုင်အောင် တပ်လှန့်ထားသည်။ ပူးတွဲစစ်ရေး လေ့ကျင့်မှုပြုလုပ်စဉ်အတွင်း မြောက်ကိုရီးယား၏ မည်သည့်ရန်စမှုကိုမဆို ပြင်းပြင်းထန်ထန် လက်တုန့်ပြန်သွားရန် တောင်ကိုရီးယားပူးတွဲစစ်ဆင်ရေးအကြီးအကဲ ဗိုလ်ချုပ်ကြီး ချိုင်ယွန်ဟောက စစ်ဆင်ရေးတပ်မှူးများအား စနေနေ့တွင် အမိန့်ပေးလိုက်သည်။

(ဆင်ဟွာ)

တရုတ်မြောက်ပိုင်းမြေပြိုမှု သေဆုံးသူ ၁၂ ဦးထိရှိလာ

ရှီအန်း ဩဂုတ် ၁၇

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း မြေပြိုမှုဖြစ်ပွားပြီး ငါးရက်အကြာတွင် ကယ်ဆယ်ရေးသမားများက သေဆုံးသူ ၁၂ ဦးကို ရှာဖွေတွေ့ရှိခဲ့ပြီး ပျောက်ဆုံးသူ ၅၂ ဦးကို ဆက်လက်ရှာဖွေမှုများ ပြုလုပ်နေကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံအနောက်မြောက်ပိုင်း ရှန်ဇီပြည်နယ်တွင် ဖြစ်ပွားခဲ့သော မြေပြိုမှုတွင် သေဆုံးသူအများစုကို ဩဂုတ် ၁၆ ရက်နေ့လယ်နှင့် ဩဂုတ် ၁၇ ရက် မနက်ပိုင်းတို့တွင် ရှာဖွေတွေ့ရှိခဲ့ကြောင်း ရှန်ရန်ပြည်နယ် အခြေစိုက်ကယ်ဆယ်ရေးသမားများက ပြောသည်။

ပြည်နယ်ရှာဖွေရေးရဲအဖွဲ့မှတပ်ဖွဲ့ဝင်များကလည်း ပျောက်ဆုံးသူများကို ဆက်လက်ရှာဖွေမှုများ ပြုလုပ်နေကြောင်း သိရသည်။

(ဆင်ဟွာ)

ဒမတ်စကတ်အရှေ့မြောက်ပိုင်း ဈေးတစ်ဈေး၌ ဆီးရီးယားအစိုးရ လေကြောင်းမှပုံးကြဲတိုက်ခိုက်

ဘေရွတ် ဩဂုတ် ၁၇

ဩဂုတ် ၁၇ ရက်က ဒမတ်စကတ်အရှေ့မြောက်ပိုင်းရှိ ဈေးတစ်ဈေးကို ဆီးရီးယားအစိုးရက လေကြောင်းမှပုံးကြဲတိုက်ခိုက်မှုပြုလုပ်ခဲ့ရာ အနည်းဆုံး လူ ၈၀ သေဆုံးခဲ့ကြောင်း သူပုန်ထိန်းချုပ်နေရာမှ ကယ်ဆယ်ရေးလုပ်သားများနှင့် ဆီးရီးယားလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့များက ပြောသည်။

ဒမတ်စကတ်အရှေ့မြောက်ဘက် ၁၅ ကီလိုမီတာ(၁၀ မိုင်)ခန့်အကွာရှိ ဒိုမားဈေး တိုက်ခိုက်မှုတွင် လူ ၂၀၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြကြောင်း ယူကေအခြေ စိုက်စောင့်ကြည့်ရေးအဖွဲ့များ ဒေသတွင်းအာဏာပိုင်များနှင့် ကယ်ဆယ်ရေးလုပ်သားများက ပြောခဲ့သည်။

လေကြောင်းတိုက်ခိုက်မှု ပြုလုပ်နေစဉ်အတွင်း ဒုံးလက်နက်ကြီး ၁၀ ခုထက်မနည်း ပစ်လွှတ်တိုက်ခိုက်ခဲ့ကြောင်းနှင့် ကယ်ဆယ်ရေးလုပ်သားများ ရောက်ရှိပြီးနောက် စစ်လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ခြင်းကို ပြန်လည်လုပ်ဆောင်ကြောင်းကိုလည်း အဆိုပါစောင့်ကြည့်ရေးအဖွဲ့က ပြောခဲ့သည်။

ဆီးရီးယားတပ်မတော်ဆိုင်ရာ သတင်းအရင်းအမြစ်များက လေကြောင်းတိုက်ခိုက်မှုများကို သူပုန်များကြီးစိုးသော ဒိုမားဒေသနှင့် အနီးဝန်းကျင်ဒေသများကိုသာ ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း ပြောသည်။

ဆီးရီးယားအရပ်ဘက်ကာကွယ်ရေးအဖွဲ့က တိုက်ခိုက်မှုကြောင့် ယခုအချိန်ထိ လူပေါင်း ၆၀ သေဆုံးနေမှုကို အတည်ပြုနိုင်ခဲ့ပြီး နောက်ထပ်အတည်ပြုစရာ သေဆုံးသူများရှိနေသေးကြောင်း ဖော်ပြခဲ့သည်။

သမ္မတဘာရှာအယ်လ် အာဆတ်အစိုးရအဖွဲ့မှအရာရှိများက သူပုန်များကိုတိုက်ခိုက်ရာတွင် အစိုးရဘက်မှ လက်နက်များပြတ်လပ်နေကြောင်း ဖော်ပြပြောဆိုခဲ့သည်။

စောင့်ကြည့်လေ့လာသူများက အစိုးရတပ်ဖွဲ့များသည် ဒမတ်စကတ်သို့ ကျူးကျော်ဝင်ရောက်လာသော ရန်သူများကို အင်အားချည့်နဲ့အောင် ကြိုးစားလုပ်ဆောင်ခဲ့ကြောင်းပြောခဲ့သည်။ သို့သော်လည်း သူပုန်များကိုတိုက်ခိုက်ရာတွင် အရပ်ဘက်ပြည်သူများသေဆုံးလျက်ရှိသောကြောင့် အာဆတ်အစိုးရကို နိုင်ငံတကာ အသိုင်းအဝိုင်းက ပြစ်တင်ဝေဖန်လျက်ရှိသည်။

(ရိုက်တာ/အင်န်အိတ်ချ်ကေ)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၌ ကျင်းပသည့် ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါအခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ နိုင်ငံတကာအကူအညီပေးရေးအေဂျင်စီများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံအရပ်ရပ်၌ရှိကြသည့် ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ အသုံးပြုရန် တပ်မတော်သားကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော်ရုံးနှင့် ပြည်သူ့လွှတ်တော်ရုံးတို့မှ အလှူငွေများ လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ ငွေကြေးပမာဏ မများသော်လည်း ပြည်သူများဒုက္ခရောက်ချိန်တွင် လွှတ်တော်ကိုယ်စားလှယ်များက နေ့တွက်စရိတ်များထဲကလည်းကောင်း၊ ဝန်ထမ်းများက လစာများထဲကလည်းကောင်း လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ ရေဘေးအန္တရာယ်သည် နိုင်ငံအနှံ့ဖြစ်ပွားခဲ့ပြီး ထိခိုက်ဆုံးရှုံးမှု များပြားပါကြောင်း၊ နိုင်ငံသားများနှင့် နိုင်ငံတော်ပိုင်ပစ္စည်းများ များစွာဆုံးရှုံးပျက်စီးခဲ့ရပါကြောင်း၊ ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှုအပေါ် အားလုံးပူးပေါင်းပါဝင်၍ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဆောင်ရွက်နိုင်ကြပါစေဟု ဆုတောင်းပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက တပ်မတော်သားကိုယ်စားလှယ် ၁၀၆ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၀၇ ဦး စုစုပေါင်း ၄၁၃ ဦးတို့က လှူဒါန်းသည့် အလှူငွေကျပ် ၄၁၃ သိန်းကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်ရုံးဝန်ထမ်းများနှင့် လွှတ်တော်အထောက်အကူပြုအဖွဲ့ ဝန်ထမ်းများက လှူဒါန်းသည့် အလှူငွေကျပ် ၁၁၇၃၅၀၀ နှင့် ပစ္စည်းများကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ရုံး ဝန်ထမ်းများက လှူဒါန်းသည့်အလှူငွေကျပ် ၁၁၀၂၅၇၀ နှင့် ပစ္စည်းများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းအခမ်းအနားတွင် လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၄၃၅၇၆၀၇၀ ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပျက်စီးလယ်မြေများ ပြန်လည်စိုက်ပျိုးနိုင်ရေးတွင် မျိုးစပါးနှင့်ဓာတ်မြေဩဇာရရှိရေးမှာ အဓိကကျကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်း ဒုတိယဥက္ကဋ္ဌက ပြောကြား

နေပြည်တော် ဩဂုတ် ၁၇

ရေဘေးသင့် ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ပြန်လည် ထူထောင်ရေးလုပ်ရာ၌ လယ်ယာကဏ္ဍတွင် လိုအပ်သော ပစ္စည်းများ အဆောတလျင် ဖြန့်ဖြူးနိုင်ရေးမှာ အထူးလိုအပ်ကြောင်း၊ ပျက်စီးလယ်မြေများ ပြန်လည်စိုက်ပျိုးနိုင်ရေးတွင် မျိုးစပါးနှင့် ဓာတ်မြေဩဇာများရရှိရေးမှာ အဓိကကျကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက ဩဂုတ် ၁၅ ရက်၌ သတင်းထောက်များကို ပြောကြားသည်။ လယ်ဧက ငါးသိန်းကို ပြန်လည်စိုက်ပျိုးရာတွင် ကန်ဒေါ်လာ သန်း ၅၀ ခန့် ကုန်ကျမည်ဟု ခန့်မှန်းရကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဩဂုတ် ၁၅ ရက်က ထုတ်ပြန်သောစာရင်းအရ ရေကြီးရေလျှံမှု ဖြစ်ပွားသည့်ကာလအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၃ ခု၌ လယ်ဧကပေါင်း ၁၄၁၃၂၇၀ ရေနစ်မြုပ်ခဲ့ပြီး ယင်းတို့အနက် ၁၄၅၂၇၇ ဧကကို ပြန်လည်စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်း၊ ပျက်စီးသွားခဲ့သော လယ်ဧက စုစုပေါင်း ၁၃၅၀၃၇၂ ဧကရှိကြောင်း၊ ရေကျဆင်းသွားပြီဖြစ်သည့် ဒေသများသို့ မျိုးစပါးနှင့် လက်တွန်းထွန်စက်များ ဖြန့်ဖြူးပေးထားပြီး ရာသီဥတုကောင်းလာသည်နှင့်အမျှ မျိုးစပါးနှင့် လက်တွန်းထွန်စက်များ ဆက်လက်ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ဒေါက်တာစိုးထွန်းက ရေကြီးရေလျှံမှုကြောင့် ၂၀၁၅ ခုနှစ်တွင် ဆန်တန်ချိန် နှစ်သန်း တင်ပို့မည့် နိုင်ငံတော်၏ရည်မှန်းချက် ထိခိုက်မှုရှိ မရှိကို မသိနိုင်သေးကြောင်း၊ ရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက်ပိုင်း လယ်ယာကဏ္ဍ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်း၏ အတိုင်းအတာနှင့် လျင်မြန်မှုပေါ်တွင် မူတည်နေကြောင်း ပြောကြားသည်။

ရေဘေးသင့်ဒေသ အချို့၌ အစိုးရ၏ အကူအညီဖြင့် လယ်ယာလုပ်ငန်းပြန်လည်စတင်ပြီး ဖြစ်သော်လည်း ဒေသအများစုမှာ ရေပြန်လည်ကျမည့်အချိန်ကို စောင့်မျှော်နေကြဆဲပင်ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး၌ လယ်ဧက ၃၇၆၀၀၀ ရေနစ်မြုပ်ခဲ့ပြီး ယင်းအနက် ဩဂုတ် ၁၅ ရက်အထိ လယ်မြေ ၃၈၇ ဧကကို ပြန်လည်စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

နေသန်

သတင်းကြေညာချက်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Pre Installation Survey လုပ်ငန်းများကို MV.FUGRO EQUINOX ဖြင့် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့မှ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ Pre Installation Survey တိုင်းတာရေးလုပ်ငန်းများဆောင်ရွက်သွားမည့် တည်နေရာများမှာ location WP4 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၁ မိနစ် ၃၄. ၀၄၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၉ မိနစ် ၂၁. ၁၅၅ စက္ကန့်၊ location WP5 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၂၄ မိနစ် ၃၁. ၇၅၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၂ မိနစ် ၀၂. ၄၆၃ စက္ကန့်၊ location WP6 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ် ၂၈. ၆၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၅၁ မိနစ် ၂၄. ၇၀၇ စက္ကန့်နှင့် location WP7 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၀ မိနစ် ၃၇. ၉၁၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၀၄ မိနစ် ၄၈. ၀၃၇ စက္ကန့်တို့တွင်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-9 တွင် Pre Installation Survey လုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV. FUGRO EQUINOX ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာ မှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင်ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

ငါးလုပ်ငန်းဦးစီးဌာန

ဗန်ကောက်မြို့လယ်ကောင်တွင် ဗုံးပေါက်ကွဲ၍ ၁၆ ဦး သေဆုံး

ဗန်ကောက် ဩဂုတ် ၁၇

ဗန်ကောက်မြို့လယ်ကောင်ရှိ ဟိန္ဒူဘုရားကျောင်းတစ်ခုအနီးတွင် ယနေ့ ည ၇ နာရီခန့်က ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ ၁၆ ဦး သေဆုံးပြီး ၈၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များက အတည်ပြုပြောကြားသည်။

ရိုက်တာသတင်းထောက်များနှင့်တွေ့ဆုံစဉ် ထိုင်းနိုင်ငံ ဒုတိယရဲချုပ် အင်ဆာနာနွန်က ဗုံးမှာ မော်တော်ဆိုင်ကယ်တစ်စီးဖြင့် လာရောက်ဖောက်ခွဲခြင်းဖြစ်ကြောင်း၊ အခင်းဖြစ်ပွားရာနေရာတွင် လူ၏အသားစိုင်အသားစများ တွေ့ရှိခဲ့ရကြောင်း ဆိုသည်။

ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်ပြီး မည်သည့်အဖွဲ့၏လက်ချက်ဖြစ်ကြောင်းကို အတည်ပြုပြောကြားနိုင်ခြင်း မရှိသေးပေ။ သို့သော် ရဲတပ်ဖွဲ့ဝင်များသည် ကျန်ရှိသေးသည်ဟုယူဆရသော ဗုံးများကို ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။

ဗုံးပေါက်ကွဲရာ အဆိုပါဟိန္ဒူဘုရားကျောင်းသည် လူစည်ကားသည့် ဟိုတယ်များ၊ ရုံးများနှင့် ဈေးတန်းများနှင့် နီးကပ်စွာရှိပြီး အရှေ့အာရှမှ ကမ္ဘာလှည့်ခရီးသည်အများအပြား လာရောက်လည်ပတ်သည့် အဓိကနေရာ တစ်ခုလည်းဖြစ်ကြောင်း သိရသည်။

ကျော်သဲအိမ်

ကမ္ဘာမြေ စိမ်းလန်းဖို့ သစ်တော သစ်ပင် စိုက်ပျိုးစို့

ဆီးရီးယားရှိသူပုန်များအား လေကြောင်းမှတိုက်ခိုက်မှုများကြောင့် ထိခိုက်သေဆုံးမှုဦးရေတိုးပွား

ဝါရှင်တန် ဩဂုတ် ၁၇

အမေရိကန်နှင့် တူရကီတို့ အတူ ပူးပေါင်းကာ ဆီးရီးယားရှိ အိုင်အက်စ်များကို လေကြောင်းမှတိုက်ခိုက်ချေမှုန်းရန် အသေးစိတ်ရေးသားထားသော စာပါအကြောင်းအရာများကို မကြာသေးမီက ထုတ်ဖော်ကြေညာခဲ့သည်။

ဩဂုတ် ၉ ရက်ကတည်းက အမေရိကန်လေတပ်သုံး F-16 တိုက်ခိုက်ရေးလေယာဉ်များနှင့် အမှုထမ်း ၃၀၀ တို့သည် အီတလီရှိ 31st တိုက်ခိုက်ရေးလေယာဉ် အခြေစိုက်လေတပ်စခန်း Aviano မှ တူရကီလေတပ်အခြေစိုက်စခန်း Incirlik သို့ ရောက်ရှိလာကာ အီရတ်နှင့် ဆီးရီးယားတို့တွင်ရှိနေသည့် အိုင်အက်စ်များကို လေကြောင်းမှ စစ်ဆင်ရေး တိုက်ခိုက်ချေမှုန်းမည်ဟု ပင်တဂွန် စစ်ဌာနချုပ်မှ ကြေညာခဲ့သည်။

နိုင်ငံပေါင်း ၆၀ ကျော်မှ ညွန့်ပေါင်းတပ်ဖွဲ့ဝင်များပါဝင်ပြီး အမေရိကန်နှင့် တူရကီတို့ဘက်မှ ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးရရှိစေရန်အတွက် အိုင်အက်စ်စစ်သွေးကြွများအား ရှင်းပစ်မည်ဟု ကတိပြုထားသည်။

တနင်္လာနေ့မှ စတင်ကာ လေကြောင်းမှ တိုက်ခိုက်မှုများကို ဆက်တိုက်ပြုလုပ်ခဲ့ပြီး အိုင်အက်စ်အများစုရှိမည့်နေရာများ၊ ယာဉ်နှင့် လက်နက်သိုလှောင်ရာနေရာများကို ဝေဟင်မှ ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြသည်။ အမေရိကန်လေတပ် စစ်အခြေစိုက်စခန်းများကို နေတိုးအဖွဲ့ဝင်နိုင်ငံများတွင် အခြေစိုက်ကာ အင်အား ၁၈၀၀ ခန့်မျှရှိသော အမေရိကန်စစ်မှုထမ်းများသည် Incirlik လေတပ်အခြေစိုက်စခန်းတွင် တပ်စွဲထားသည်။ ပြီးခဲ့သည့် အပတ်က လေကြောင်းမှ တိုက်ခိုက်မှုကို ဆီးရီးယားတွင် ရှစ်ကြိမ်ပြုလုပ်ခဲ့ပြီး အီရတ်တွင် ၂၃ ကြိမ်ပြုလုပ်ခဲ့ကြောင်း အမေရိကန်ဘက်မှ ပြောကြားခဲ့သည်။ ဆီးရီးယားနိုင်ငံမြို့တော် ဒမတ်စကတ် အရှေ့မြောက်ဘက်ပိုင်းတွင် တနင်္ဂနွေနေ့က လေကြောင်းတိုက်ခိုက်မှုများကြောင့် လူ ၁၀၀ နီးပါး သေဆုံးခဲ့ကြောင်း ဗြိတိန်အခြေစိုက် ဆီးရီးယားနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့မှ ထုတ်ဖော်ပြောကြားခဲ့သည်။ အစိုးရအား ဆန့်ကျင်နေသည့် သူပုန်များအား ပစ်မှတ်ထားတိုက်ခိုက်ရာတွင် သူပုန်အများဆုံးရှိရာ Douma ဈေးတစ်ဝိုက်သို့ လေကြောင်းမှ တိုက်ခိုက်ခဲ့သည့်အတွက် အပြစ်မဲ့ပြည်သူများအပါအဝင် ၈၂ ဦး သေဆုံးခဲ့ကာ ၂၅၀ ကျော် ထိခိုက်ဒဏ်ရာရခဲ့သည်ဟု ဆိုသည်။ **(ရိုက်တာ)**

မိုဘိုင်း ပထမမှသည် . . .

ရွှေနွယ်

ယမန်နေ့မှအဆက်

ထို့အပြင် မြန်မာနိုင်ငံ၏ တယ်လီဖုန်းသိပ်သည်းဆ နှစ်စဉ်တိုးတက်လာမှု အခြေအနေကိုလည်း ဇယား (၄) နှင့် ဂရပ် (၃) တို့တွင် ဖော်ပြထားပါသည်။

ဇယား (၄) -မြန်မာနိုင်ငံ၏ တယ်လီဖုန်း သိပ်သည်းဆ နှစ်စဉ်တိုးတက်လာမှု အခြေအနေ

ဘဏ္ဍာရေးနှစ်	နှစ်အလိုက်တယ်လီဖုန်း သိပ်သည်းဆ
၂၀၁၁-၂၀၁၂	၅.၉၀%
၂၀၁၂-၂၀၁၃	၁၀.၉၉%
၂၀၁၃-၂၀၁၄	၁၄.၈၀%
၂၀၁၄-၂၀၁၅	၅၄.၆၄%
၂၀၁၅(မေလ)	၅၇.၃၈%

ဂရပ် (၃) - နှစ်အလိုက်တယ်လီဖုန်းသိပ်သည်းဆ



ဆက်သွယ်ရေးကဏ္ဍတွင် ၂၀၁၀ - ၂၀၁၁ ခုနှစ်က လူတစ်ရာလျှင် တယ်လီဖုန်းသုံးစွဲသူ သုံးဦးမျှပင် မရှိသော အခြေအနေမှ ယခုအခါတွင် လူတစ်ရာလျှင် တယ်လီဖုန်းသုံးစွဲသူ ၅၇ ဦးကျော်ရှိလာသည်အထိ တိုးတက်လာခဲ့ပါသည်။ တစ်နည်းဆိုရလျှင် မြန်မာနိုင်ငံတွင် တယ်လီဖုန်း စတင်ပေါ်ပေါက် အသုံးပြုသည့်အချိန်မှ စ၍ ၂၀၁၀-၂၀၁၁ အချိန် နှစ်ပေါင်း ၁၀၀ ကျော်မျှအထိ လူဦးရေ ၁ ဒသမ ၆ သန်းမျှသာ တယ်လီဖုန်း အသုံးပြုခွင့်ရအောင် ဆောင်ရွက်ပေးနိုင်ခဲ့သော်လည်း နောင်လေးနှစ်ကျော် ကာလအတွင်း လူဦးရေ ၂၈ သန်း ကျော်ကို တယ်လီဖုန်း အသုံးပြုခွင့်ရအောင် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ထိုလေးနှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ၌ ကြီးမားသောအပြောင်းအလဲများ ပေါ်ပေါက်ခဲ့သည်ဟု ဆိုနိုင်ပါသည်။

ယခုခေတ်အခါသမယတွင် သတင်းအချက်အလက် ဆက်သွယ်ရေးနည်းပညာ၏ အခန်းကဏ္ဍမှာ တစ်စထက်တစ်စ ပိုမိုအရေးပါလာပါသည်။ စီးပွားရေး၊ ပညာရေး ၊ ကျန်းမာရေး ၊ ကူးသန်းရောင်းဝယ်ရေး ၊ အုပ်ချုပ်ရေး အစရှိသည့် ကဏ္ဍတိုင်းက သတင်းအချက်အလက်နည်းပညာကို သုံးစွဲနေကြရပါသည်။ ကမ္ဘာပေါ်၌ ဤနည်းပညာနှင့် ကင်းသောနိုင်ငံများ၊ ကင်းသောကဏ္ဍများဟူ၍ မရှိတော့သည်အထိ တွင်ကျယ်လာပါသည်။ ထိုသို့ တွင်ကျယ်လာသည်နှင့်အမျှ ပြည်သူလူထုကလည်း ပို၍ပို၍ သုံးစွဲလာကြပါသည်။ ပြည်သူတို့၏ သတင်းအချက်အလက် နည်းပညာဆိုင်ရာ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် အင်တာနက် Bandwidth ကို နှစ်စဉ် တိုးချဲ့ ပေးခဲ့ရာ ၂၀၁၀ - ၂၀၁၁ ခုနှစ်၌ အင်တာနက် Bandwidth သည် ၃ ဒသမ ၉ ၂ Gbps သာရှိ ခဲ့ရာမှ ၃၀-၆-၂၀၁၅ ရက်နေ့တွင် ၅၅ ဒသမ ၈၂ Gbps အထိ တိုးချဲ့နိုင်ခဲ့ပါသည်။ အင်တာနက် Bandwidth တိုးချဲ့နိုင်မှု အခြေအနေကို ဇယား (၅) ဖြင့် ဖော်ပြပါသည်။

ဇယား (၅) - အင်တာနက် Bandwidth တိုးချဲ့နိုင်မှု အခြေအနေ

ဘဏ္ဍာရေးနှစ်	အင်တာနက် Bandwidth (Gbps)
၂၀၁၀ - ၂၀၁၁	၃.၉၂
၂၀၁၁ - ၂၀၁၂	၃.၇၂
၂၀၁၂ - ၂၀၁၃	၁၃.၃၃
၂၀၁၃ - ၂၀၁၄	၂၆.၇၄
၂၀၁၄ - ၂၀၁၅	၄၂.၃၂
၂၀၁၅ - ဇွန်လကုန်	၅၅.၈၂

မှတ်ချက်။ SE-MEWE 3 ရေအောက်ဖိုင်ဘာဖြင့် နောက်ထပ် 70 Gbps ထပ်ချဲ့ရန် စီစဉ်ထားပါသည်။

တစ်ဖက်က အင်တာနက် Bandwidth တိုးချဲ့ပေးခဲ့သလို အခြားတစ်ဖက်တွင်လည်း မိုဘိုင်းဖုန်းဖြင့် အင်တာနက်အသုံးပြုရန် အခွင့်အလမ်းများ ဖွင့်လှစ်ပေးခဲ့ရာ မြန်မာနိုင်ငံတွင် အင်တာနက်အသုံးပြုသူ ဦးရေမှာလည်း နှစ်စဉ် တိုးတက်များပြားလာခဲ့ပါသည်။ ၂၀၁၀-၂၀၁၁ ခုနှစ်က အင်တာနက် သုံးစွဲသူဦးရေမှာ ၃၈၀၀၀ကျော်လောက်သာရှိခဲ့သော်လည်း ၂၀၁၄ - ၂၀၁၅ ခုနှစ်တွင်မူ အင်တာနက်သုံးစွဲသူဦးရေမှာ ၉ သန်းကျော် အထိရှိလာသဖြင့် အင်တာနက်သုံးစွဲသူဦးရေမှာ Bandwidth တိုးချဲ့မှုထက် အဆပေါင်းများစွာတိုးတက်လာကြောင်းတွေ့ရပါသည်။

အင်တာနက်သုံးစွဲသူ သိသိသာသာ များပြားလာသော ခုနှစ်မှာ ၂၀၁၄ -၂၀၁၅ ခုနှစ် ဖြစ်သည်ကိုလည်း အထက်ပါ ဇယား(၆)နှင့် ဂရပ်(၄)က ဖော်ပြနေပါသည်။ ထိုနှစ်အတွင်း အင်တာနက်သုံးသူ ဦးရေ ၅ သန်းကျော်မျှ တိုးတက်ခဲ့ပါသည်။

နိဂုံး

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေအရ ဆက်သွယ်ရေးကဏ္ဍတွင် ၄၆ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ရန် လျာထားကြောင်း လေ့လာ သိရှိရပါသည်။ ပုံမှန်ဈေးနှုန်းများအရ တစ်မျိုးသားလုံး ထုတ်ကုန် တွင် ဆက်သွယ်ရေးကဏ္ဍ၏ ပါဝင်မှုအချိုးမှာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းက ၄ ဒသမ ၈ ရာခိုင်နှုန်း သာရှိခဲ့သော်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်မူ ပါဝင်မှုအချိုးကို ၆ ဒသမ ၅ ရာခိုင်နှုန်းအထိ တိုးမြှင့်လျာထားခဲ့ကြောင်း တွေ့ရပါသည်။ ၁၉၈၈ - ၁၉၈၉ ဘဏ္ဍာရေးနှစ်တွင် တစ်မျိုးသားလုံးထုတ်ကုန်တွင်

ဇယား (၆) - အင်တာနက်သုံးစွဲသူဦးရေ

ဘဏ္ဍာရေးနှစ်	အင်တာနက် သုံးစွဲသူဦးရေ
၂၀၁၀ - ၂၀၁၁	၃၈,၇၂၀
၂၀၁၁ - ၂၀၁၂	၄၀,၉၁၅
၂၀၁၂ - ၂၀၁၃	၉၃၀,၉၁၃
၂၀၁၃ - ၂၀၁၄	၂,၆၀၀,၂၉၈
၂၀၁၄ - ၂၀၁၅	၈,၁၃၆,၆၆၆
၂၀၁၅ - ဇွန်လအထိ	၉,၃၁၁,၈၅၉

ဂရပ်(၄) - အင်တာနက် သုံးစွဲသူဦးရေ



မှတ်ချက်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ အချက်အလက်များအပေါ် အခြေခံ၍ ပြုစုထားပါသည်။

ဆက်သွယ်ရေးကဏ္ဍ ဝန်ဆောင်မှုတန်ဖိုး၏ ပါဝင်မှုအချိုးအစားမှာ ဝ ဒသမ ၇ ရာခိုင်နှုန်းသာရှိခဲ့ပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဤအချိုးအစားမှာ ၁ ဒသမ ၄ ရာခိုင်နှုန်းသာရှိခဲ့ပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုဖြစ်စဉ်တွင် ဆက်သွယ်ရေးကဏ္ဍ၏ မိုဘိုင်းကဏ္ဍသည် ပထမဆုံး ပြုပြင်ပြောင်းလဲရသော ကဏ္ဍဖြစ်ပါသည်။

တယ်လီဖုန်းဆက်သွယ်ပြောဆိုမှု တစ်ခုပြုလုပ်တိုင်း စီးပွားရေးလုပ်ဆောင်ချက်တစ်ခုကို ဖြစ်စေသည်ဟု စကားပုံတစ်ခုက ဆိုပါသည်။ သုတေသနပြုချက်တစ်ခုအရ တယ်လီဖုန်းခေါ်ဆိုမှုများ၏ တစ်ဝက်မျှသည် အလုပ်အကိုင်အခွင့်အလမ်းကိစ္စ ဆွေးနွေးခြင်း၊ ကုန်စည် ဈေးနှုန်းအကြောင်း သတင်းဖလှယ်ခြင်း၊ မြေအရောင်းအဝယ်ကိစ္စပြောဆိုခြင်း၊ ငွေပေးငွေယူကိစ္စ ညှိနှိုင်းခြင်းနှင့် စီးပွားရေး၊ လူမှုရေးနှင့် အခြားသောကိစ္စများ တိုင်ပင်ခြင်းတို့ ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ယခင်က မိုဘိုင်းဖုန်းသည် အထက်တန်းလွှာများကသာ သုံးစွဲနိုင်ကြသည့် ဇိမ်ခံပစ္စည်း (Luxury Goods) တစ်ခုအဖြစ်ရှိခဲ့သော်လည်း ယခုအခါ လူတိုင်းက နှစ်သက်ရာ ဆက်သွယ်ရေးအော်ပရေတာအား စိတ်ကြိုက်ရွေးချယ်ကာ မိုဘိုင်းဖုန်းကို လွယ်လင့်တကူ ဝယ်ယူသုံးစွဲနေနိုင်ကြပြီဖြစ်၏။ စိတ်ကြိုက် ရွေးချယ်ပိုင်ခွင့်ရှိခြင်းသည် ဒီမိုကရေစီ၏ ပြယုဂ်ဖြစ်ပါသည်။

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာကဏ္ဍတွင် ဝန်ဆောင်မှုအားလုံး စင်းလုံးချောကောင်းနေပါသည်ဟု တထစ်ချပြော၍ မရနိုင်သေးပါ။ ဆက်သွယ်ရေး အော်ပရေတာ သုံးဦးစလုံး ကိုယ်စီကိုယ်ငှ ကောင်းကွက်များ၊ အားနည်းချက်များရှိနေကြပါသည်။

ကမ္ဘာ့ဘဏ်မှ စီးပွားရေးပညာရှင် တစ်ဦးဖြစ်သူ Ms. Qiang ၏ ၂၀၀၉ ခုနှစ်အတွင်းက နိုင်ငံပေါင်း ၁၂၀ ကို လေ့လာချက်အရ မိုဘိုင်းဖုန်းအသုံးပြုမှု ၁၀ ရာခိုင်နှုန်း တိုးတက်လာလျှင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ စီးပွားရေးတိုးတက်မှု ဝ ဒသမ ၈၁ ရာခိုင်နှုန်း ရရှိစေနိုင်သော်လည်း ဖွံ့ဖြိုးပြီးချမ်းသာသောနိုင်ငံများ၌မူ စီးပွားရေးတိုးတက်မှုနှုန်း ဝ ဒသမ ၆၀ ရာခိုင်နှုန်းသာရစေသည်ဟု သုံးသပ်တင်ပြထားပါသည်။

တစ်နည်းဆိုရသော် သတင်းအချက်အလက်နည်းပညာက ဖွံ့ဖြိုးပြီး နိုင်ငံများမှာထက် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စီးပွားရေးတိုးတက်မှုဖွံ့ဖြိုးမှုကို ပိုမိုထိရောက်စွာ ဆောင်ရွက်ပေးနိုင်ပါသည်။

ရောင်းသူနှင့် ဝယ်သူတို့အကြား ပစ္စည်းအကြောင်းနှင့် ဈေးနှုန်းအကြောင်းတို့ကို ဆက်သွယ်ရေးကြောင့် ပိုမိုသိရှိလာကြပါသည်။ ကုန်သွယ်မှုအတွက် သတင်းစီးဆင်း ရေးတွင် ဆက်သွယ်ရေးက အဓိကကျသော မောင်းနှင်အားတစ်ခုဖြစ်လာပါသည်။ နိုင်ငံတကာအကြား တယ်လီဖုန်းဆက်သွယ်ခေါ်ဆိုမှုများကိုကြည့်ကာ ထိုနိုင်ငံများအကြား စီးပွားရေး၊ လူမှုရေး၊ အဆက်အသွယ်များ မည်မျှအထိ များပြားသည်ကို သုံးသပ်နိုင်ပါသည်။ အကြမ်းအားဖြင့် နိုင်ငံ နှစ်နိုင်ငံအကြား တယ်လီဖုန်းဆက်သွယ်မှု များပြား လျှင် ထိုနှစ်နိုင်ငံကြား ကုန်သွယ်မှု အဆက်အသွယ်လည်း များပြားသည်ဟု ဆိုနိုင်၏။

ဆက်သွယ်ရေးသည် ဈေးကွက်ဒီမိုကရေစီ၏ အခြေခံအုတ်မြစ်တစ်ခု ဖြစ်ပါသည်။ ဆက်သွယ်ရေးသည် အချင်းချင်းချိတ်ဆက်မှုအတွက် အခြေခံဖြစ်ပါသည်။ ကျွန်တော်တို့ အချင်းချင်းချိတ်ဆက်မိသောအခါ ကျွန်တော်တို့ ပိုမိုစည်းလုံးကာ သန်မာလာကြပါသည်။ ကျွန်တော်တို့ အချင်းချင်း ချိတ်ဆက်မိသောအခါ ကျွန်တော်တို့ ပိုမိုမြင့်မားစွာ ရောက်ရှိနိုင်ကြပါသည်။ ကျွန်တော်တို့အချင်းချင်း ချိတ်ဆက်မိသောအခါ ပိုမိုကြီးမားသော စိတ်ကူးစိတ်သန်းများ ပေါင်းဆုံလာတတ်ကြပါသည်။ ကျွန်တော်တို့ အချင်းချင်းချိတ်ဆက်မိသောအခါ ကျွန်တော်တို့ စွမ်းပကားများ အဆုံးထိရောက်အောင် ဆောင်ရွက်နိုင်စွမ်းရှိလာကြပါသည်။ ကျွန်တော်တို့ အချင်းချင်း ချိတ်ဆက်မိသောအခါ ကျွန်တော်တို့ တစ်ဦးချင်း၊ တစ်ယောက်ချင်း ခွန်အားများ ပေါင်းစပ်ခြင်း ထက် ပိုမိုကြီးမားသော အင်အားများကို ရရှိစေပါသည်။ ကျွန်တော်တို့အချင်းချင်း ချိတ်ဆက်မိသောအခါ ကျွန်တော်တို့၏ အနာဂတ်များ ပိုမိုစိုပြေတောက်ပလာကြပါသည်။ ကျွန်တော်တို့ အချင်းချင်း ချိတ်ဆက်မိသောအခါ ယခင်က ပိတ်ထားလေ့ရှိသော တံခါးများပွင့်လာတတ်ကြပါသည်။

စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ် ရှိနေသည်ဟု ဆိုပါသည်။ ပိုမိုသန်မာခြင်း၊ ပိုမို မြင့်မားစွာရောက်ရှိခြင်း၊ ပိုမိုကြီးမားသော စိတ်ကူးစိတ်သန်းများ ပေါင်းဆုံခြင်း၊ စွမ်းပကားများ အဆုံးထိရောက်အောင် ဆောင်ရွက်နိုင်စွမ်းရှိခြင်း၊ ပိုမိုကြီးမားသော အင်အားများကိုရရှိခြင်း၊ အနာဂတ်များ ပိုမိုစိုပြည်တောက်ပခြင်း စသည်တို့အတွက် သီချင်းအပုဒ်ပေါင်းများစွာ ရှိလာလိမ့်မည်ဟု ယုံကြည်ပါသည်။ ကျွန်တော်တို့ အချင်းချင်းချိတ်ဆက်မိအောင် ယခင်ကထက် ပိုပြီးကြိုးစားကြရပါဦးမည်။

ရထားလမ်းပေါ် မိုးကာခြုံအိပ်နေသူ ရထားကြိတ်ခံရ

ပြင်ဦးလွင် ဩဂုတ် ၁၇

မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့မောင်းနှင်လာသော အမှတ် ၁၃၁ အဆန် မန္တလေး-လားရှိုးရထားသည် ပြင်ဦးလွင်မြို့အဝင် မိုင်တိုင် ၄၂၂/၂၀-၂၁ အကြား ငါးရံ့ချောင်းကျေးရွာအနီးတွင် ဩဂုတ် ၁၇ရက် နံနက် ၇ နာရီ ၄၅ မိနစ်က လူတစ်ဦးအား ကြိတ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အကြိတ်ခံရသူမှာ ကိုမောင်စိန် (ယာဉ်နောက်လိုက် ကျောက်တောင်ရပ် ရပ်ကွက်ကြီး(၅)တွင် နေထိုင်သူ)ဖြစ်ပြီး ထိုအချိန်က ကိုမောင်စိန်မှာ မီးရထားလမ်းပေါ်တွင် မိုးကာခြုံ၍ အိပ်နေစဉ် ရထားမောင်းသူက ပလတ်စတစ်မိုးကာအထင်ဖြင့် ဖြတ်ကျော်ခုတ်မောင်းသောကြောင့် အကြိတ်ခံရခြင်းဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ ရထားအကြိတ်ခံရသဖြင့် ကိုမောင်စိန်မှာဒဏ်ရာများရရှိခဲ့သဖြင့် ပြင်ဦးလွင်မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူနေရကြောင်း သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

ရခိုင်ပြည်နယ် ကျောင်းများပြုပြင်ရန် အလှူငွေများပေးအပ်

အမ်း ဩဂုတ် ၁၇

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေနှင့်အတူ ဩဂုတ် ၁၅ ရက် ညနေ ၃ နာရီခွဲက အမ်းမြို့နယ် စနဲကျေးရွာ အုပ်စု ခမောင်းချောင်းကျေးရွာနှင့် တလိုင်းတောင်ကျေးရွာသို့ သွားရောက်ပြီး ကျေးရွာရပ်မိ၊ ရပ်ဖ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဖြည့်ဆည်းဆောင်ရွက်မှုနှင့်အတူ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဩဂုတ် ၁၆ ရက် နံနက် ၈ နာရီက အမ်းမြို့ လေယာဉ်ကွင်းရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားသို့ တက်ရောက်ဖွင့်လှစ် ပေးခဲ့သည်။ ယင်းအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်တည်ငြိမ် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေမှုနှင့် ပညာရေးကဏ္ဍအဆင့် တိုးတက်မြင့်မားအောင် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ပြီး သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဒေသဖွံ့ဖြိုးရေးအတွက် လူ့စွမ်းအားအရင်းအမြစ်တိုးတက်စေရန် နည်းပညာလိုအပ်ချက်အပေါ် ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းဆောင်များ ပြုပြင်ရန်အတွက် ထောက်ပံ့ငွေကျပ် သိန်း ၁၀၀ နှင့် ဒုတိယဝန်ကြီးက ကျောင်းငွေပဒေသာပင် စိုက်ထူရန်အတွက် ငွေကျပ်ငါးသိန်းကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နံနက် ၁၀ နာရီတွင် အမ်းမြို့ ရွှေအမ်းတောင်ခန်းမ၌ ကျင်းပသော ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖ ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကော်မတီ(၃)ရပ်နှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။ တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်က ပြည်နယ်အစိုးရအဖွဲ့မှ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုနှင့် ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ပေးမှုများ အပေါ် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် ဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များ ဆက်လက်ဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းပြောကြားခဲ့ကြသည်။ ထို့နောက် မြို့မိမြို့ဖများက ဒေသဆိုင်ရာ လိုအပ်ချက်များ တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် အမ်းမြောက်အုပ်စု၊ ဒိုင်ကြီးကျေးရွာ အမကမူလွန်ကျောင်း၌ ကျေးရွာ ရပ်မိ ရပ်ဖ ဒေသခံပြည်သူများ၊ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဆိုင်ရာ လိုအပ်ချက်များ တင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ကျေးရွာရှိ ပြည်သူများအတွက် ဆိုလာမီးအိမ်အလုံး ၅၀ နှင့် အဖွဲ့ဝင်များက ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရေဘေးသင့်ဒေသများသို့ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပို့ဆောင်

နေပြည်တော် ဩဂုတ် ၁၇

သဘာဝဘေးအန္တရာယ်ကြုံတွေ့နေရသည့် ရေဘေးသင့်ဒေသများရှိ ပြည်သူများထံသို့ ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်နိုင်ရန် ပြည်တွင်းလေကြောင်းလိုင်းများမှ လေယာဉ်များဖြင့် ဆက်လက်ပေးပို့လျက်ရှိသည်။

ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းလေကြောင်းလိုင်းမှ လေယာဉ်များဖြင့် ကယ်ဆယ်ရေးနှင့်ထောက်ပံ့ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိရာ ဩဂုတ် ၁၇ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ ကမ္ဘောဇလေကြောင်းမှ ခေါက်ရေ နှစ်ခေါက်ဖြင့် လုံချည်၊ ဘီစကွတ်၊ ခေါက်ဆွဲခြောက်၊ အဝတ်အထည်၊ ဆန်၊ ငါးသေတ္တာ၊ အိုးခွက်ပစ္စည်းမျိုးစုံ၊ စားစရာမျိုးစုံ၊ နို့မှုန့်များ၊ ဆေးမျိုးစုံ၊ ရေသန့်စက်၊ မိုးရေကာဖျင်(ကြီး)နှင့် ကျောင်းဝတ်စုံများကို လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေလေဆိပ်သို့ မြန်မာအမျိုးသားလေကြောင်းမှ ခေါက်ရေနှစ်ခေါက်ဖြင့် လူသုံးကုန်ပစ္စည်းများကို လည်းကောင်း ပေးပို့လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

အလှူငွေနှင့် ပစ္စည်းများ ကြိုတင်ဆက်သွယ်လှူဒါန်းနိုင်ရန် မေတ္တာရပ်ခံနှိုးဆော်ထား

နေပြည်တော် ဩဂုတ် ၁၇

ရေဘေးသင့်စာသင်ကျောင်းများနှင့် ကျောင်းသား ကျောင်းသူများ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ဩဂုတ် ၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများအနေဖြင့် အလှူငွေနှင့်ပစ္စည်းများစာရင်းကို ဖော်ပြပါပုဂ္ဂိုလ်များထံသို့ ကြိုတင်ဆက်သွယ်အကြောင်းကြားပေးကြရန် ပညာရေးဝန်ကြီးဌာနက မေတ္တာရပ်ခံနှိုးဆော်ထားသည်-

(က) ဦးဇော်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ၊ ဖုန်း-၀၉-၈၃၀၆၇၃၃၊ ၀၆၇-၄၀၇၆၈၄၊
(ခ) ဦးအောင်မြင့်၊ ညွှန်ကြားရေးမှူး(ပညာ)၊ ဖုန်း-၀၉-၅၆၆၁၁၄၈၊ ၀၆၇-၄၀၇၆၉၀၊
(ဂ) ဒေါ်ဝင်းဝင်းမြင့်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉-၄၂၀၁၃၃၁၆၉၊ ၀၆၇-၄၀၇၃၉၂၊
(ဃ) ဒေါက်တာ ဉမ္မာသန်း ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း-၀၉-၅၁၇၉၉၅၀၊ ၀၆၇-၄၀၇၆၉၀။

စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းနိုင်သော အဆောက်အအုံ၊ ပရိဘောဂပစ္စည်း၊ စာရေးကိရိယာ အမျိုးအစားနှင့် ဈေးနှုန်းများမှာ ဖော်ပြပါအတိုင်းဖြစ်ကြောင်း သိရသည်-

အဆောက်အအုံ

(က)	မူလတန်းကျောင်းဆောင်	ပေ(၆၀× ၃၀)	ခြေတံရှည် (၈ပေ)	RC - သိန်း	၄၀၀
(ခ)	မူလတန်းလွန်ကျောင်းဆောင်	ပေ(၉၀ × ၃၀)	ခြေတံရှည် (၈ပေ)	RC - သိန်း	၆၀၀
(ဂ)	အလယ်တန်းကျောင်းဆောင်	ပေ(၁၂၀ × ၃၀)	ခြေတံရှည် (၈ပေ)	RC - သိန်း	၈၀၀

ပရိဘောဂပစ္စည်း

(ဃ)	အထက်တန်း/အလယ်တန်းဆင့်သုံး ပလတ်စတစ်စာရေးစားပွဲနှင့် ထိုင်ခုံ (၁)စုံ	- ၂၆၇၇၅ ကျပ်
(င)	အထက်တန်း/အလယ်တန်းဆင့်သုံး (၄) ယောက်တွဲ သစ်သားစာရေးစားပွဲနှင့် ထိုင်ခုံ (၁)စုံ	- ၄၃၀၀၀ ကျပ်
(စ)	မူလတန်းဆင့်သုံး(၄)ယောက်တွဲ သစ်သားစာရေးစားပွဲနှင့် ထိုင်ခုံ (၁)စုံ	- ၃၈၇၀၀ ကျပ်
(ဆ)	မူလတန်းဆင့်သုံး ပလတ်စတစ် စာရေးစားပွဲနှင့် ထိုင်ခုံ (၁)စုံ	- ၂၃၁၀၀ ကျပ်
(ဇ)	မူလတန်းဆင့်သုံး ပလတ်စတစ်(၂)ယောက်တွဲ စာရေးစားပွဲနှင့်ထိုင်ခုံ(၂)လုံး(၁)စုံ	- ၁၁၅၅၀ ကျပ်

စာရေးကိရိယာ

(ဈ)	ဗလာစာအုပ်	(၁)ဒါဇင်	- ၁၅၀၀ ကျပ်
(ည)	ခဲတံ	(၁)ဒါဇင်	- ၈၅၀ ကျပ်
(ဋ)	ဘောပင်	(၁)ဒါဇင်	- ၁၂၀၀ ကျပ်
(ဌ)	ခဲဖျက်	(၁)ဒါဇင်	- ၅၄၀ ကျပ်
(ဍ)	ချွန်စက်	(၁)ဒါဇင်	- ၈၄၀ ကျပ်

(သတင်းစဉ်)

ကလေးမြို့နယ် ရေကြီးရေလျှံမှုကြောင့် ပျက်စီးသောလယ်မြေများအတွက် အထူးအထွက်တိုး စပ်မျိုးစပါးများဖြန့်ဝေ

ကလေး ဩဂုတ် ၁၇

ကလေးမြို့နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့မှုကြောင့် စိုက်ပျိုးမြေဧကပေါင်း ၆၀၀၀၀ ခန့် ရေလွှမ်းပြီး ၄၆၀၅၉ ဧက ထိခိုက်ကာ ၃၂၈၉၈ ဧက ပျက်စီးခဲ့သည်။

ယခုအခါ ကလေးမြို့နယ်တွင် ရေဘေး ပြန်လည်ထူထောင်ရေးရှေ့တန်းစခန်းလေးနေရာ၌ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ ထိခိုက်ပျက်စီးသွားသော လယ်မြေများတွင် အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ပေးပို့သော GW-1 အထူးအထွက်တိုး စပ်မျိုးစပါး ၇၈၉ ဧကအတွက်နှင့် ရွှေသွယ်ရင် စပ်မျိုးစပါး ၆၃၃ ဧက အတွက် စုစုပေါင်း ၁၄၂၂ ဧကအတွက်ကို ကျေးရွာအုပ်စု ၁၀ စုသို့ ဖြန့်ဝေခဲ့သည်။

ထို့အပြင် တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ ရောက်ရှိလာသော လယ်ထွန်စက်များအနက် ဩဂုတ် ၁၄ ရက်က ရာဇဂြိုဟ်ဆည်အနီးတွင် လယ်ယာမြေများ ပြန်လည်ထွန်ယက်နိုင်ရန် ထွန်စက် ၁၀ စီး၊ ဩဂုတ် ၁၅ ရက်က နတ်မြောင်းကျေးရွာ၌ ကိုးစီး၊ သာစည်ကျေးရွာ၌ သုံးစီး၊ ထိုမာကျေးရွာ၌ ရှစ်စီး၊ ဆည်တော်ဦးကျေးရွာ၌ ငါးစီး၊ ကျောင်းတိုက်ကျေးရွာ၌ ငါးစီး၊ မြို့ပေါ်သန့်ရှင်းရေးအတွက် နှစ်စီး၊ ဆည်တော်ဦးကျေးရွာ သွားလမ်း ရွှံ့နွံများရှင်းလင်းရန် လေးစီးတို့ကို ဖြန့်ခွဲအသုံးပြု ဆောင်ရွက်လျက်ရှိပြီး ကလေးဝမြို့တွင်လည်း လမ်းများ ရှင်းလင်းရန် ထွန်စက်ငါးစီးကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ငဝန်ရေကာတာ ရေစိမ့်ပေါက်နေရာများကို ပြုပြင်လျက်ရှိ

ငါးသိုင်းချောင်း ဩဂုတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ရှိ ငဝန်ရေကာတာ တာမိုင် ၄၆/၆ တွင် ရေစိမ့်ပေါက်ဖြစ်ပေါ်ခဲ့ရာ ရေကြည်မြို့နယ် ဆည်မြောင်းဦးစီးဌာနက တာတမံကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ရေစိမ့်ပေါက်နေရာကို မြေသားခွဲရှာဖွေပြုပြင်ခြင်းနှင့် လိုအပ်သောတာတမံ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဂရုပြုဆောင်ရွက်လျက်ရှိသည်။

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ ယနေ့ မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ ၂၇ ဒသမ ၉၀ ပေသို့ ဆက်လက်ကျဆင်းလျက်ရှိကြောင်း၊ တာတမံကြံ့ခိုင်မှုကောင်းမွန်ရန် ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးမင်းဦး(ပြန်/ဆက်)

ပလက်ဝမြို့နယ် သဘာဝဘေးသင့်ပြည်သူများအား ဆက်သွယ်လှူဒါန်းနိုင်

ပလက်ဝ ဩဂုတ် ၁၇

ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း နိုင်ငံတစ်ဝန်း ရေကြီး ရေလျှံမှု၊ မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ ပလက်ဝမြို့နယ်သည်လည်း အဆိုပါ သဘာဝဘေးအန္တရာယ်ကို ခံစားခဲ့ရသည့် မြို့နယ်ဖြစ်သည်။ ယခုအခါ မြို့နယ်အတွင်းမှ သဘာဝဘေးအန္တရာယ် ထိခိုက်ခံစားရသူများအတွက် စေတနာရှင် အလှူရှင်များက အလှူငွေနှင့်ပစ္စည်းများ ဆက်သွယ် လှူဒါန်းနိုင်ရန် ပလက်ဝမြို့နယ် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေး အကျိုးဆောင်အဖွဲ့ကို နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ စာရင်းကိုင်၊ ဘဏ္ဍာရေးမှူး စသည်တို့ပါဝင်သည့် ကော်မတီဝင် ကိုးဦးဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးအကျိုးဆောင်အဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်တွင်းပြည်ပမှ စေတနာရှင် အလှူရှင်များ ဆက်သွယ်လှူဒါန်းနိုင်ရန် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကီမိုခန်းမ၌ အလှူခံဌာနများ ဖွင့်လှစ်၍ လှူဒါန်းမှုများကို လက်ခံလျက်ရှိရာ ဩဂုတ် ၁၄ ရက်က ပလက်ဝမြို့နယ် ဗုဒ္ဓဘာသာကလျာဏအသင်း (ရန်ကုန်)နှင့် နိုင်ငံခြားအလှူရှင် လေးဦးတို့က လှူဒါန်းသည့် အလှူငွေကျပ် ၈၆၅၀၀၀ ကို တာမွေ မြန်မာ့စီးပွားရေးဘဏ်မှ လွှဲပို့ ဆက်သွယ်လှူဒါန်းခဲ့ကြောင်း သိရသည်။

စေတနာရှင်ပြည်သူများနှင့် အဝေးရောက်မြို့နယ်သူ မြို့နယ်သားများမှ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအနေဖြင့်ဖြစ်စေ အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက ဦးထွန်းအေး ဖုန်း-၀၉-၄၉၂၆၂၈၉၊ ဖာသာထွန်းခိုင် ၀၉-၄၇၀၉၇၅၉၈၊ ဦးဦးထွန်း ဖုန်း-၀၉-၇၃၂၂၁၃၀၃ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

မောင်မောင်ကျော်(ပလက်ဝ)

တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

နေပြည်တော် ဩဂုတ် ၁၇

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ဩဂုတ် ၁၈ ရက်တွင် ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်ကြောင်း၊ ရွာရန်ရာနှုန်းပြည့် ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရေလွှမ်းမိုးမှုမတိုင်မီ မိုးလေဝသ သတင်းကို အမြဲမပြတ် နားထောင်ပါ

၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ၁၇ ရက်နေ့အထိ တိုင်းဒေသကြီး/ ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၁၇

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ရက်မှ ဩဂုတ် ၁၇ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ထောင်စု ၄၀၀၀၁၂ စုမှ လူဦးရေ ၁၅၅၆၉၃၉ ဦး ရေဘေးသင့်ခဲ့ပြီး ၁၁၇ ဦးသေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆန်ရိက္ခာတန်ဖိုးငွေကျပ် ၉၃၈၅၇၆၅၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၁၅၂၄၄၂၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၁၅၀၈၅၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေကျပ် ၃၂၂၂၇၃၃၇၄ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၉၃၀၀၀၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၅၉၀၁၅၂၅၂၇၄ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ
၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၁၇- ၈ -၂၀၁၅)

စဉ်	ဘေးဖြစ်ပွားသည့် တိုင်းဒေသကြီး/ပြည်နယ်	ဘေးသင့်အိမ်ထောင်စု		ဘေးသင့် လူဦးရေ	သေဆုံး	ထောက်ပံ့မှု(ကျပ်)						မှတ်ချက်
		မျောပါ/ ပျက်စီး	ပြောင်းရွှေ့			ဆန်ရိက္ခာ	အရေးပေါ် အစားအစာ	အိမ်ဆောက် ပစ္စည်း	ကဆရ ပစ္စည်း	သေဆုံး	စုစုပေါင်း	
ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ												
၁	ရခိုင်ပြည်နယ်	၃၈၉	၁၈၆၇	၁၃၅၄၂	၆	၂၈၃၅၀၀၀	၂၈၃၅၈၄၀	၄၀၃၀၀၀၀၀	၁၃၆၉၉၆၁၄	၆၀၀၀၀၀	၆၀၂၄၀၄၅၄	
၂	တနင်္သာရီ	-	၅၆	၂၆၄	-	၁၇၄၆၀၀	-	-	၄၅၅၂၈၀	-	၆၂၉၈၈၀	
၃	ကရင်	-	၇၂	၃၈၉	-	-	၉၅၆၉၄၀	-	-	-	၉၅၆၉၄၀	
၄	ဧရာဝတီ	၄	၁၄၉	၇၁၆	၁	၅၃၇၇၅၀	-	-	၁၂၉၉၆၃၄	၁၀၀၀၀၀	၁၉၃၇၃၈၄	
၅	ပဲခူး	၁၂	၂	-	-	-	-	-	၂၈၁၀၅၂	-	၂၈၁၀၅၂	
	ပေါင်း	၄၀၅	၂၁၄၆	၁၄၉၁၁	၇	၃၅၄၇၃၅၀	၃၇၉၂၇၈၀	၄၀၃၀၀၀၀၀	၁၅၇၀၅၅၈၀	၇၀၀၀၀၀	၆၄၀၄၅၇၁၀	
ဇူလိုင်လ ၁၆ ရက်နေ့မှ ဩဂုတ်လ ၁၇ ရက်နေ့အထိ												
၁	စစ်ကိုင်းတိုင်းဒေသကြီး	၁၅၆၁	၆၅၆၈၃	၃၅၄၀၉၂	၁၉	၃၉၈၇၃၁၅၀	-	၁၇၅၀၀၀၀	၅၅၂၇၄၀၆၀	၁၃၀၀၀၀၀	၉၈၁၉၇၂၁၀	
၂	ကချင်ပြည်နယ်	၅၀	၁၁၄၅	၆၂၁၉	၁	၁၂၉၅၀၃၀၀	-	၂၅၀၀၀၀၀	၂၉၁၀၅၄၀	၁၀၀၀၀၀	၁၈၄၆၀၈၄၀	
၃	ရှမ်းပြည်နယ်	၁၂၇	၁၄၈၆	၇၆၁၁	၉	၈၉၁၀၀	-	၁၀၀၀၀၀၀	၅၀၉၉၇၂၂	၅၀၀၀၀၀	၆၆၈၈၈၂၂	
၄	မန္တလေးတိုင်းဒေသကြီး	၁၈၈	၃၇၅၅	၁၅၆၁၂	၁၂	၉၄၃၆၅၀၀	-	၄၉၀၀၀၀၀	၃၀၅၂၅၆၁၀	၁၁၀၀၀၀၀	၄၅၉၆၂၁၁၀	
၅	ချင်းပြည်နယ်	၂၄၂၃	၂၆၅၄	၁၃၀၈၇	၅	-	-	-	၄၈၅၄၆၈	၁၀၀၀၀၀	၅၈၅၄၆၈	
၆	ရခိုင်ပြည်နယ်	၁၀၄၈၅	၁၆၇၂၈	၉၈၀၂၆	၅၆	-	-	-	၇၀၄၀၃၆၉၄	၅၅၀၀၀၀၀	၇၅၉၀၃၆၉၄	
၇	ကရင်ပြည်နယ်	-	၁၃၉၉	၇၃၂၅	-	၆၅၂၄၄၀၀	၇၂၉၃၄၅၀	-	-	-	၁၃၈၁၇၈၅၀	
၈	မွန်ပြည်နယ်	-	၁၅၁၅	၆၆၃၂	-	-	၄၁၅၈၀၀၀	-	၂၃၄၉၅၇၀	-	၆၅၀၇၅၇၀	
၉	ပဲခူးတိုင်းဒေသကြီး	၂၁၅	၈၇၉၅၅	၁၇၇၃၁၅	၂	-	-	-	၃၀၄၁၂၃၂၀	-	၃၀၄၁၂၃၂၀	
၁၀	မကွေးတိုင်းဒေသကြီး	၄၆၄	၆၃၂၂၃	၃၀၈၀၄၆	၂	၅၇၆၀၀၀၀	-	၁၀၀၀၀၀၀၀၀	၅၇၃၅၂၆၅၀	-	၁၆၃၁၁၂၆၅၀	
၁၁	ဧရာဝတီတိုင်းဒေသကြီး	၃၄၇	၁၁၉၈၆၉	၄၈၄၇၉၂	၃	၁၅၆၆၀၂၀၀	-	၄၀၀၀၀၀	၄၁၂၀၁၄၂၀	-	၅၇၂၆၁၆၂၀	
၁၂	ရန်ကုန်တိုင်းဒေသကြီး	၂၇	၁၆၁၆၂	၆၃၂၇၁	၁	၁၆၆၅၀	-	-	၁၀၅၅၂၇၄၀	-	၁၀၅၆၉၃၉၀	
	စုစုပေါင်း	၁၅၈၈၇	၃၈၁၅၇၄	၁၅၄၁၀၂၈	၁၁၀	၉၀၃၁၀၃၀၀	၁၁၄၅၁၄၅၀	၁၁၀၅၅၀၀၀၀	၃၀၆၅၆၇၇၉၄	၈၆၀၀၀၀၀	၅၂၇၄၇၉၅၄၄	
	ဇွန်၊ဇူလိုင်၊ဩဂုတ်လ စုစုပေါင်း	၁၆၂၉၂	၃၈၃၇၂၀	၁၅၅၆၉၃၉	၁၁၇	၉၃၈၅၇၆၅၀	၁၅၂၄၄၂၃၀	၁၅၀၈၅၀၀၀၀	၃၂၂၂၇၃၃၇၄	၉၃၀၀၀၀၀	၅၉၀၁၅၂၅၂၇၄	

ရေဘေးသင့်ပြည်သူများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်မှ လှူဒါန်းသော ဆန်အိတ်များကို ပဲခူးမြို့သို့ ရထားဖြင့်ပို့ဆောင်

နေပြည်တော် ဩဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီးရှိ ရေဘေးသင့်ပြည်သူများကို ထောက်ပံ့ကူညီရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အစိုးရက လှူဒါန်းသည့် ၂၅ ကီလိုဂရမ်ဆန်အိတ် ၂၀၀၀၊ တန် ၅၀ ခန့်ကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ ပို့ဆောင်ရေးနှင့် လမ်းကြောင်းရှင်းလင်းရေး ဆပ်ကော်မတီ၏ အစီအစဉ်ဖြင့် မန္တလေးမြို့ မြို့ဟောင်းဘူတာမှ ရထားဖြင့်ပို့ဆောင်ခဲ့ရာ ဩဂုတ် ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲက ပဲခူးမြို့သို့ ရောက်ရှိခဲ့ပြီး အဆိုပါထောက်ပံ့ပစ္စည်းများကို ပဲခူးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေး ကြီးကြပ်ညှိနှိုင်းမှုဌာန)ကဦးဆောင်၍ နီဆန်းထရပ် ၂၂ ဘီးယာဉ်သုံးစီးဖြင့် ပဲခူးမြို့ သာသနာ့ဗိမာန်သို့ ပို့ဆောင်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး ဆက်လက် အစိုးရအဖွဲ့အစီအစဉ်ဖြင့် ရေဘေးသင့်ဒေသများသို့ ခွဲဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဘိမ်းမြို့နယ်မှ အလှူရှင်များက ပစ္စည်းများလှူဒါန်း

မဘိမ်း ဩဂုတ် ၁၇

ရှမ်းပြည်နယ် မိုးမိတ်ခရိုင် မဘိမ်းမြို့နယ် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ မဘိမ်းမြို့ ပန်းစကားလူမှုကူညီရေးအသင်းနှင့် နမ့်ပုံးပုံးရပ်ကွက်ရှိ ပါရမီရှင် လူမှုကူညီရေးအသင်းတို့ ပူးပေါင်း၍ မြန်မာနိုင်ငံတစ်ဝန်းရှိ သဘာဝဘေး အန္တရာယ်ကျရောက်သည့် ဒေသများမှ ပြည်သူများအတွက် လှူဒါန်းသည့် အလှူငွေများ၊ အဝတ်အထည်များနှင့် ထောက်ပံ့ပစ္စည်းများ လှူဒါန်းပွဲကို ဩဂုတ် ၁၇ ရက်က နမ့်ပုံးပုံးရပ်ကွက် ဘုန်းကြီးကျောင်း၌ လှူဒါန်းကြောင်း သိရသည်။

မဘိမ်းမြို့နယ်ရှိ စေတနာရှင် အလှူရှင်များက မြို့နယ်အတွင်း ရေဝင်နစ်မြုပ်မှုကြောင့် လယ်စိုက်ဧက ၁၃၀ ပျက်စီးမှုအတွက် တောင်သူများကို လှူဒါန်းငွေကျပ် ၁၉၅၀၀၀၀ နှင့် သဘာဝဘေး အန္တရာယ်ကျရောက်သည့် ဒေသများရှိ ပြည်သူများအတွက် ဆန်(တစ်တင်းခွဲဆံ့) ၄၅ အိတ်၊ အဝတ်အထည် ပစ္စည်းမျိုးစုံ ၄၇ အိတ်၊ အဝတ်အထည် ၂၅ အိတ်နှင့် ငွေသားအလှူငွေကျပ် ၃၆၁၄၄၅၀ တို့ကို မန္တလေးတိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနရုံးသို့လည်းကောင်း၊ နမ့်ပုံးပုံးပါရမီရှင် လူမှုကူညီရေးအသင်းက မကွေးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ် ၁၀ သိန်းကို လှူဒါန်းပြီး မဘိမ်းမြို့နယ်ရှိ စေတနာရှင်ပြည်သူများက သဘာဝဘေး အန္တရာယ်ကျရောက်သည့် ပြည်သူများအတွက် ဆန် ၄၅ အိတ်၊ အဝတ်အထည်နှင့် ပစ္စည်းမျိုးစုံ ၄၇ အိတ်၊ အဝတ်အထည် ၂၅ အိတ်နှင့် အလှူငွေကျပ် ၅၅၆၄၄၅၀ ဖြစ်ကြောင်း သိရသည်။ (ဇင်)

ဇလွန်မြို့၌ ဧရာဝတီမြစ်ရေ ကျဆင်း၍ လျှပ်စစ်ဓာတ်အားလိုင်းနှင့် အိမ်သုံးမီတာများ ပြန်လည်တပ်ဆင်

ဇလွန် ဩဂုတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့၌ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် ၃၈ ဒသမ ၄ အထက်သို့ ကျော်လွန်ခဲ့ရာ ကမ်းနားရပ်ကွက်နေအိမ်များရှိ လျှပ်စစ်မီးလိုင်းများနှင့်အိမ်သုံးမီတာများကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရန် တာဝန်ရှိသူများက ဖြုတ်သိမ်းခဲ့သည်။

ယခုအခါ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းသွားသဖြင့် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဖြုတ်သိမ်းထားသော အိမ်သုံးမီတာများကို ဩဂုတ် ၁၅ ရက်ကစ၍ ပြန်လည်တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။
ငွေသန်း

ကချင်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၇

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ဩဂုတ် ၁၈ ရက်တွင် ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

ရေကြီးနစ်မြုပ်ခဲ့သည့် ကျေးရွာများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

ကြံခင်း ဩဂုတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကဇင်းကြီးအုပ်စု သမ္ဘရာအင်းကြီးကျေးရွာနှင့် မဲကုန်းအုပ်စု အုတ်ပုံကွင်း၊ ကမ်းနားနှင့် မြေနီကုန်းကျေးရွာများသို့ ကြံခင်းမြို့နယ် ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ ဩဂုတ် ၁၆ ရက်က သွားရောက်၍ ကျေးရွာနေပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထို့အပြင် ဖြိုးစည်သူကုမ္ပဏီနှင့် ရန်ကုန်မြို့ တိရစ္ဆာန်ချစ်သူများအသင်းတို့ ပူးပေါင်း၍ ကျွဲ၊ နွားများ ကာကွယ်ဆေးထိုးပေးခဲ့ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးခြင်းအပြင် ရေကျချိန်တွင်ဖြစ်ပွားတတ်သော ရောဂါများနှင့် ဆောင်ရန် ရှောင်ရန်ကျန်းမာရေးအသိပညာ ဗဟုသုတများကို ရှင်းလင်းဆွေးနွေး ဟောပြောခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကြံခင်းမြို့နယ် သမ္ဘရာအင်းကြီးကျေးရွာမှလူနာ ၅၄ ဦးကို ဆေးဝါးကုသပေးပြီး နွား ၈၃ ကောင်ကိုလည်း ကာကွယ်ဆေးထိုးပေးခဲ့ကြောင်း၊ ကြံခင်းမြို့နယ် မဲကုန်းအုပ်စုမှ အုတ်ပုံကွင်း၊ ကမ်းနားနှင့် မြေနီကုန်းကျေးရွာသုံးရွာမှ လူနာ ၇၁ ဦးကို ဆေးဝါးကုသပေးပြီး နွား ၇၅ ကောင်ကိုလည်း ကာကွယ်ဆေးထိုးပေးခဲ့ကြောင်း သိရသည်။

ဝင်းမိုလ်(ပြန်/ဆက်)

ငါးသိုင်းချောင်းမြို့နယ်တွင် ရေကျသော်လည်း စိုးရိမ်ရေမှတ် ကျော်လွန်နေသေး

နေပြည်တော် ဩဂုတ် ၁၇

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ငါးသိုင်းချောင်းမြို့နယ်၏ ဝေန်မြစ် စိုးရိမ်ရေမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ်ကျော်လွန်မြင့်တက်ခဲ့ရာမှ ဩဂုတ် ၈ ရက်မှစ၍ နေ့စဉ် လျော့နည်းကျဆင်းလျက်ရှိသော်လည်း သတ်မှတ်စိုးရိမ်ရေမှတ်အထက်တွင် ရှိနေသေးကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရှိရသည်။

(သတင်းစဉ်)



ကန်ကြီးထောင့်မြို့နယ်တွင် ဒါးကမြစ်ရေ စိုးရိမ်ရေမှတ်အောက်ကျဆင်း

ကန်ကြီးထောင့် ဩဂုတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ဩဂုတ် ၉ ရက်က စိုးရိမ်ရေမှတ် ၁၆ ပေသို့ ရောက်ရှိကျော်လွန်ခဲ့ပြီး အဆိုပါမြစ်ရေသည် ဩဂုတ် ၁၇ ရက်တွင် စိုးရိမ်ရေမှတ်အောက် ၁၅ ပေ ၄ လက်မသို့ ပြန်လည်ကျဆင်းသွားခဲ့ကြောင်း သတင်းရရှိသည်။

(မြို့နယ် ပြန်/ဆက်)

ရေကျသွားသော လယ်မြေများ၌ စပါးများ ပြန်လည်စိုက်ပျိုး

ကလေး ဩဂုတ် ၁၇

ကလေးမြို့နယ်တွင် ရေကြီးရေလျှံဖြစ်ပွားခဲ့မှုကြောင့် စိုက်ပျိုးမြေဧကပေါင်း ၆၀၀၀၀ ခန့် ရေလွှမ်းခံရပြီး ဧက ၃၀၀၀၀ ခန့် ထိခိုက်ပျက်စီးခဲ့ရာ ဩဂုတ် ၃ ရက်မှစ၍ ရေကျသွားပြီဖြစ်ရာ ရေလွှမ်းခံခဲ့ရသော လယ်ယာမြေများအနက် ပြန်လည်စိုက်ပျိုးနိုင်သော လယ်ယာများတွင် စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရသည်။

(မြို့နယ် ပြန်/ဆက်)

စဉ့်ကူးမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျရေများ စီးဆင်း

စဉ့်ကူး ဩဂုတ် ၁၇

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်အတွင်း ဩဂုတ် ၁၄ ရက် နံနက် ၈နာရီမှ ညနေ ၆ နာရီအထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် စဉ့်ကူးမြို့နယ် နတ်တောင်ကျေးရွာအုပ်စု ဝါးပိုးကျေးရွာ ပါပေါ(အတွင်း)ရွာနှင့် ပါပေါ(အပြင်)ရွာတို့တွင် တောင်ကျချောင်းရေမှာ ပျမ်းမျှလေးပေမှ ခြောက်ပေခန့် အမြင့်ရှိခဲ့ပြီး ရေစီးသန်မှုကြောင့် ချောင်းရိုးတစ်လျှောက်ရှိ လူနေအိမ်များ မျောပါပျက်စီးခဲ့သည်။

အဆိုပါကျေးရွာများသည် စဉ့်ကူးမြို့နယ်နှင့် အလှမ်းဝေးပြီး တယ်လီဖုန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ရွှေသတ္တုတူးဖော်ရေးကုမ္ပဏီများမှ ဆောက်လုပ်ထားသော ယာယီလမ်းမှသွားလာရခြင်းနှင့် တောင်ကျရေများနေခြင်းတို့ကြောင့် ဩဂုတ် ၁၅ရက် နံနက် ၈ နာရီမှ မြို့နယ်တာဝန်ရှိသူများက ဝါးပိုးရွာ၊ ပါပေါ(အတွင်း)ရွာနှင့် ပါပေါ(အပြင်)ရွာများသို့ သွားရောက်ပြီး ရေဘေးသင့်အိမ်ထောင်စုများအား ရေဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့ပေးပြီး လိုအပ်သည်များ ကူညီထောက်ပံ့ခြင်းများ ပြုလုပ်ပေးခဲ့သည်။

ယင်းဖြစ်စဉ်တွင် လူ၊ ကျွဲ၊ နွားတိရစ္ဆာန်များ ထိခိုက်သေဆုံးမှုများမရှိကြောင်း၊ ယခုအခါ တောင်ကျရေများ ကျဆင်းသွားပြီဖြစ်၍ ရေဘေးသင့်ပြည်သူများ နေထိုင်စားသောက်ရေးအတွက် ရွှေသတ္တုတွင်းကုမ္ပဏီများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးလျက်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဇလွန်မြို့၌ ဧရာဝတီမြစ်ရေကျဆင်း၍ လျှပ်စစ်ဓာတ်အားလိုင်းနှင့် အိမ်သုံးမီတာများ ပြန်လည်တပ်ဆင်

ဇလွန် ဩဂုတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့တွင် ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် ၃၈ ဒသမ ၄ အထက်သို့ ကျော်လွန်ခဲ့ရာ ကမ်းနားရပ်ကွက်နေအိမ်များရှိ လျှပ်စစ်မီးလိုင်းများနှင့် အိမ်သုံးမီတာများကို လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရန် တာဝန်ရှိသူများက ဖြုတ်သိမ်းခဲ့သည်။

ယခုအခါ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်အောက်သို့ ကျဆင်းသွားသဖြင့် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဖြုတ်သိမ်းထားသော အိမ်သုံးမီတာများကို ဩဂုတ် ၁၅ ရက်မှစ၍ ပြန်လည်တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။

ငွေသန်း

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုစာရင်း

၂၀၁၅ ခုနှစ် ဩဂုတ် ၁၇ ရက်

စဉ်	တိုင်းဒေသကြီး/ပြည်နယ်	သီးနှံစုစုပေါင်း(ဧက)				
		ရေမြုပ်	ရေပြန်ပေါ်	ထိခိုက်	ပျက်စီး	ပြန်စိုက်
၁။	နေပြည်တော်	၂၃	၂၃	-	-	-
၂။	ကချင်ပြည်နယ်	၃၂၁၂၇	၂၇၅၉၉	၁၅၆၆၃	၁၂၇၉၁	၅၀၇၇
၃။	ကယားပြည်နယ်	၁၄၆	၁၄၆	၁၀၄	၆၇	-
၄။	ကရင်ပြည်နယ်	၁၁၆၂	၁၁၆၂	၆၄၈	၁၀၆	၇၄
၅။	ချင်းပြည်နယ်	၅၀၃၁	၅၀၃၁	၅၀၃၁	၂၉၀၉	-
၆။	စစ်ကိုင်းတိုင်းဒေသကြီး	၁၈၇၈၅၆	၁၇၅၉၉၀	၁၄၂၁၃၁	၁၁၁၈၄၀	၂၀၅၆၂
၇။	ပဲခူးတိုင်းဒေသကြီး	၃၇၅၉၂၅	၃၇၅၉၂၅	၂၂၉၅၄၇	၁၅၂၄၀၅	၆၁၃
၈။	မကွေးတိုင်းဒေသကြီး	၉၆၈၄၆	၉၁၀၇၉	၉၆၈၄၆	၆၅၈၅၈	၄၈၂၃
၉။	မန္တလေးတိုင်းဒေသကြီး	၃၅၈၃	၃၅၀၃	၂၆၂	၂၈	၅
၁၀။	မွန်ပြည်နယ်	၁၃၀၁၀	၁၃၀၁၀	၂၂၉၄	-	-
၁၁။	ရခိုင်ပြည်နယ်	၂၉၁၂၁၉	၂၉၁၂၁၉	၂၇၃၁၅၄	၂၁၇၂၄၆	၁၄၂၃၈၇
၁၂။	ရန်ကုန်တိုင်းဒေသကြီး	၁၀၄၃၆၃	၅၂၂၁၈	၆၅၆၃၈	၇၉၆၈	၃၄၅
၁၃။	ရှမ်းပြည်နယ်	၁၃၀၈၂	၁၃၀၂၅	၃၅၈၀	၂၃၃၀	၂၀၅
၁၄။	ဧရာဝတီတိုင်းဒေသကြီး	၃၀၉၈၂၀	၁၁၂၁၆၈	၉၅၆၈၁	၆၈၉၇၅	၄၈၆၁
	စုစုပေါင်း	၁၄၃၄၁၉၃	၁၁၆၂၀၉၈	၉၃၀၅၇၉	၆၄၂၅၂၃	၁၇၈၉၅၂

ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၇

မြန်မာနိုင်ငံတစ်ဝန်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၄၀ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

စဉ်	ဆည်အမည်	ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ)	ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ)
၁။	မုန်းချောင်းရေလှောင်တမံ	၆၇၄၄၀၇	၄. ၃၀'
၂။	ကြီးအုံကြီးဝရေလှောင်တမံ	၃၁၉၇၀၀	၄. ၇၀'
၃။	ပေါင်းလောင်းရေလှောင်တမံ	၅၄၉၄၂၀	၂. ၀၇'
၄။	ရေဘုတ်ရေလှောင်တမံ	၂၈၄၇၄	၂. ၀၀'
၅။	လိုင်ဗားရေလှောင်တမံ	၁၉၅၄	၀. ၃၀'
၆။	ကင်းတပ်ရေထိန်းတမံ	၃၈၂၉၅	၅. ၅၀'
၇။	လင်ပန်းရေလှောင်တမံ	၁၀၁၈၀	၁. ၁၀'
၈။	ကိုးပင်ကန်	၉၇၆၄	၀. ၇၀'
၉။	ရာဇဂြိုဟ်ရေလှောင်တမံ	၅၂၀၀၀	၁. ၇၀'
၁၀။	မင်းမြင်ရေလှောင်တမံ	၁၉၀၁၀	၀. ၄၀'
၁၁။	သိန်ရင်ရေလှောင်တမံ	၂၅၂၆၀	၁. ၉၀'
၁၂။	ကျေးပင်အက်ရေလှောင်တမံ	၄၄၀၀၀	၀. ၉၀'
၁၃။	မြောက်ယမားရေလှောင်တမံ	၁၄၀၅၇	၂. ၅၀'
၁၄။	မြောက်ယမားရေကူရေလှောင်တမံ	၁၂၂၉၀၀	၂. ၃၀'
၁၅။	ဆွာချောင်းရေလှောင်တမံ	၂၁၆၃၅၀	၂. ၂၀'
၁၆။	ပသိရေလှောင်တမံ	၃၀၅၀၀	၁. ၅၀'
၁၇။	မင်းရဲချောင်းရေလှောင်တမံ	၂၃၅၀	၀. ၆၀'
၁၈။	ငမြွေရေလှောင်တမံ	၂၃၈၀	၀. ၃၀'
၁၉။	ဘောနီရေလှောင်တမံ	၃၅၂၀၀	၀. ၇၀'
၂၀။	ပျဉ်ပုံကြီးရေလှောင်တမံ	၁၁၁၃၀	၁. ၅၀'
၂၁။	မဇင်းရေလှောင်တမံ	၂၆၁၈၆	၁. ၁၀'
၂၂။	ဇလက်ထော်ရေလှောင်တမံ	၁၈၉၁၂	၁. ၁၀'
၂၃။	ရွှေပြည်(၃)ရေလှောင်တမံ	၃၇၀၀	၀. ၁၀'
၂၄။	တောင်နဝင်းရေထိန်းတမံ	၂၁၁၉၆	၁. ၄၈'
၂၅။	စဉ့်ကူးချောင်းဂေါင်းရေလှောင်တမံ	၂၂၂၉	၀. ၃၀'
၂၆။	ညောင်ကိုင်းရေလှောင်တမံ	၁၇၅၉၄	၀. ၈၀'
၂၇။	သဲကောရေလှောင်တမံ	၅၂၅၀၀	၀. ၈၀'
၂၈။	တောင်ညိုရေလှောင်တမံ	၂၁၀၀၀၀	၁. ၈၀'
၂၉။	ဘော်ဘင်ရေလှောင်တမံ (၁)	၉၇၆၄၆	၀. ၂၀'
၃၀။	ဘော်ဘင်ရေလှောင်တမံ (၂)	၂၆၅၀၈	၀. ၃၀'
၃၁။	စလင်းရေလှောင်တမံ	၁၃၃၀၀၀	၀. ၈၀'
၃၂။	မန်းရေလှောင်တမံ	၁၂၀၀၀၀	၀. ၆၀'
၃၃။	မာလဲနတ်တောင်ရေလှောင်တမံ	၅၀၉၇၀	၂. ၁၀'
၃၄။	ဆင်လမ်းရေလှောင်တမံ	၆၈၄၆	၀. ၂၀'
၃၅။	ရှောက်ချောင်းရေလှောင်တမံ	၁၁၄၀	၀. ၆၀'
၃၆။	ငမိုးရိပ်ရေလှောင်တမံ	၁၈၀၀၀၀	၁. ၄၀'
၃၇။	ဘန့်ဘွေးကုန်းရေလှောင်တမံ	၁၇၃၅	၀. ၆၅'
၃၈။	ဇာမဏီအင်းရေလှောင်တမံ	၅၃၆၄	၀. ၅၂'
၃၉။	ကွန်ချောင်းရေလှောင်တမံ	၉၈၄၀၀	၀. ၁၀'
၄၀။	ကညင်ရေလှောင်တမံ	၁၄၅၀၀၀	၀. ၆၀'

(သတင်းစဉ်)

ရေဘေးသင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၇

ကျန်းမာရေးဝန်ကြီးဌာနသည် မိုးရွာသွန်းမှုကြောင့် ရေလွှမ်းခံခဲ့ရသည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ခြင်း၊ ဆေးနှင့် ပစ္စည်းများ ထောက်ပံ့ပို့ဆောင်ခြင်း၊ အရေးပေါ်တုံ့ပြန်မှုဗဟိုဌာနဖွင့်လှစ်၍ ကြီးကြပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ပြည်သူ့ကျန်းမာရေး ဦးစီးဌာန အနေဖြင့် ချင်းပြည်နယ် ဟားခါးမြို့ပေါ်ရှိ ယာယီကယ်ဆယ်ရေးစခန်းများတွင် ဆေးကုသပေးနေမှုများကို ကြီးကြပ်ခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ကူးစက်ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ကင်မွန်းခြံရွာနှင့် အူဒူကျေးရွာများတွင် ဆေးကုသပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ကူးစက်ရောဂါစောင့်ကြည့်ခြင်း လုပ်ငန်းများကို လည်းကောင်း၊ ကလေးမြို့ပေါ်ရှိ ယာယီကယ်ဆယ်ရေးစခန်းများတွင် ရွှေ့လျားဆေးခန်းဖွင့်လှစ်၍ ဆေးကုသပေးခြင်း၊ ကျောက်ကာကျေးရွာ၊ ပြဉ်တော်ဦးကျေးရွာများတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ရောဂါကာကွယ်တားဆီး စောင့်ကြပ်ကြည့်ရှုခြင်း၊ ရေတွင်း၊ ရေကန်များကို ကလိုရင်းဆေးခတ်ခြင်း၊ အခြား ပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ခြင်း၊ စာသင်ကျောင်းများ၌ ခြင်ဆေးမှုတ်ခြင်း၊ ဖုံး၊ သွန်လဲ၊ စစ် စသည့် ပိုးလောက်လမ်းနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို လည်းကောင်း ကွင်းဆင်း ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ကယ်ဆယ်ရေးစခန်းများ နှင့် ရပ်ကွက်၊ ကျေးရွာများတွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ရောဂါကာကွယ်တားဆီး စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ၊ ရေတွင်း၊ ရေကန်များကို ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်းများ နှင့်အခြားပြည်သူ့ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေပြန်ကျသွားသော ရပ်ကွက်နှင့် ကျေးရွာများတွင် ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းများ၊ ပျက်စီးသွားသော ယင်လုံအိမ်သာများ ပြုပြင်တည်ဆောက်သုံးစွဲခြင်း လုပ်ငန်းများ၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးအတွက် ပိုးလောက်လမ်းနှင့်ခြင်နှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်ခြင်းကို လည်းကောင်း၊ ရွှေတောင်မြို့နယ်တွင် Bleaching Powder ပုံးများ ဖြန့်ဖြူးမှုနှင့် သုံးစွဲမှု အခြေအနေများကို ဆန်းစစ်ခြင်း၊ ကူးစက်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ဆေးဝါးပစ္စည်းများဖြန့်ဖြူးခြင်းလုပ်ငန်းများကို လည်းကောင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ကူးစက်ရောဂါကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်မှုများ အနေဖြင့် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်တွင် အသည်းရောင်အသားဝါရောဂါသည်များအား ယာယီဆေးခန်းဖွင့်လှစ်၍ ကုသပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ရေတွင်း ရေကန်နှင့် လက်နှိပ်တုံကင်များကို ကလိုရင်းဆေးခတ်ခြင်း၊ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် နတ်ချောင်းတိုက်နယ် ထိုမာကျေးရွာတွင် သာမန်ဝမ်းပျက်ဝမ်းလျှောရောဂါသည်များအား ဆေးကုသပေးခြင်း၊ ရေတွင်းရေကန်များကို ကလိုရင်းဆေးခတ်ခြင်း၊ ကျန်းမာရေးပညာပေးခြင်းနှင့် ရောဂါကာကွယ်နှိမ်နင်းခြင်းလုပ်ငန်းများကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သုံးဆယ်မြို့ ရေဘေးကယ်ဆယ်ရေး စခန်းတွင် ဦးနှောက်ရောင်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းလုပ်ငန်းများကို လည်းကောင်း ကွင်းဆင်း ဆောင်ရွက်လျက်ရှိသည်။

အလားတူ ကျန်းမာရေးဦးစီးဌာနက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရေဘေးသင့်ဒေသများသို့ ဆေးနှင့် ဆေးပစ္စည်းများကိုလည်း ထောက်ပံ့ပေးအပ်လျက်ရှိရာ ကလိုရင်းရေသန့်စင်ဆေးမှုန့် (၅၀ကီလိုဂရမ်ပါပုံး) ၂၆၇ ပုံး၊ ဆေးစိမ်ခြင်ထောင် ၃၄၃၀၊ ရေသန့်ဆေးထုပ် ၁၈၉၀၀၊ ကလိုရင်းဆေးပြား ၂၈၈၀၀၊ DHF Test Kit ၃၀၊ အိမ်သာခွက် ၁၄၇၀၀ တို့ကို ပေးပို့ထောက်ပံ့ ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်အောင်တွင် ရေကြီးနစ်မြုပ်ခဲ့သည့်ကျေးရွာများအား ထူးဖောင်ဒေးရှင်းက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မြန်အောင် ဩဂုတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်၌ ရေဘေးသင့်ပြည်သူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနေသော ထူးဖောင်ဒေးရှင်းမှ ဆေးကုသရေးအဖွဲ့သည် မြို့နယ်တိုင်းရင်းဆေးဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ကျန်းမာရေးဆရာမများနှင့် အတူ ဩဂုတ် ၁၆ ရက်က မြန်အောင်မြို့ အမှတ်(၁)ရပ်ကွက် ရေလယ်ကျွန်းရှိ ဧကတစ်ရာကျေးရွာနှင့် အမှတ်(၃) ရပ်ကွက် မြို့မရေလယ်ကျွန်းကျေးရွာများသို့ သွားရောက်၍ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ရေကျချိန်တွင် ဖြစ်ပွားတတ်သော ရောဂါများအကြောင်းနှင့် ရောဂါမဖြစ်ပွားစေရန်အတွက် ဆောင်ရန် ရှောင်ရန် ကျန်းမာရေးအသိပညာ ဗဟုသုတများကို ရှင်းလင်းဆွေးနွေးဟောပြောခဲ့ကြသည်။ ထူးဖောင်ဒေးရှင်းမှ ဦးတင်မောင်တိုး ဦးဆောင်သော ဆေးကုသရေးအဖွဲ့များနှင့် မြို့နယ်တိုင်းရင်းဆေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဆရာမများသည် ဧကတစ်ရာကျေးရွာတွင် အနောက်တိုင်းဆေးဖြင့် ၆၀ ၊ တိုင်းရင်းဆေးဖြင့် ၄၃ ဦး၊ မြို့မရေလယ်ကျွန်းကျေးရွာတွင် အနောက်တိုင်းဆေးဖြင့် ၆၅ ဦး ၊ တိုင်းရင်းဆေးဖြင့် ၄၄ ဦးတို့ကို ဆေးဝါးကုသပေးခဲ့ကြောင်း သိရသည်။

ဝင်းမိုလ်(မြန်/ဆက်)

ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာအဖွဲ့ အစည်းများက အလှူငွေနှင့် ပစ္စည်းများ ဆက်သွယ်လှူဒါန်း

နေပြည်တော် ဩဂုတ် ၁၇

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် နိုင်ငံတကာဆက်ဆံရေးကော်မတီသို့ နိုင်ငံ/အဖွဲ့အစည်းများမှ အလှူရှင်များက ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများ ဆက်သွယ်လှူဒါန်းလျက်ရှိရာ စင်ကာပူနိုင်ငံ Charity အဖွဲ့က အဝတ်အထည်၊ စောင်၊ ရေသန့်စင်စက်တို့ကို လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် Sun Woo Co.,Ltd. က ကိုရီးယားခေါက်ဆွဲခြောက်ဖာ ၁၇၀၀ ကိုလည်းကောင်း၊ Myanmar Distribution Group Co.,Ltd. က ကျန်းမာရေးအထောက်အကူပြုဆေးဝါးများကိုလည်းကောင်း တင်ပို့နိုင်ရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကွမ်းရှီးပြည်နယ်အစိုးရက မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် ယွမ် ၃၀၀၀၀၀၀ ၊ နန်နင်းမြို့ အစိုးရက ရန်ကုန်တိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် ယွမ် ၁၀၀၀၀၀၀ ၊ လျိုကျိုးမြို့ အစိုးရက မန္တလေးတိုင်းဒေသကြီး ရေဘေးသင့်ပြည်သူများအတွက် ယွမ် ၁၀၀၀၀၀၀ စုစုပေါင်း အလှူငွေယွမ်ငါးသန်းကို နန်နင်းမြို့ မြန်မာကောင်စစ်ဝန် ချုပ်ရုံးသို့ ဩဂုတ် ၁၄ ရက်က လာရောက်လှူဒါန်းခဲ့ပြီး နိုင်ငံခြားကုန်သွယ်မှုဘဏ်ရှိ ငွေစာရင်းအမှတ်သို့ ပေးပို့သွားမည်ဖြစ်သည်။

အလားတူ အမေရိကန်အစိုးရက ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ထောက်ပံ့ပေးမည်ဖြစ်ကြောင်းနှင့် USAID ၏ မိတ်ဖက်ဖြစ်သော IRRI မှ ရခိုင်ပြည်နယ်ရှိ လယ်သမားများအတွက် မျိုးစေ့ ငါးတန်ပေးလှူမည်ဖြစ်ပြီး USAID အနေဖြင့် ရေသန့်စင်သည့်လုပ်ငန်းများ၊ ပျက်စီးသွားသည့် ရေအရင်းအမြစ်များ ပြန်လည်တည်ထောင်ရေးလုပ်ငန်းများတွင် အဓိကထား၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လက်ဝါးကုမ္ပဏီက ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် အလေးချိန် ၅၉၇၂ ကီလိုဂရမ်ရှိသော P& G ရေသန့်ဆေးထုပ် ၄၁၆၇ ပုံးကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းသို့ လှူဒါန်းမည်ဖြစ်သည်။ ထိုင်းနိုင်ငံ တော်ဝင်မင်းသမီး HRH Soamsawali က ထိုင်းဘတ် ငွေနှစ်သန်းနှင့် ထောက်ပံ့ရေးပစ္စည်းအစုံ ၄၀၀ လှူဒါန်းခဲ့ပြီး ထိုင်းနိုင်ငံ ချင်းမိုင်မြို့ စီးပွားရေးလုပ်ငန်းရှင်အသိုက်အဝန်းမှ လုပ်ငန်းရှင်များအား ချင်းမိုင်ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးဆောင်၍ ထိုင်းဘတ် ၂၀၀၀၀၀ ကို လည်းကောင်း၊ ဗီယက်နမ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဘဏ်က လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၃၀၀၀၀ အားလည်းကောင်း လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

နေပြည်တော် ဩဂုတ် ၁၇

၂၀၁၅ ခုနှစ် ဇွန်၊ ဇူလိုင်လများအတွင်း ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့် ပြည်သူများအတွက် အလှူငွေများ လှူဒါန်းပွဲကို ဩဂုတ် ၁၇ ရက် နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ငွေကျပ် ၄၁၃သိန်း၊ ပြည်သူ့လွှတ်တော်ရုံး ဝန်ထမ်းများက ငွေကျပ် ၁၁ ဒသမ ဝ၃ သိန်း၊ ကျောက်စိမ်းတောင်ကျောက်မျက်ကုမ္ပဏီက ငွေကျပ် သိန်း ၁၀၀၀၊ အမျိုးသားကြီးပွားတိုးတက်ရေး၊ ရွှေတူးဖော်ထုတ်လုပ်ရေးအုပ်စုလီမိတက်၊ မိုးထိမိုးမိ ရွှေတောင်ကြီး ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရေးအဖွဲ့က ငွေကျပ် သိန်း ၁၀၀၀ ၊ Royal Home Pro ကုမ္ပဏီက ငွေကျပ်သိန်း၅၀၊ တပ်ကုန်းမြို့နယ် ရွေးစုကျေးရွာရှိ ပရဟိတ လူငယ်များနှင့် လုပ်သားပြည်သူများက ငွေကျပ် ၅ ဒသမ ၂၂ သိန်း၊ ဦးကြည်ထူးဟန်နှင့် သူငယ်ချင်းတစ်စုက ငွေကျပ် တစ်သိန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများမိသားစုက ငွေကျပ် ၃ ဒသမ ၆၃ သိန်းခန့် တန်ဖိုးရှိသော အဝတ်အထည်နှင့် အသုံးအဆောင်များ၊ ဦးတိုးဝင်း (ညွှန်ကြားရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)-ဒေါ်စန်းစန်းပို (သား)မောင်ဖြိုးစည်သူ မိသားစုက ရွှေသိမ်တော်မြတ်စွာဘုရား ရုပ်ပွားတော် အဆူ ၃၀ တို့ကို ပေးအပ်ရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဘုန်းဆွေနှင့် အမြဲတမ်းအတွင်းဝန်တို့က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**

ကန့်ဘလူမြို့နယ်တွင် ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော မိုးစပါးစိုက်ခင်း၊ ပျိုးခင်းများအတွက် ကျပ်သန်းပေါင်း ၁၀၁ ဒသမ ၅၁၄ သန်း ထောက်ပံ့ပေးအပ်

ကန့်ဘလူ ဩဂုတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်၌ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့မှုကြောင့် လမ်း/တံတားများ၊ မိုးစပါးစိုက်ခင်းနှင့် ပျိုးခင်းများ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည်။

အဆိုပါ ပျက်စီးသွားသော လမ်း/တံတားများကို သက်ဆိုင်ရာဌာနများက ပြုပြင်ဆောင်ရွက်လျက်ရှိပြီး တချို့မှာပြီးစီး၍ တချို့မှာ ပြုပြင်ဆဲဖြစ်သည်။

ရေကြီးရေလျှံမှုကြောင့် ရေကြီးနစ်မြုပ်ပျက်စီးသွားသည့် မိုးစပါးစိုက်ခင်းနှင့် ပျိုးခင်းများအတွက် နိုင်ငံတော်သမ္မတ၏ ထောက်ပံ့ရေးရန်ပုံငွေဖြင့် ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့သည့် လယ်ယာမြေများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်မီစိုက်ပျိုးနိုင်ရေး ထောက်ပံ့ငွေပေးအပ်ပွဲကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တာဝန်ရှိသူများက ပေးအပ်ပြီး သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံယူကြသည်။

ကန့်ဘလူမြို့နယ်၌ ရေကြီးနစ်မြုပ်မှုကြောင့် ကျေးရွာအုပ်စု ၃၆ အုပ်စုမှ မိုးစပါးစိုက်ခင်း ၃၆၂၉ ဧကနှင့် မိုးစပါးပျိုးခင်း ၁၃၂၉ ဧက ပျက်စီးခဲ့ရာ နိုင်ငံတော်သမ္မတ၏ ထောက်ပံ့ရေးရန်ပုံငွေဖြင့် ငွေကျပ်သန်းပေါင်း ၁၀၁ ဒသမ ၅၁၄ သန်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်မောင်က ပြောသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

ကချင်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်း မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၁၇- နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် မိုးပိုလာနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

အမှတ်(၂) အင်းစိန်မီးရထားခုံးကျော်တံတား ဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ခုံးကျော်တံတားဟောင်းနှင့်အပြိုင် ငါးပေအကွာယှဉ်လျက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ဦးဆောင်ကြီးကြပ်ပြီး မြန်မာ့ရွှေသရဖူကုမ္ပဏီလီမိတက်က တာဝန်ယူ၍ ဂျပန်နည်းပညာဖြင့် ယခုနှစ် ဇန်နဝါရီ ၁ ရက်က စတင်တည်ဆောက်ခဲ့သော အမှတ်(၂) အင်းစိန်ရထားလမ်းခုံးကျော်တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီ မိနစ် ၂၀ က ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် အစိုးရအဖွဲ့ဝန်ကြီးများ တက်ရောက်ဖွင့်လှစ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ အမှတ်(၂) အင်းစိန်ရထားလမ်းခုံးကျော်တံတားသည် မင်္ဂလာဒုံလမ်း၊ ဗဟိုလမ်းနှင့် မီးရထားသံလမ်းတို့ကိုဖြတ်ကာ တည်ဆောက်ထားခြင်းဖြစ်ပြီး အနောက်ဘက် လှိုင်မြစ်လမ်းမှ တံတားပင်မနှစ်လမ်းသွားပေါ် ယှဉ်၍မောင်းနှင်ပြီး အရှေ့ဘက် လမ်းသစ်လမ်းသို့လည်းကောင်း၊ တောင်ဘက် ဗဟိုလမ်း (ယာဉ်မောင်း၏ယာဘက်) သို့လည်းကောင်း ခွဲထွက်မောင်းနှင်ပါက ယာဉ်ကြောကျပ်တည်းမှုများစွာနည်းသွားမည်ဟု တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးဇော်ထူးထံမှ သိရသည်။

ရန်ကုန်မြို့ပြတွင်း ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုမှ ဖြေလျှော့နိုင်ရန် ယခုတည်ဆောက်ပြီးစီးသွားသော ခုံးကျော်တံတားသည် ၂၃ စင်းမြောက်ရှိပြီဟု တာဝန်ခံအင်ဂျင်နီယာများထံမှ သိရသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

ရေဘေးသင့်မိသားစုများနှင့် ပါရှိလာသည့် တိရစ္ဆာန်များအား ကာကွယ်ဆေးများထိုးနှံပေး

သရက် ဩဂုတ် ၁၇

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းမှ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေလွတ်ကင်းရာသို့ ပြောင်းရွှေ့နေထိုင်ကြသည့် ရေဘေးသင့်ပြည်သူများနှင့်အတူ ပါရှိလာသည့်တိရစ္ဆာန်များကို ကြည့်ရှုစစ်ဆေးပြီး ကာကွယ်ဆေးထိုးနှံပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် ရေဘေးသင့်ပြည်သူများ နေထိုင်သည့် စမုတ်ဘုန်းတော်ကြီးကျောင်းအတွင်း၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ဆေးထိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေါက်တာသန်းဌေးနှင့် ဝန်ထမ်းများက တိရစ္ဆာန်များကို ကြည့်ရှုစစ်ဆေးပြီး နွားများ လည်ချောင်းကွဲ၊ ထောင့်သန်းရောဂါကာကွယ်ဆေးများ ကုသဆေးနှင့် ဖြည့်စွက်အားဆေးများကို ရေဘေးသင့်စခန်းများရှိ တိရစ္ဆာန်များကို လိုက်လံကုသပေးခဲ့သည်။ အလားတူ ကျေးရွာများသို့ ပြန်လည်ရောက်ရှိနေသည့် အိမ်ထောင်စုများက မွေးမြူထားသည့် တိရစ္ဆာန်များကိုလည်း ကွင်းဆင်းစစ်ဆေးပြီး ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဇော်ထက်(သရက်)

ဆွာချောင်းတစ်လျှောက် ဆည်ရေများထုတ်လွှတ်သော်လည်း စိုးရိမ်စရာမရှိ

ရေတာရှည် ဩဂုတ် ၁၇

ယခုရက်ပိုင်း သစ်တောကြိုးဝိုင်းဒေသတစ်လျှောက် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဥယျာဉ်မှူးကျေးရွာအနီးရှိ ဆွာချောင်းရေလှောင်တမံမှ ဆွာချောင်းအတွင်းသို့ ရေများထုတ်လွှတ်လျက်ရှိရာ ချောင်းတစ်လျှောက်၌ နေထိုင်ကြသော ဒေသခံများစိုးရိမ်မှုများဖြင့် ပြောဆိုနေကြသော်လည်း ဆည်တမံနှင့်ပတ်သက်ပြီး စိုးရိမ်စရာလုံးဝမရှိကြောင်း တာဝန်ရှိသူများက ပြောသည်။

"ရေကတော့ ဆွာချောင်းထဲကို ၁၇ လက်မအပေါက်သုံးပေါက်ကနေ လွှတ်နေပါတယ်။ သစ်တွေဆွဲလို့နိမ့်သွားတဲ့ ဆည်တမံမြောက်ဘက်ခြမ်း ဝါးယားကျင်းဘက်မှာ မနေ့ကသဲအိတ် ငါးရာကျော်ချထားပြီး ရေကင်းအတွက်လည်း ဝန်ထမ်းတွေအလှည့်ကျစောင့်ကြည့်နေတာ တမံရဲ့ကြံ့ခိုင်ရေးကတော့ ကောင်းမွန်ပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။ ယခင်ရက်က ဆွာချောင်းရေပိုလွှဲမှ ၂ ဒသမ ၂ ပေကျော်လျက်ရှိပြီး စိုးရိမ်ရေအမှတ်မှာပေ ၃၄၀ ဖြစ်ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

ရေဘေးသင့်ပြည်သူများအား ဆေးကုသမှုပေးလျက်ရှိ

ငါးသိုင်းချောင်း ဩဂုတ် ၁၇

မြန်မာနိုင်ငံ ဆရာဝန်အသင်းမှ ဒေါက်တာ စောဝင်း (ပါမောက္ခ/ကလေးအထူးကု) ဦးဆောင်သော အထွေထွေရောဂါကုဆရာဝန်များအဖွဲ့သည် ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ ရေဘေးသင့် ရပ်ကွက်၊ ကျေးရွာများရှိ ရောဂါဝေဒနာရှင် ၂၀၀ ကို အထွေထွေရောဂါစစ်ဆေးကုသခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်သည့်ဗဟုသုတပေးခြင်းတို့ကို ငါးသိုင်းချောင်းမြို့ ပြည်သူ့ဆေးရုံ ဆရာဝန်ကြီး ဒေါက်တာ ဝင်းမိမိခိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့ကြက်ခြေနီအသင်း အာယုပါလဆေးအလှူတော်အဖွဲ့၊ အောက်ဆီဂျင်အလှူတော်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦးက "အခုရက်ပိုင်းအတွင်း ငဝန်မြစ်ရေကျဆင်းနေပြီဖြစ်လို့ ပတ်ဝန်းကျင်သန့်ရှင်းရေးနဲ့ မိသားစုကျန်းမာရေးတွေ အလေးပေးလုပ်ဆောင်နေကြတယ်။ ရေဘေးသင့်ဒေသတွေရဲ့ ကျန်းမာရေးကို အခုလိုစေတနာရှေ့ထားပြီး ဂရုတစိုက်လာရောက်ဆောင်ရွက်ပေးတဲ့အတွက် များစွာ ဝမ်းမြောက်ရပါတယ်"ဟု ပြောကြားခဲ့သည်။

စိုးမင်းဦး(ပြန်/ဆက်)

ကျောက်တော်မြို့ ရေဘေးသင့်ပြည်သူများအတွက် ဝေဠုကျော်ဖောင်ဒေးရှင်းက သွားရောက်လှူဒါန်း

ကျောက်တော် ဩဂုတ် ၁၇

ရခိုင်ပြည်နယ်မြောက်ဦးခရိုင် ကျောက်တော်မြို့နယ်အတွင်းရှိ ရေဘေးသင့်ဒေသများအတွက် ဩဂုတ် ၁၆ ရက်က ဝေဠုကျော်ဖောင်ဒေးရှင်းက ဆန်နှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်ရန် ကျောက်တော်မြို့ဆိပ်ကမ်းမှ စက်လှေများဖြင့် ထွက်ခွာသွားခဲ့သည်။ ထိုသို့ထောက်ပံ့ရန်အတွက် ကျောက်တော်မြို့နယ်အတွင်းရှိ ရေလွှမ်းမိုးခံရသော ပြိုင်းချောင်း၊ ငါးဆောင်ဖက်၊ ကြာညိုအင်းနှင့် သုံးခွကျေးရွာများမှ ရေဘေးသင့်ပြည်သူများအတွက် ဆန်အိတ် ၁၆၀၊ ငါးပိ၊ ဆားနှင့် အခြားအိမ်သုံးပစ္စည်းများ ပါဝင်ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အမည်ပြောင်း

ပဲခူးမြို့နေ အဖဦးတင်ဦး၏ သမီး ပဲခူး၊ အထက(၄) (ခွဲ)ဆဋ္ဌမတန်းမှမဆုရတီထက်အား မသျှန်လင်းမှုံ ဟုပြောင်းလဲခေါ် ဆိုပါရန်။

မသျှန်လင်းမှုံ

အမည်ပြောင်း

ပဲခူးမြို့နေ အဖဦးတင်ဦး၏ သား ပဲခူး၊ အထက(၁)ဒသမတန်း(၂)မှမောင်လင်းလင်းထက် [၇/ပခန(နိုင်)၃၉၆၄၃၅] အား မောင်နန္ဒကျော်ခန့် ဟုပြောင်းလဲခေါ် ဆိုပါရန်။

မောင်နန္ဒကျော်ခန့်

ဂန္ဓဝင်ရွှေပုဂံ Travels & Tours

Promotion Trips

ဗန်ကောက်	(၅) ရက်	USD	470
စင်ကာပူ	(၄) ရက်	USD	630
ဟောင်ကောင်	(၅) ရက်	USD	1000
ပီကင်း + ရှန်ဟိုင်း	(၆) ရက်	USD	1200

(YGN Office): 67, Baho Rd,Sanchaung,Yangon.Ph: 01-519300,510491, 01-2304645, 09-252281456 Hot Line: 09 - 73003772
(MDY Office): 81 Road, Between 33 x 34 St, Mandalay. Ph: 09 - 31693339, 09-73013856

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4C/7471၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့

Y.E.S. International English Language Centre

Since 1994

ကျောင်းခွဲမရှိပါ။

ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော

တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

Basic Spoken English
Mon to Thurs-5:30-7:00 pm — 3 Aug
Sat & Sun - 9:00-12:00 am — 8 Aug
Mon to Thurs-7:30-9:30 am — 10 Aug
Mon to Thurs-10:00-12:00am — 10,24Aug
Sat & Sun - 12:30-3:30 pm — 15 Aug
MontoThurs 1:00-3:00-5:00pm — 17,24Aug
Mon to Thurs-7:30-9:30 am — 24 Aug

Pre-Intermediate English
Mon to Thurs-10:30-12:30 am — 10 Aug
Sat & Sun - 12:30-3:30 pm — 22 Aug
MontoThurs 1:00-3:00pm — 24 Aug
Mon to Thurs-5:00-7:00 pm — 24 Aug

Intermediate English
Mon to Thurs-1:00-3:00 pm — 10 Aug

Grammar Foundation Course
Sat & Sun - 9:00-12:00am — 15 Aug
Mon to Thurs - 1:00-2:30 pm — 31 Aug
Mon to Thurs - 3:30-5:00 pm — 31 Aug

Structure & Written Expression
Mon to Thurs-4:00-5:30pm — 3 Aug
Mon to Thurs-5:30-7:00pm — 10 Aug
Sat & Sun - 3:30-6:30pm — 15 Aug
Mon to Thurs - 1:00-3:00 pm — 24 Aug

Basic Writing Course
San & Sun - 12:30 - 3:30 pm — 8 Aug

TOEFL,SAT,IELTS,API,AWC,VEC

No.190, 2nd Flr.,28thSt:(Upper), Pabedan Tsp. Ph: 01-243950, 246910

ကျေးဇူးဥပကာရတင်ရှိခြင်း

ဖေဖေ ကိုအေးချမ်းအောင်နှင့် မေမေ မဖြူသီဟန် တို့၏ သမီးဦးရတနာအား ၁၇-၈-၂၀၁၅ရက်တွင် အောင်မြင်စွာ မွေးဖွားသန့်စင်ပေးပါသော တပ်မှူး ပါမောက္ခ ဗိုလ်မှူးကြီးဒေါ်အေးအေးနှင့် ပါရဂူကြီးများ၊ စေတနာအပြည့်ဖြင့် ဝိုင်းဝန်းကူညီပေးကြသော ဆရာဝန်၊ သူနာပြု ဝန်ထမ်းများအားလုံးကို လည်းကောင်း၊ ဝမ်းမြောက်ကြောင်း သတင်းမေးမြန်းကြသူများကိုလည်းကောင်း လှိုက်လှဲစွာကျေးဇူး ဥပကာရတင်ရှိပါသည်။

နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွားများ
ဖေဖေ ကိုအေးချမ်းအောင်- မေမေ မဖြူသီဟန်

မန္တလေး-မြစ်ကြီးနား မီးရထားခရီးစဉ်များ ပုံမှန်ပြန်လည်ပြေးဆွဲနိုင်ရေး လမ်းပိုင်းအလိုက် စမ်းသပ်မောင်းနှင်နေပြီဖြစ်ကြောင်းသိရ

မုံရွာ ဩဂုတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့မှုကြောင့် မန္တလေး-မြစ်ကြီးနားလမ်းပိုင်းရှိ နေရာအချို့တွင် မီးရထားလမ်းရေကျော်ခြင်း၊ တံတားအချို့ ရေတိုက်စားပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့၍ မီးရထားခရီးစဉ်များ ယာယီရပ်နားထားခဲ့ရသည်။

ယခုအခါ ပျက်စီးမှုများပြုပြင်ပြီးဖြစ်ရာ ဩဂုတ် ၁၂ ရက် ညနေ ၄နာရီခွဲက ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ကိုးထောင်ဘို့ဘူတာတွင် ရပ်နားထားသည့် အမှတ်(၃၄) အိပ်စင်ရထားနှင့် ညနေ ၅ နာရီ ၄၅ မိနစ်တွင် အမှတ် (၃၈) ရထားတို့သည် ဇော်ချောင်းဘူတာတံတားမှ စမ်းသပ်မောင်းနှင်ရာ အောင်မြင်မှုရှိသဖြင့် မကြာမီရက်ပိုင်းအတွင်း မန္တလေး-မြစ်ကြီးနားရထားများ ပုံမှန်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စမ်းသပ်ပြေးဆွဲမှုနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက "လူစီးရထားတွေတော့ မပြေးဆွဲသေးပါဘူး၊ အခုဟာက တချို့လမ်းပိုင်းနေရာတွေမှာ ကပ်တုံးလုပ်ငန်းတွေ ဆောင်ရွက်နေဆဲဖြစ်ပြီး ကုန်ရထားအတွဲတိုလေးတွေနဲ့ ပြန်လည်ပြုပြင်ထားတဲ့လမ်းပိုင်းတွေ၊ တံတားတွေမှာ အပိုင်းအလိုက် စမ်းသပ်မောင်းနှင်နေတာဖြစ်ပါတယ်။ မကြာခင်ရက်ပိုင်းအတွင်း မြစ်ကြီးနားအထိ တိုက်ရိုက်ပြေးဆွဲသွားနိုင်ရေးဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောကြားခဲ့သည်။

ဖိုးချမ်း (မုံရွာ)

ရေဘေးသင့်ပြည်သူများသို့ ပုံစံ(၈) မီးသွေးများ ရောင်းချပေးလျက်ရှိ

ပွင့်ဖြူ ဩဂုတ် ၁၇

ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနက ရေဘေးသင့်ပြည်သူများ ချက်ပြုတ်စားသောက်ရာတွင် အဆင်ပြေချောမွေ့စေရန်ရည်ရွယ်၍ မင်းဘူးမြို့နယ်နှင့် တောင်တွင်းကြီးမြို့နယ်တို့မှပေးပို့သော ပုံစံ(၈) မီးသွေးများကို ဩဂုတ် ၁၁ ရက်မှစ၍ မြို့နယ်သစ်တောဦးစီးဌာနမှူးရုံး၌ အိမ်ထောင်စုလေးစုလျှင် မီးသွေးအိတ်တစ်အိတ်နှုန်းကို တန်ဖိုး ၂၀၀ ဖြင့် မြို့မဈေးမြို့ပေါ်ရပ်ကွက် (၄) ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၊ ဌာနဆိုင်ရာဝန်ထမ်းများသို့ ယနေ့အထိ ရောင်းချပေးလျက်ရှိရာ စုစုပေါင်း ၁၁၂၂ အိတ် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သန်းဌေး(မင်းဘူး)

ပထမဆုံးအကြိမ် ကလပ်ပေါင်းစုံ စားပွဲတင်တင်းနစ်ပြိုင်ပွဲ ကျင်းပနေစဉ်။

စားပွဲတင်တင်းနစ် မျိုးဆက်သစ်ပေါ်ထွန်းရေး ကလပ်ပေါင်းစုံပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၇

သတင်း မောင်စိန်လွင်(မြန်မာ့အလင်း) ➤ ဓာတ်ပုံ- မင်းထက်

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်က ကြီးမှူးပြီး စားပွဲတင်တင်းနစ် မျိုးဆက်သစ်ပေါ်ထွန်းရေးနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် အဆင့်အတန်းမီ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြည်တွင်းကလပ်ပေါင်းစုံ ပြိုင်ပွဲကြီးကို ဦးဝိစာရလမ်းရှိ မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ်၌ ကျင်းပခဲ့သည်။

"ကလပ်ပေါင်းစုံပြိုင်ပွဲ ပထမဆုံးအနေနဲ့ ကျင်းပဖြစ်တဲ့ရည်ရွယ်ချက်ကတော့ စားပွဲတင်တင်းနစ် မျိုးဆက်သစ်အားကစားသမားတွေပေါ်ထွန်းဖို့ အဓိကထား ရည်ရွယ်ကျင်းပခဲ့တာဖြစ်တယ်။ မျိုးဆက်သစ်တွေ ပေါ်ထွန်းလာတာနဲ့ ကမ္ဘာ့တင်းနစ်အကျော်အမော်ဖြစ်တဲ့ တရုတ်နိုင်ငံကို စေလွှတ်လေ့ကျင့်သွားဖို့ စီစဉ်ထားပါတယ်"ဟု မြန်မာနိုင်ငံစားပွဲတင်တင်းနစ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော် ကျော်က ပြောသည်။

မြန်မာနိုင်ငံစားပွဲတင်တင်းနစ် အဖွဲ့ချုပ်အနေဖြင့် ပထမဆုံးအကြိမ် ပြုလုပ်သည့် ကလပ်ပေါင်းစုံစားပွဲတင် တင်းနစ်ပြိုင်ပွဲကို ဩဂုတ် ၁၄ ရက်မှ ၁၆ ရက်အထိ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမ၌ သုံးရက် တိုင်တိုင် ကျင်းပခဲ့ပြီး ပြည်တွင်းစားပွဲတင်တင်းနစ် ကလပ်ပေါင်း ၃၁ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲတွင် မျိုးဆက်သစ်လူသစ်တမ်း၊ အပျော်တမ်းနှင့် နိုင်ငံ့လက်ရွေးစင်အဆင့် ပြိုင်ပွဲဟူ၍ ခွဲခြားထားသဖြင့် လက်ရည်ကွာခြားမှုရှိခြင်းကြောင့် တစ်ဆင့်နှင့်တစ်ဆင့် တစ်မှတ်စီကွာ အကျောပေးစနစ်ဖြင့် ကျင့်သုံးကာ နောက်ဆုံးလက်ရွေးစင်နှင့် မျိုးဆက်သစ်တွေ့ဆုံသည့်အခါတွင် ငါးမှတ်အထိ အသာပေးယှဉ်ပြိုင်ခြင်းများဖြင့် ပြိုင်ပွဲကိုကျင်းပခဲ့သည်။

"ပြိုင်ပွဲတွေကို နှစ်လကြားတစ်ကြိမ် ထပ်မံကျင်းပသွားဖို့ရှိပါတယ်။ ဒါမှလည်း နိုင်ငံတစ်ဝန်းမှာရှိတဲ့ ကလပ်ပေါင်းက မျိုးဆက်သစ်တွေလည်း ဝင်ရောက်ယှဉ်ပြိုင်နိုင်မှာပါ။ အခုကျင်းပတာက ပထမဆုံးလည်းဖြစ်တော့ တချို့နယ်ကလပ်အသင်းအဖွဲ့တွေက မသိသေးဘူးဖြစ်နေတယ်။ နောက်ဆိုရင်တော့ ဝင်ရောက်ယှဉ်ပြိုင်တဲ့ ကလပ်တွေ ပိုများလာမှာပါ"ဟု ဦးကျော်ကျော်က ထပ်မံရှင်းပြသည်။

လာမည့် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ်အနေဖြင့် နိုင်ငံတစ်ဝန်းဖိတ်ခေါ်ပြိုင်ပွဲကြီးကို ရန်ကုန်မြို့ သုဝဏ္ဏအားကစားရုံ-၁ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသွားရန် စီစဉ်လျက်ရှိသည်။ အဆိုပါပြိုင်ပွဲကြီးတွင် ပြည်တွင်းရှိကလပ်ပေါင်း ၄၀ ကျော် ၅၀ ဝန်းကျင်အထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်သွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ်အနေဖြင့် ကျောင်းပေါင်းစုံပြိုင်ပွဲများနှင့် မြို့နယ်ပေါင်းစုံပြိုင်ပွဲများကိုလည်း ကျင်းပသွားရန်စီစဉ်လျက်ရှိပြီး ရန်ကုန်မြို့တွင်းမှ စားပွဲတင်တင်းနစ်ခုံနှင့် လိုအပ်သည့်ဆက်စပ်ပစ္စည်း မရှိသေးသည့် ကျောင်းများကို ကူညီထောက်ပံ့ပေးမှုများ ပြုလုပ်သွားမည့်အပြင် နိုင်ငံ့လက်ရွေးစင်များဖြင့်လည်း သရုပ်ပြသမှုများ၊ နည်းပညာပိုင်းဖြန့်ဝေပေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာ့လက်ရွေးစင်စားပွဲတင် တင်းနစ်အဖွဲ့သည် အရှေ့တောင်အာရှတွင် အဆင့်ခြောက်နေရာ၌ ရပ်တည်လျက်ရှိပြီး စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့နောက်တွင်ရှိခြင်းကြောင့် လာမည့် ဆီးဂိမ်းပြိုင်ပွဲတွင် ယခုထက်အဆင့် ပိုမိုတိုးတက်ရန် အရှိန်အဟုန်မြှင့် ပြင်ဆင်မှုများကို ယခုကတည်းက စတင်ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရေကြီးဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၇ ရက်က ဇင်းကလင်း-ပေါက်ခုံ-ရေလှည်ဦးကျေးရွာချင်းဆက်လမ်းကို စက်ယန္တရားများဖြင့် ပြန်လည်ပြုပြင်ဖောက်လုပ်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ဆည်မြောင်း)

စက်ဘီးတစ်စီးနှင့် မသင်္ကာဖွယ်တွေ့ရှိသူကို စစ်ဆေးအရေးယူ

နေပြည်တော် ဩဂုတ် ၁၇

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီက ချမ်းမြသာစည်မြို့နယ် လိပ်ကန်ပန်းခြံအတွင်း စက်ဘီးတစ်စီးနှင့် မသင်္ကာဖွယ် လူတစ်ဦးကိုတွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်နေ ကျော်မိုး(၂၅ နှစ်)ဖြစ်ကြောင်း သိရသည်။

၎င်းအားစစ်ဆေးရာ အဆိုပါစက်ဘီးကို ဩဂုတ် ၁၅ ရက် ည ၇ နာရီခွဲခန့်က ချမ်းအေးသာစံမြို့နယ် (၇၃) လမ်း၊ (၃၄×၃၅) လမ်းကြား လမ်းဘေး၌ရပ်တန့်ထားသည်ကိုတွေ့ရှိ၍ ခိုးယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ၎င်းကို ချမ်းအေးသာစံမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ဆိုင်ကယ်ကိုဈေးလျှော့၍ လိုက်လံရောင်းချနေသူကို အမှုဖွင့်စစ်ဆေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၇

မကွေးတိုင်းဒေသကြီး တိုင်းရဲအကူတပ်ဖွဲ့ခွဲမှူးရုံးမှတပ်ဖွဲ့ဝင်များသည် ဩဂုတ် ၁၆ ရက် နံနက် ၁၁ နာရီက မကွေးမြို့ ရန်ဝေးရပ် ပြည်တော်သာလမ်းနှင့် အဝေရာလမ်းထောင့်အရောက် DAYANG-125 အနက်ရောင်ဆိုင်ကယ်တစ်စီးကို ဈေးလျှော့၍လိုက်လံရောင်းချနေသည့် မသင်္ကာဖွယ်လူတစ်ဦးကိုတွေ့ရှိသဖြင့်စစ်ဆေးရာ စလင်းမြို့နယ် ဘီးစပ်ကြူဝန်းကျေးရွာနေ မျိုးမင်းကျော်(၂၄ နှစ်)ဖြစ်ပြီး အဆိုပါ ဆိုင်ကယ်နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်းခိုင်လုံသော အထောက်အထားတစ်စုံတစ်ရာ ပြောဆိုပြသနိုင်ခြင်းမရှိသောကြောင့် မကွေးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

ငါးကန်ထဲ ပြုတ်ကျသူသုံးဦး ရေနစ်သေဆုံး

ကျောင်းကုန်း ဩဂုတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ ကံကလေးကျေးရွာအုပ်စု ကံကလေးကျေးရွာ ဦးစိုင်းရီ၏ ငါးကန်တွင် ရေနစ်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၇ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်က ငါးကန်တွင်အလုပ်လုပ်သူ မနွယ်နွယ်ထွန်း(၂၆ နှစ်) အိမ်မဲမြို့ အဖိုက်အုပ်စု တကူဆိပ်ရွာနှင့် မဂျူးဂျူး (၆ နှစ်)၊ မစန်းစန်းထွေး(ခြောက်လ)တို့သည် နေ့လယ်စာစားရန် တဲသို့အပြန် ငါးကန်ပေါင်လမ်းမှ ခြေချော်ကာ ပြုတ်ကျသေဆုံးသွားခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဓမ္မတာအတိုင်း သေဆုံးခြင်းဟုတ် မဟုတ် ကျောင်းကုန်းမြို့မရဲစခန်းက အမှုဖွင့်စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ယွမ်ငွေတန်ဖိုးလျှော့ချမှုကြောင့် ဒေသတွင်းအခြားနိုင်ငံများနည်းတူ အမေရိကန်ဒေါ်လာဈေးနှုန်း လှုပ်ရှားမှုဖြစ်ပေါ်ခြင်းဖြစ်

"လတ်တလော ဘဏ်အချို့နဲ့ပတ်သက်ပြီး ထွက်ပေါ်လာတဲ့သတင်းတွေက ကောလာဟလဖြစ်ပါတယ်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ဘယ်ဘဏ်ကိုမှ ပိတ်သိမ်းဖို့ စီစဉ်ထားတာ မရှိပါဘူး။" ဦးဆက်အောင်

တွေ့ဆုံမေးမြန်း
မိုးသူဇာစိုး

နေပြည်တော် ဩဂုတ် ၁၇

ပြီးခဲ့သည့် သီတင်းပတ်မှစ၍ မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ လဲလှယ်ရာတွင် ဈေးနှုန်းလှုပ်ခတ်မှု ရှိနေခြင်းနှင့် ပုဂ္ဂလိကဘဏ်များနှင့် ပတ်သက်သည့် သတင်းဂယက်များကြောင့် ယင်းဖြစ်စဉ်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် မြန်မာ့သတင်းစဉ် (ပြည်တွင်း)က တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ် စုစည်းဖော်ပြလိုက်ပါသည်။

ဦးဆက်အောင်
(မြန်မာ နိုင်ငံတော် ဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌ)

မေး။ ။ လတ်တလောမှာ ဈေးနှုန်းလှုပ်ခတ်မှုရှိနေတဲ့ အမေရိကန်ဒေါ်လာဈေးနှုန်းနဲ့ ပတ်သက်ပြီး ဗဟိုဘဏ်ရဲ့ တာဝန်ရှိသူတစ်ယောက်အနေနဲ့ သုံးသပ်ရှင်းပြပေးပါရှင့်။

ဖြေ။ ။ မြန်မာနိုင်ငံမှာရှိတဲ့ ဒေါ်လာဈေးက တည်ငြိမ်သွားတာ တစ်လလောက်ရှိသွားပါပြီ။ လွန်ခဲ့တဲ့ သီတင်းပတ် အင်္ဂါနေ့လောက်မှာ ဈေးကွက်လှုပ်သွားတာ တွေ့ရပါတယ်။ ဒီဖြစ်စဉ်က မြန်မာတစ်နိုင်ငံတည်းမှာ မဟုတ်ဘဲ ဒေသတွင်းနိုင်ငံတော်တော်များများမှာ လှုပ်သွားတာ တွေ့ရပါတယ်။

အဓိကကတော့ တရုတ်ပြည်က ယွမ်ငွေကြေးကို လျှော့ချတဲ့ (Devaluation) ဖြစ်တာကြောင့် ပါတာပေါ့။ နိုင်ငံတော်တော်များများက စီးပွားရေးလှုံ့ဆော်မှု (Economic stimulus)တွေသုံးပြီး ငွေကြေးတန်ဖိုးတွေ လျှော့ချလာတဲ့အချိန်မှာ တရုတ်ယွမ်ငွေက တည်ငြိမ်နေခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ ပို့ကုန်အခြေခံတဲ့ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို အားမကိုးတော့ဘဲ ပြည်တွင်းသုံးစွဲမှုကို အခြေခံတဲ့ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်လာတဲ့အတွက် အခြားနိုင်ငံငွေကြေးတွေ ကျဆင်းအောင် ပြုလုပ်နေတဲ့အချိန်မှာ မာနေတဲ့ တရုတ်ငွေကြေးကိုမချဘဲ တည်ငြိမ်အောင်ပြုလုပ်နေတယ်လို့ ထင်ကြေးပေးခဲ့ကြပါတယ်။ နိုင်ငံတော်တော်များများက မိမိတို့ငွေကြေးကို လျှော့ချလာတဲ့အတွက် ကမ္ဘာမှာ ငွေကြေးစစ်ပွဲ (Currency War) များဖြစ်နေပြီလားဆိုပြီး ထင်ကြေးပေးတဲ့သူများလည်းရှိပါတယ်။ အခုတော့ တရုတ်နိုင်ငံဟာ အဲဒီငွေကြေးစစ်ပွဲထဲကို ပါဝင်လာပြီဖြစ်တယ်လို့ ပြောနေကြပါတယ်။ တရုတ်ငွေကြေးကျဆင်းလာတဲ့အတွက် အမေရိကန်နိုင်ငံက ခေါင်းကိုက်နေရပါတယ်။ အမေရိကန်ငွေကြေးက မာလာတဲ့အချိန်မှာ တရုတ်ငွေကြေးကျသွားတော့ အမေရိကန်နိုင်ငံရဲ့ ကုန်သွယ်ရေးမှာ နစ်နာမှုတွေကြုံတွေ့ရမှာပါ။

အမေရိကန်နိုင်ငံဟာအခု ၂၀၁၅ စက်တင်ဘာမှာ သူတို့ရဲ့ အတိုးနှုန်းကို တက်မယ်ဆိုပြီး စီစဉ်ထားတဲ့ မူဝါဒကို ပြန်စဉ်းစားစရာတွေဖြစ်သွားပါတယ်။ ဒီအတိုးနှုန်း တက်လိုက်ရင် အမေရိကန်ဒေါ်လာဈေး ပိုမာသွားနိုင် ပြီးတရုတ်ယွမ်ကလည်း လျှော့ချထားတော့ ကုန်သွယ်မှုပိုင်းမှာ ပိုပြီးတော့ နစ်နာမှုတွေဖြစ်သွားနိုင်ပါတယ်။ တရုတ်ငွေကြေးကို လျှော့ချလိုက်တဲ့အတွက် တော်တော်များများနိုင်ငံတွေရဲ့ ငွေကြေးတွေကလည်း ကျလာပါတယ်။ အင်ဒိုနီးရှား ရူပီးနဲ့ မလေးရှား ရင်းဂစ်တွေက တော်တော်ကျသွားပါတယ်။ အဲ့ဒါကြောင့် မြန်မာငွေလည်း ရိုက်ခတ်မှုရှိပါတယ်။

မေး။ ။ ဒီလို ဖြစ်စဉ်မတိုင်မီ နှစ်လလောက်မှာ မြန်မာကျပ်ငွေဈေးကျပြီး ဒေါ်လာငွေဈေး ဆက်တိုက်မြင့်တက်လာတာနဲ့ ဒီဖြစ်စဉ်က ဆက်စပ်မှုရှိလားဆိုတာ သိပါရစေ။

ဖြေ။ ။ ပြည်တွင်းမှာဖြစ်တဲ့ ကိစ္စတွေကြောင့် ငွေကြေးရိုက်ခတ်မှုဖြစ်တာလားဆိုပြီး တော်တော်များများ မေးကြတာပဲ။ အဲဒါကျတော့ တိုက်ဆိုင်မှုကြောင့်လားတော့ မသိဘူး။ နိုင်ငံတကာ ဈေးကွက်ကြီးမှာ ဒီလိုဖြစ်သွားတဲ့အချိန်နဲ့ ပြည်တွင်းမှာဖြစ်တဲ့အချိန်နဲ့ ထပ်တူထပ်မျှဖြစ်တဲ့အတွက် ကျွန်တော်တို့ မြင်တာတော့ နိုင်ငံတကာဈေးကွက်ကြီးမှာ တရုတ်ယွမ်ငွေ ချက်ချင်းပြုတ်ကျသွားတဲ့ကိစ္စနဲ့ ဆက်စပ်မှုရှိမယ်လို့ ထင်ပါတယ်။

ကျွန်တော်တို့အနေနဲ့ကတော့ မြန်မာကျပ်ငွေကို အများကြီးကျမသွားအောင် ဈေးကွက်ထဲကို ဒေါ်လာငွေရောင်းပါတယ်။ ဇွန်လကတည်းကစပြီးရောင်းတာ အခုချိန်ထိ ရောင်းနေပါတယ်။ ဆက်ပြီးရောင်းသွားဖို့လည်း ရှိပါတယ်။ ကျွန်တော်တို့ရဲ့ နိုင်ငံခြားငွေကြေးလေလံ (FX Auction) ကတစ်ဆင့် ဒေါ်လာငွေတွေ အများကြီး ရောင်းထားပါတယ်။ လေ့လာစောင့်ကြည့်လုပ်ငန်းစဉ် (Monitoring Mechanism) တွေလည်း ပြန်လုပ်ထားပါတယ်။ ဘဏ်တွေရဲ့ Client တွေဖြစ်တဲ့ Importer တွေကိုလည်း ရောင်းကိုရောင်းရမယ်။ တကယ်လို့ Importer တွေကို ကျွန်တော်တို့ဆီက ဝယ်တဲ့ငွေရဲ့ ၈၀ ရာခိုင်နှုန်းကို မရောင်းထားဘူးဆိုရင် ဒီမှာ ဝယ်လို့မရအောင် ပြန်ထိန်းထားတာတွေရှိပါတယ်။ အခု ဘဏ်တွေကလည်း လိုအပ်တဲ့ ဒေါ်လာငွေကို ဗဟိုဘဏ်က ဝယ်ပြီးတော့ သူတို့ရဲ့ Client တွေကို ပြန်ရောင်းပေးပါတယ်။

မေး။ ။ ဗဟိုဘဏ်က သတ်မှတ်တဲ့ ရည်ညွှန်းတန်ဖိုး သတ်မှတ်ချက်နဲ့ ပတ်သက်ပြီး ဘယ်လိုအစီအစဉ်တွေနဲ့ သတ်မှတ်တယ်ဆိုတာသိပါရစေရှင့်။

ဖြေ။ ။ ဒီနေရာမှာ ငွေကြေးလေလံဆိုတာကို ရှင်းပြချင်ပါတယ်။ ဗဟိုဘဏ်ရဲ့ နေ့စဉ်ငွေကြေး သတ်မှတ်ချက်က ထင်သာမြင်သာမရှိဘူးလို့ ပြောကြတာတွေရှိပါတယ်။ ဒါပေမယ့် ထင်သာမြင်သာမရှိဘူး ဆိုတဲ့ကိစ္စက နိုင်ငံခြားငွေကြေးလေလံဆိုတာကို ဘာမှန်းမသိသေးတဲ့အတွက် ပြောကြတာဖြစ်မှာပါ။ နိုင်ငံခြား ငွေကြေးလေလံဆိုတာ နေ့စဉ် မနက် ၉ နာရီဆိုရင် ဘဏ်တွေကိုခေါ်တယ်။ နိုင်ငံခြားငွေရောင်းချင်တဲ့ ဘဏ်တွေ၊ ဝယ်ချင်တဲ့ ဘဏ်တွေကို ရောက်လာပြီး သူတို့ကနေ နိုင်ငံခြားငွေ ဘယ်နှုန်းထားနဲ့ ပမာဏဘယ်လောက် ဝယ်ချင်ပါတယ်။ ဘယ်နှုန်းထားနဲ့ ပမာဏ ဘယ်လောက်ရောင်းချင်ပါတယ်ဆိုတဲ့ အဆိုပြုရပါတယ်။ အဲဒီ ဝယ်တဲ့ ရောင်းတဲ့ ဈေးနှုန်းပေါ်မှာ မူတည်ပြီးတော့မှ ဗဟိုဘဏ်က နှုန်းထားသတ်မှတ်တာပါ။

ဗဟိုဘဏ်သတ်မှတ်တဲ့ နှုန်းထားက မြန်မာနိုင်ငံမှာရှိတဲ့ ပြည်တွင်းဘဏ်တွေရဲ့ နေ့စဉ် နံနက်တိုင်း အဆိုပြုတဲ့ ဘယ်လောက်ဈေးနဲ့ ရောင်းချင်တယ်။ ဘယ်လောက်ဈေးနဲ့ ဝယ်ချင်တယ်ဆိုတဲ့ ဈေးရဲ့ ပြင်ပမှာ ကိုယ့်ဟာကိုယ် သတ်မှတ်လို့မရပါဘူး။

နောက်လေလံလုပ်ပြီးသွားပြီဆိုတာနဲ့ အင်တာနက်ပေါ်တင်ပါတယ်။ ဘဏ်ဘယ်နှခုလာတယ်။ ဘဏ်ဘယ်နှခု Bid တင်တယ်။ ဘဏ်ဘယ်နှခုက Offer တင်တယ်။ အနိမ့်ဆုံးဘယ် Rate ကနေ အမြင့်ဆုံးဘယ် Rate ဖြစ်ပြီး အဲ့ဒီထဲကမှ ဘယ် Rate ကိုယူပါတယ်ဆိုတာ အင်တာနက်မှာ နေ့တိုင်းတင်ပါတယ်။

မေး။ ။ ဒီထက်ပိုပြီး ငွေကြေးဂယက်လှုပ်ခတ်သွားနိုင်ခြေ ရှိ/မရှိနဲ့ ရှိလာရင် ဗဟိုဘဏ်အနေနဲ့ ဘယ်လို ထိန်းကျောင်းသွားမယ်ဆိုတာ သိပါရစေရှင့်။

ဖြေ။ ။ ဗဟိုဘဏ်အနေနဲ့က ထိန်းကျောင်းတဲ့ပုံစံ အမျိုးမျိုးရှိပါတယ်။ အဓိကအားဖြင့် ငွေကြေးမူဝါဒ (Monetary Policy) ပေါ့။ အခုလောလောဆယ်မှာ Monetary Policy အရ ဈေးကွက်ထဲက ငွေကြေးတွေကို နှစ်ဆကျော်လောက် နုတ်ယူနေပါတယ်။ မြန်မာငွေကျပ်တော့မှ မြန်မာငွေကျဆင်းမှု လျော့လာမှာပါ။ နိုင်ငံတကာမှာတော့ အခုလိုလုပ်တဲ့ တင်းကျပ်တဲ့ငွေကြေးမူဝါဒကို Open Market Operations (OMO) နည်းနဲ့ ဆောင်ရွက်ပါတယ်။ မြန်မာနိုင်ငံမှာက ချေးငွေစာချုပ်ဈေးကွက် (Secondary Bonds Market) မဖွံ့ဖြိုးသေးတဲ့အတွက် OMO နည်းနဲ့မဟုတ်ဘဲ အခြားနည်းတွေဖြစ်တဲ့ Deposit Auction နည်းနဲ့ Reserve Requirement နည်းတွေကိုသုံးပါတယ်။ နောက်တစ်ခုက Intervention နည်းနဲ့ ဈေးကွက်လိုအပ်တဲ့ နိုင်ငံခြားငွေကို ရောင်းပေးတာပေါ့။ နိုင်ငံတကာမှာ အခုလို Intervention ကို ဘဏ်အချင်းချင်းရောင်းဝယ်တဲ့ ဈေးကွက် (Multilateral Interbank Market) က ဆောင်ရွက်တာဖြစ်ပေမယ့် မြန်မာနိုင်ငံမှာ Bilateral Interbank Market ပဲရှိနေသေးတဲ့အတွက် နိုင်ငံခြားငွေကြေးလေလံကတစ်ဆင့် Official Intervention ပြုလုပ်ပါတယ်။ မြန်မာနိုင်ငံထက် အများကြီးတိုးတက်တဲ့ ဩစတြေးလျနိုင်ငံလို နီးနီးစပ်စပ် ထိုင်းနိုင်ငံမှာဆိုရင်လည်း ငွေကြေးကျဆင်းတာတွေကို တွေ့ကြုံနေရပါတယ်။

မေး။ ။ ဒေါ်လာဈေးတွေ မြင့်တက်တာ ခဏတာပဲဖြစ်မယ်ဆိုပြီး ဘောဂဗေဒပညာရှင်တချို့က သုံးသပ်ကြတာတွေ့ရပါတယ်။ ဒီလို ဈေးနှုန်းမြင့်တက်တာ၊ လှုပ်ခတ်မှုရှိနေတာနဲ့ပတ်သက်ပြီး ဆရာ့ရဲ့ သုံးသပ်ရှုမြင်ပုံ ကိုလည်း သိပါရစေရှင့်။

ဖြေ။ ။ လတ်တလော သတင်းစာထဲမှာ ဖတ်လိုက်ရတာတွေရှိပါတယ်။ ရေဘေးကြောင့် ကူညီကယ်ဆယ်ရေးတွေကနေတစ်ဆင့် ဒေါ်လာငွေတွေဝင်လာမှာဖြစ်လို့ ဒေါ်လာတက်တာဟာ ယာယီပဲဖြစ်မယ်လို့ သူတို့ရဲ့ ရှုထောင့်ကနေ အကဲခတ်တာလည်း မမှားပါဘူး။ တခြားရှုထောင့်တွေလည်း ရှိနေတာပေါ့။ ကျွန်တော်တို့အနေနဲ့ကတော့ ဒေါ်လာငွေနဲ့ မြန်မာကျပ်ငွေ လဲလှယ်နှုန်း အတက်အကျအလွန်ကြမ်းတမ်းမှုမရှိစေဖို့နဲ့ အရင်ကလို တရားဝင်ဈေးနဲ့ တရားမဝင်ဈေး အလွန်ကွာဟတဲ့ Multiple exchange rates မဖြစ်စေဖို့ ကြိုးစားနေပါတယ်။

မေး။ ။ လတ်တလောဖြစ်ပေါ်နေတဲ့ ပုဂ္ဂလိကဘဏ်အချို့နဲ့ပတ်သက်တဲ့ သတင်းတွေအပေါ်မှာ ဗဟိုဘဏ်ရဲ့ တာဝန်ရှိသူတစ်ယောက်အနေနဲ့ ဘာများပြောချင်ပါသလဲရှင့်။

ဖြေ။ ။ လတ်တလော ဘဏ်အချို့နဲ့ပတ်သက်ပြီး ထွက်ပေါ်လာတဲ့ သတင်းတွေက ကောလာဟလဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ဘယ်ဘဏ်ကိုမှ ပိတ်သိမ်းဖို့ စီစဉ်ထားတာမရှိပါဘူး။ ဘဏ်တွေအနေနဲ့ ငွေကြေးအကျပ်အတည်းဖြစ်လာရင် မြန်မာနိုင်ငံငွေရေးကြေးရေးကဏ္ဍ တည်ငြိမ်မှုရှိနေစေဖို့ ဗဟိုဘဏ်က လိုအပ်တဲ့ငွေကြေးအကူအညီတွေကို ဥပဒေနဲ့အညီ ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ ပုဂ္ဂလိကဘဏ်တွေအားလုံးက မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ကြီးကြပ်စိစစ်မှု အောက်မှာရှိပြီး ဗဟိုဘဏ်က ပြဋ္ဌာန်းထားတဲ့ သတ်မှတ်ချက်တွေနဲ့အညီ ဘဏ်လုပ်ငန်းတွေ ဆောင်ရွက်နေကြပါတယ်။ ဒီနေ့မွန်းလွဲပိုင်းကပဲ သက်ဆိုင်ရာဝန်ကြီးဌာနတွေက ပြည်ထောင်စုဝန်ကြီးတွေ၊ ဒုတိယဝန်ကြီးတွေနဲ့ မြန်မာငွေကြေးတည်ငြိမ်မှုရစေဖို့ ဗဟိုဘဏ်မှာ အစည်းအဝေး လုပ်ခဲ့ပါတယ်။ အစည်းအဝေးမှာ ငွေဈေးတည်ငြိမ်စေဖို့ ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်တွေကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

(အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်ရှင့်။)

မြစိမ်းရောင်ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီဖွဲ့စည်း

ကဝ ဩဂုတ် ၁၇

ကဝမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၅/၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးရွာ ၁၀ ရွာတိုးချဲ့ရရှိ၍ အဆိုပါ ကျေးရွာများတွင် မြစိမ်းရောင် ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီများအား တာဝန်ရှိသူများက ဩဂုတ်လပထမပတ်က စီမံကိန်းဝင် ၁၀ ရွာအနက် ရစ်ကန်ကြီး၊ ညောင်ဈေးဖလုံနှင့် မကျက်ကြီး ကျေးရွာတို့၌ ကွင်းဆင်းကြီးကြပ်ကာ ကော်မတီဖွဲ့စည်းခဲ့သည်။ **မြင့်ဦး(ဝါးခယ်မ)**

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ် ရှိရုပ်ရှင်ကြည့်ချစ်ပရိသတ်ကြီးများအတွက် နိုင်ငံတကာအဆင့်မီ 2D / 3D စက်သစ်ကြီးများတပ်ဆင်ထားသော

(၂၁-၈-၂၀၁၅) ရက်မှစတင်ပြပြီ

ကြိုတင်လက်မှတ်ရောင်းပြီ

မင်္ဂလာ ဝဇီရာ Mingalar Waziyar Cinema
အဆင့်မြင့်ရုပ်ရှင်ရုံ

ကျယ်ဝန်းသပ်ရပ်လှပပြီး သက်တောင့်သက်သာအပန်းဖြေအနားယူ ကြည့်ရှုနိုင်သော မင်္ဂလာ ဝဇီရာ အဆင့်မြင့်ရုပ်ရှင်ရုံကြီးတွင် မြန်မာ၊ နိုင်ငံခြားရုပ်ရှင် ဇာတ်ကားသစ်များကို ကြည်လင်ပြတ်သားသော ပိတ်ကားပြင်၊ အရုပ်အသံကောင်းမွန်သော DIGITAL 3D CINEMA နောက်ဆုံးပေါ်စက်သစ်ကြီးများ၊ နိုင်ငံတကာအဆင့်မီ ထူးခြားပြည့်စုံသော ဝန်ဆောင်မှုများဖြင့် ရုပ်ရှင်ကြည့်ချစ်ပရိသတ်များ အပန်းဖြေကြည့်ရှု အနားယူနိုင်ရန် ဩဂုတ်လ (၂၁) ရက် တွင် စတင်ဖွင့်လှစ်ပြသလိုက်ပါသည်။

ဖုန်း - ၀၉ ၂၆၁၃၉၀၁၁၅၅၊ ၀၉ ၂၆၁၃၉၀၁၁၆၆၊ ၀၉ ၂၆၁၃၉၀၁၁၇၇

လှိုင်သာယာမြို့နယ် ၊ မီးခွက်ဈေးအနီး

သာစည်မြို့လယ်ကောင် ယာဉ်ထိန်းရဲဂိတ်အနီး၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

သာစည် ဩဂုတ် ၁၇

သာစည်မြို့နယ် ဘုရားငါးဆူဈေးမှ ဈေးရောင်းပြန်လာကြသည့် ဒါရိုက်တာ ကိုတင့်ဝေ (၅၃ နှစ်) မောင်းနှင်လာသော အဖြူရောင် TOYOTA VAN အမျိုးအစား ယာဉ်သည် ယမန်နေ့က သာစည်မြို့လယ်ကောင် ယာဉ်ထိန်းရဲ နားနေစခန်းနှင့် လိုင်းပေါင်းစုံ မော်တော်ယာဉ်ဂိတ်အနီးအရောက်တွင် တိုက်လော့ပြုတ်ပြီး ယာဉ်တိမ်းမှောက်၍ ပက်လက်လန်သွားသည်။

အဆိုပါ တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါရှိသူ အမှတ်(၄) မြို့မရပ်ကွက်နေ မအေးမာ (၄၈ နှစ်)နှင့် အစ်ကိုဖြစ်သူ ယာဉ်မောင်း ကိုတင့်ဝေတို့နှစ်ဦးမှာ အနည်းငယ် ဒဏ်ရာရသည်မှအပ အခြားထိခိုက်မှု မရှိကြောင်း သိရသည်။

မောင်ကို(သာစည်)

စိတ်ကြွရူးသွပ်ဆေးပြားများ မူဆယ်မြို့၌ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရှွေလီစစ်ဆင်ရေး(၂)စီမံချက်ကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ ရက်က မူးယစ်တပ်ဖွဲ့စု(၂၂) မူဆယ်၊ မူးယစ်တပ်ဖွဲ့စု (၁၀၂) နေပြည်တော်မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နေ မဖန်းချိုးလင့်၏နေအိမ်ကို ရှာဖွေရာ နေအိမ်အခန်းအတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၈၅ ပြားနှင့် ခုတင်အောက်ရှိ ကားဆီတိုင်ကီအတွင်းမှ တစ်တုံးလျှင် အလေးချိန် ၀ ဒသမ ၃၅ ကီလိုစီရှိ ddd တံဆိပ်ပါ ဘိန်းဖြူဘလောက်တုံး ၂၀ တုံး၊ တရုတ်စာတန်းပါ ဘိန်းဖြူ ဘလောက်တုံး ၂၀ တုံး၊ သစ်ရွက်ပုံတံဆိပ်ပါ ဘိန်းဖြူ ဘလောက်တုံး တစ်တုံး စုစုပေါင်း ဘိန်းဖြူဘလောက်တုံး ၄၃ တုံး(ဘိန်းဖြူအလေးချိန် ၁၅ ဒသမ ၀၅ ကီလို) စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ပေါင်း ၃၀၁၀ တို့ကို သိမ်းဆည်းရမိသဖြင့် မဖန်းချိုးလင့် (၂၂ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကျွာ စိတ်ချမ်းသာ

မိုးရွာနိုင်မည့် အခြေအနေ

နေပြည်တော် ဩဂုတ် ၁၇

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ဩဂုတ် ၁၈ ရက်တွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရေသန့်နှင့် ကလိုရင်းရေသန့်ဆေးမှုန့် လှူဒါန်း

ဆင်ပေါင်ဝဲ ဩဂုတ် ၁၇

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်ရှိ ရေတွင်းရေကန်များ သန့်ရှင်းစေရန်အတွက် ကလိုရင်းရေသန့်ဆေးမှုန့် တန်ဖိုးငွေကျပ် ၁၅၀၀၀၀ ခန့်ကို ဝေဠုကျော်ဖောင်ဒေးရှင်းက ဩဂုတ် ၁၆ ရက် နံနက် ၈ နာရီခွဲ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမသို့ လာရောက်လှူဒါန်းခဲ့ကြောင်းနှင့် မွန်းညောင်ပင်သာကျေးရွာ၊ အလယ်ကန်ကျေးရွာ၊ မကြီးကန်ကျေးရွာ၊ ကန်လှကျေးရွာ၊ ရွာပြေသာကျေးရွာရှိ ရေဝင်အိမ်ထောင်စုများအတွက်လည်း ငွေကျပ် ၁၀ သိန်းခန့်ရှိ ရေသန့်ကတ်များ ဆက်လက်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးရထားပေါ် ရွှေဆွဲကြိုးလုယူသူအား ၁၂ နာရီအတွင်း ဖမ်းဆီးမိ

ပျဉ်းမနား ဩဂုတ် ၁၇

မန္တလေး-ရန်ကုန် အမှတ်(၆) အစုန်ရထားပေါ်တွင် ဩဂုတ် ၁၆ ရက်က ခရီးသွားပြည်သူ ကျောင်းဆရာမတစ်ဦး ပျဉ်းမနား ဘူတာရထားအထွက်၌ လည်ပင်းတွင် ဆွဲထားသော ရွှေဆွဲကြိုးလုယူခံရမှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၆ ရက် ညနေ ၃ နာရီက ဒေါ်စန်းစန်းနု (၄၇ နှစ်) ကျောင်းဆရာမ နန်းတွင်း၊ မန္တလေးတိုင်းဒေသကြီးနေသူသည် မိသားစုနှင့်အတူ မန္တလေးဘူတာမှ ထွက်ခွာလာသော အမှတ်(၆) အစုန်ရထားအထက်တန်းတွဲ(၃)မှ လိုက်ပါ၍ ရန်ကုန်သို့သွားရောက်ခဲ့ရာ ပျဉ်းမနားဘူတာသို့ ည ၉ နာရီတွင် ရောက်ရှိခဲ့ပြီး ပျဉ်းမနားဘူတာမှ ရထားပြန်ထွက်စဉ် ပျဉ်းမနားမြို့ တောင်သာရပ်ကွက် အလံကိုးစင်းသံလမ်းကူး ဂိတ်အနီးအရောက်တွင် ဒေါ်စန်းစန်းနု၏ လည်ပင်းတွင် ဆွဲထားသော ရွှေဆွဲကြိုး (ကာလတန်ဖိုးငွေကျပ် ၁၅ သိန်း)ကို လုယူခံခဲ့ရ၍ ပြစ်မှုကျူးလွန်သူကို စုံစမ်းစစ်ဆေးအရေးယူပေးပါရန် ဒေါ်စန်းစန်းနုက ပျဉ်းမနားမြို့မရဲစခန်းသို့ အမှုဖွင့် တိုင်ကြားခဲ့သည်။

အမှုနှင့်ပတ်သက်၍ အမြန်မီးရထားများပေါ်တွင် ဈေးရောင်းလေ့ရှိသူ စည်သူအောင်(၂၅ နှစ်)၊ ရန်အောင်(၂)ရပ်ကွက် ပျဉ်းမနားမြို့နေသူသည် အမှတ်(၆) အစုန်ရထားပေါ်တွင်လိုက်ပါခဲ့သည်ဟု သတင်းရရှိ၍ ပျဉ်းမနားမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်မိုးဦး၊ ပျဉ်းမနားမြို့မရဲစခန်းမှူးနှင့် ပူးပေါင်းအဖွဲ့သည် စည်သူအောင်ကို လိုက်လံရှာဖွေရာ ရန်အောင် (၂) ရပ်ကွက် ရန်နိုင်(၂) နယ်မြေတွင် နေထိုင်သူ ဇော်ကြီး၏

နေအိမ်သို့သွားရောက်ကြောင်း သိရှိရ၍ သွားရောက်ရှာဖွေရာ စည်သူအောင်ကို နေအိမ်အတွင်းတွေ့ရှိ၍ ဖမ်းဆီးစစ်ဆေးမေးမြန်းရာ ဇော်ကြီးထံ အပ်ထားသော ရွှေဆွဲကြိုးကို ပြန်လည်သိမ်းဆည်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စည်သူအောင်နှင့် သက်သေခံပစ္စည်းကို လက်ခံထားရှိသူ ဇော်ကြီး(၄၁ နှစ်)ကို သက်ဆိုင်ရာက ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

မျိုးဇေယျာ(ပျဉ်းမနား)

သန်းဌေးနှင့်ရောင်းရင်းများ ၏ ရွှေတောင်ပြုံးသို့

* ရွှေတောင်ပြုံး၊မန္တလေး(သီးသန့်)(၃)ရက်။ ပြင်ဦးလွင်ပါ(၅)ရက်။
* ရွှေတောင်ပြုံး၊မန္တလေး၊မုံရွာ၊ပြင်ဦးလွင်(၆)ရက်(တောင်ကြီး၊အင်းလေး)(ပုဂံ၊ညောင်ဦး၊ပုပ္ပါး)(၇၊၈)ရက်၊အားလုံးပါ(၁၀)ရက်။
* ရွှေတောင်ပြုံး၊မန္တလေး၊ပြင်ဦးလွင်၊လားရှိုး၊မူဆယ်၊ရွှေလီ(၇)ရက်။

AUG-23/24 ထွက်မည်။

* (ပုဂံညောင်ဦး၊ပုပ္ပါး)(တောင်ကြီး၊အင်းလေး၊ပင်းတယ)(မန္တလေး၊မုံရွာ၊ပြင်ဦးလွင်)(၄)ရက်။(သောကြာနေ့တိုင်း)
* လွှမ်း။(နေပြည်တော်)(ပြည်အကောက်တောင်၊နဂါးရစ်ဆရာတော်ဖူး)(စနေ၊တနင်္ဂနွေ)
* ဘီးလင်းမဲလဲဆံတော် ရှင်၊ကျိုက်ထီးဆောင်း(နေ့ချင်းပြန်)ကျိုက်ထီးရိုး၊ချောင်းသာ(အင်္ဂါ၊သောကြာ)
* အစအဆုံးတော်ထွက် (28.9.15)ရက်အတွက် (ကြိုတင်စာရင်းပေးပါ)

ပင်ရင်း(၄၂၄)ရွှေဘုံသာလမ်း(အထက်) Ph-01241863,380141,0943043109,0973251422

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2F/ 8062၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဃ/၅၃၆၁၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

"ရန်ကုန်စတော့အိပ်ချိန်းတွင် မှတ်ပုံတင်၍ အစုရှယ်ယာရောင်းချခွင့်ပြုမည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ၏ အရည်အသွေးသတ်မှတ်ချက် "စံ"များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ"

"Explanation of Listing Criteria for Public Companies on YSX"

ရန်ကုန်စတော့အိပ်ချိန်းအား မကြာမီဖွင့်လှစ်မည်ဖြစ်ပါသည်။ ရန်ကုန်စတော့အိပ်ချိန်း၌ မှတ်ပုံတင်၍ အစုရှယ်ယာရောင်းချခွင့်ပြုမည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများ၏ အရည်အသွေးသတ်မှတ်ချက် "စံ"များ (Listing Criteria)နှင့် စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ၁၇-၈-၂၀၁၅ ရက်မှစ၍ မှတ်ပုံတင်ကြေး (Registration Fee)နှင့်အတူ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများ၊ ဥပဒေအကြံပေးအဖွဲ့အစည်းများနှင့် စာရင်းစစ်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များသည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတွင် ၂၀-၈-၂၀၁၅ ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်း တက်ရောက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

နေ့ရက် - ၂၂-၈-၂၀၁၅ ရက် (စနေနေ့)
အချိန် - နံနက် ၁၀း၀၀ နာရီ
နေရာ - မြန်မာနိုင်ငံစာရင်းကိုင်သင်တန်းကျောင်း၊ ကောလိပ်လမ်း၊ သခင်မြပန်းခြံအနီး၊ အလုံမြို့နယ်၊ ရန်ကုန်မြို့

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး
အမှတ် ၂၁-၂၅၊ ဆူးလေဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၇၀၁၀၀

အိတ်ဖွင့်တင်ဒါ လျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းရှိ ရန်ကုန်ပုံနှိပ်စက်ရုံများ၊ အထက်မြန်မာပြည်အစိုးရပုံနှိပ်စက်ရုံ(မန္တလေး)နှင့် နေပြည်တော်ပုံနှိပ်စက်ရုံ(ဇေယျာသီရိ)တို့မှထွက်ရှိသော အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၁၄-၈-၂၀၁၅ ရက်မှ ၂၄-၈-၂၀၁၅ ရက်ထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၂၄-၈-၂၀၁၅ ရက် ၁၆း၀၀ နာရီ ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈၊ ၀၆၇-၄၁၂၂၀၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

ငွေချေးသက်သေခံလက်မှတ်များအား အီလက်ထရွန်နစ်ဖြင့် မှတ်တမ်းတင်ထိန်းသိမ်းခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာ

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းများ လဲလှယ်ရောင်းဝယ်ရေး ဥပဒေ ပုဒ်မ (၇၁)(ခ)နှင့်အညီ ငွေချေးသက်သေခံလက်မှတ်များအား အီလက်ထရွန်နစ်နည်းဖြင့် မှတ်တမ်းတင်ထိန်းသိမ်းခြင်းဆိုင်ရာ အမိန့်ကြော်ငြာ ထုတ်ပြန်ပြီးဖြစ်ပါသည်။

၂။ သို့ပါ၍ အဆိုပါအမိန့်ကြော်ငြာစာတွင်ပါဝင်သည့် အသေးစိတ်အချက်အလက်များကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံးတည်ရှိရာ အမှတ်(၂၁-၂၅)၊ ဆူးလေဘုရားလမ်း၊ မြန်မာ့စီးပွားရေးဘဏ် အဆောက်အအုံ၊ ဒုတိယထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် စိတ်ပါဝင်စားသောကုမ္ပဏီများနှင့် အများပြည်သူများ လာရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၀၊ ဂရုဏာလမ်း၊ မြေကွက်အမှတ် ၁၄၁၃၊ ၁၄၁၄၊ ၁၄၁၅၊ ၁၄၁၆၊ ပေ(၄၀×၆၀) လေးကွက်တွဲနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိပိုင်ဆိုင်သော ဒေါ်ရင်နု ၁၂/ဒဂတ(နိုင်)၀၉၉၄၈၆ အမှတ် ၈၆၉၊ သစ္စာလမ်း၊ (၁၄၀)ရပ်ကွက်၊ ဒဂုံတောင်နေသူထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတချို့ပေးချေထားပြီးဖြစ်ရာ ၎င်းမြေကွက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ၁၀ ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သီတာစိုး
၁၁/သတန(နိုင်)၀၄၆၅၃၆
အမှတ် H ၄၃၊ ရွှေသရဖီ ၁ လမ်း၊ FMI City၊ လှိုင်သာယာ၊
ဖုန်း-၀၉-၄၂၀၀၆၁၁၅၀

ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၈-၂၀၁၅ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၆)ပါ ကန့်ကွက်နိုင်ပါကြောင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ကြော်ငြာတွင် ဦးတိတ်စိန်၏ မှတ်ပုံတင်အမှတ် CL-၀၁၄၃၂၇အစား CK-၀၁၄၃၂၇ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အမည်မှန်

သန်လျင်မြို့၊ ညောင်သုံးပင်တောင်ပိုင်း၊ ဦးဇော်ဇော်၏သမီး မမြတ်ယုမွန်၏အမည်မှန်မှာ မယွန်းသီရိ ဖြစ်ပါကြောင်း။

လပြည့် 09-50-37438 532200
မြို့တွင်း/ပြင်ခရီးစဉ်မျိုးစုံနှင့်လ/နှစ်ချုပ် ကားမျိုးစုံ ငှားရန်အသင့်ရှိသည် ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်းအထက နဝမတန်း(I)မှ မခိုင်သဇင်အေး၏ ဖခင်အမည်မှန်မှာ ဦးတင်ငြိမ်း ၅/ကဘလ(နိုင်)၀၆၃၅၀၆ ဖြစ်ပါသည်။

ဦးတင်ငြိမ်း

ရေဘေးသင့်ပြည်သူများအား လှူဒါန်းရန် ရန်ပုံငွေပန်းချီပြပွဲဖွင့်လှစ်

မန္တလေး ဩဂုတ် ၁၇

ရေဘေးသင့်ပြည်သူများကို လှူဒါန်းနိုင်ရန် ရန်ပုံငွေပန်းချီပြပွဲကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်ခြေ ပန်းချီပြခန်း၌ ဩဂုတ် ၁၅ရက်က စတင်၍ ဖွင့်လှစ်ပြသသည်။

အဆိုပါ ပန်းချီပြပွဲတွင် မန္တလေး၊ ရန်ကုန်၊ မုံရွာ၊ ပြင်ဦးလွင် အစရှိသည့် မြို့များမှ ပန်းချီဆရာ ၁၅၀ ခန့်က ရေးဆွဲသော ပန်းချီကား Transparent Water Colour ၁၀၂ ကား၊ Acrylic Colour ၃၄ ကား၊ Oil Colour ၁၁ ကား၊ Pastel Colour ၁၃ ကား၊ Opaque Water Colour ခြောက်ကား၊ Mix Medium ငါးကား စုစုပေါင်း ၁၇၁ ကား ပါဝင်ပြသထားသည်။

ယင်း ပန်းချီကားများသည် အပြင် ကာလပေါက်စျေးထက် တစ်ဝက်ခန့် သက်သာကြောင်း၊ အလှူရှင်များဝယ်ယူအားပေးသဖြင့် ၃၈ ကား ရောင်းချပြီးဖြစ်ကာ အဆိုပါ ပန်းချီကားများ ရောင်းချရာမှရရှိလာသည့် အလှူငွေများကို ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးတွင် လှူဒါန်းသွားမည်ဖြစ်ကြောင်းနှင့် ပန်းချီပြပွဲကို ဩဂုတ် ၁၅ ရက်မှ ၁၉ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

မြစ်ရေဝင်ရောက်၍ စာသင်ကျောင်း ၃၇ ကျောင်း ခေတ္တပိတ်ထား

ကျုံပျော် ဩဂုတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်း ဒါးကချောင်းရေနှင့် မြစ်ရေများဝင်ရောက်လာမှုကြောင့် မြို့ပေါ်ရပ်ကွက်တချို့နှင့် ကျေးရွာများရှိ လူနေအိမ်၊ ကျောင်းနှင့် လယ်ယာမြေများအတွင်း ရေဝင်ရောက်လျက်ရှိရာ ဩဂုတ် ၆ ရက်မှ ၁၄ ရက်အထိ စာသင်ကျောင်း ၃၇ ကျောင်း ယာယီပိတ်ထားရကြောင်း သိရသည်။

ယခင်က ယာယီကျောင်းပိတ်ရက်ကို တစ်ပတ် သတ်မှတ်ထားသော်လည်း ရေများပြန်လည်ကျဆင်းမှုမရှိသောကြောင့် ပိတ်ရက်ထပ်မံတိုးပေးထားရပြီး ကျောင်းဖွင့်ရက်ကို ရေကျဆင်းမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ ကျောင်းသားများ အသက်အန္တရာယ်ကင်းဝေးရေးအတွက် စီမံဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)

ရေဘေးသင့်အိမ်ထောင်စု ၇၄ စုအတွက် ကမ္ဘောဇဘဏ်လီမိတက်က ငွေကျပ်သိန်း ၃၇၀ လှူဒါန်း

တာချီလိတ် ဩဂုတ် ၁၇

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့ရှိ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအတွက် ကမ္ဘောဇဘဏ်လီမိတက် တာချီလိတ်ဘဏ်ခွဲမှ အိမ်ထောင်စု တစ်စုလျှင် ငွေကျပ်ငါးသိန်းနှုန်းဖြင့် ရေဘေးသင့် အိမ်ထောင်စု ၇၄ စုအတွက် ထောက်ပံ့ငွေကျပ်သိန်း ၃၇၀ကို ဩဂုတ် ၁၅ ရက်က ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့ ထောက်ပံ့လှူဒါန်းရာတွင် တာချီလိတ်ဘဏ်ခွဲ (၁)မှ မန်နေဂျာ ဒေါ်ဇင်မင်းသန့်၊ တာချီလိတ်ဘဏ်ခွဲ (၂) မှ မန်နေဂျာ ဒေါ်ချစ်စုသန့်နှင့် ဘဏ်ဝန်ထမ်းများက ပေးအပ်လှူဒါန်းရာ စစ်ဗျူဟာအဖွဲ့(အခြေချ) တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဇော်မင်းထွန်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေနှင့် တာဝန်ရှိသူများက လက်ခံယူပြီး ရေဘေးသင့်ပြည်သူများထံ ဆက်လက် ထောက်ပံ့ပေးမည်ဖြစ်သည်။

ထို့အတူ ဩဂုတ် ၁၄ ရက်က မြန်မာ-ထိုင်း- တရုတ်-လာအို မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့မှ ထိုင်းနိုင်ငံ ကိုယ်စားလှယ်အဖွဲ့က ထိုင်းဘတ်ငွေ ၂၅၀၀၀ တန်ဖိုးရှိ သောက်ရေသန့်ဘူး ၅၀၀၀၀၊ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသန်းနိုင်အောင်နှင့် ဝန်ထမ်းများက ငွေကျပ် ငါးသိန်း၊ တာချီလိတ်မြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်းမှ ကျောင်းအုပ် ဆရာမကြီး ဒေါ်နန်းစံဖူးလောဝ်၊ ဆရာမများနှင့် သင်တန်းသူများက အဝတ်အထည်၊ ခေါက်ဆွဲခြောက်ဖာနှင့် စားသောက်ဖွယ်ရာများပါဝင်သည့် အထုပ်များကို အိမ်ထောင်စု ၅၀ အတွက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဝေယံလင်း(ပြန်/ဆက်)

ရေတာရှည်မြို့နယ်တွင် မျိုးစပါးများ ဈေးကောင်းပေး၍ ဝယ်ယူနေရ

ရေတာရှည် ဩဂုတ် ၁၇

နိုင်ငံတစ်ဝန်းရေကြီးရေလျှံမှုများကြောင့် မိုးစပါးများ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် မျိုးစပါးများ လိုအပ်လျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မျိုးစပါးများကို ဈေးကောင်းပေး၍ ဝယ်ယူလျက်ရှိကြောင်း သိရသည်။

စပါးတင်း ၁၀၀ လျှင် ငွေကျပ်ငါးသိန်းခွဲနှုန်းဖြင့် ဝယ်ယူလျက်ရှိသော်လည်း စပါးမျိုးမှာ လက်ရှိမြို့နယ်အတွင်း၌ပင် လိုအပ်ချက်များရှိနေကာ လယ်ဧကများပြားသည့် တောင်သူကြီးတို့ကသာ လှောင်လက်စပါးများကို ထုတ်ရောင်းချကြသည်ကို တွေ့ရသည်။

“စပါးမျိုးက ကျွန်တော်တို့မြို့နယ်မှာကလည်း မရှိကြတော့ဘူး။ အရင်လ ရေလျှံတုန်းက ဧကထောင်နဲ့ချီ ပျက်စီးကုန်တော့ အဲဒီအတွက်တောင် မနည်းကို ရှာဝယ်နေရတာ။ ခုမျိုးစပါးကြတော့ တောင်သူကြီးတွေလောက်ပဲ ရောင်းနိုင်ကြတာများပါတယ်။ တောင်သူတော်တော်များများမှာတော့ မျိုးစပါး မရှိကြတော့ပါဘူး” ဟု တောင်သူတစ်ဦးက ပြောသည်။

ကိုလွင်(ဆွာ)

အထွေထွေရောဂါကု ဆရာဝန်များအတွက် သင်တန်းပို့ချမည်

ရန်ကုန် ဩဂုတ် ၁၇

မြန်မာနိုင်ငံဆရာဝန်အသင်းစဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ် (CME) မှ အထွေထွေရောဂါကုဆရာဝန်များအတွက် Emergency Management for GPs (2015) သင်တန်းကို ဩဂုတ် ၂၂ ရက်မှ နိုဝင်ဘာ ၇ အထိ စနေ၊တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ပို့ချမည်ဖြစ်သည်။

သင်တန်းတွင် ပါဝင်ကူညီမည့် ဆေးကုမ္ပဏီများနှင့်တွေ့ဆုံဆွေးနွေးလိုပါသဖြင့် ဩဂုတ် ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင် (ဘီ) သို့ ကြွရောက်ကြရန်နှင့် သင်တန်းတက်ရောက်လိုသော အသင်းဝင်ဆရာဝန်များသည် ဩဂုတ် ၁၇ရက်နှင့်၁၈ ရက် နံနက် ၁၀နာရီမှ မွန်းလွဲ ၂နာရီအထိ တက်ရောက်မည့်သူကိုယ်တိုင် အသင်းဝင်ကတ်၊ လိုင်စင်ဓာတ်ပုံ သုံးပုံဖြင့် စာရင်းသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

သွားနှင့်ခံတွင်းဆိုင်ရာ လက်တွေ့အသိပညာပေး

နတ်တလင်း ဩဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ကံကလေးကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဩဂုတ် ၁၄ ရက်က ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးဟောပြောပွဲကို မြို့နယ်ခံတွင်းနှင့်သွားဆရာဝန် ဒေါက်တာခိုင်ခိုင်ညိုက ဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် သွားနှင့်ခံတွင်းအကြောင်း အသိပညာပေးဟောပြောခြင်း၊ လက်တွေ့ သွားတိုက်နည်းသရုပ်ပြသခြင်း၊ သွားနှင့်ခံတွင်းရောဂါများအား စစ်ဆေးကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ သီးနှံအုပ်စု၊ သားငါးအုပ်စု၊ ဆီအုပ်စု၊ အစာသုံးအုပ်စုတွင် ပါဝင်သော အာဟာရဓာတ်များအကြောင်းနှင့် လက်တွေ့ချက်ပြုတ်ပြင်ဆင်မှုကို သရုပ်ပြခြင်း၊ လက်ဆေးနည်းသရုပ်ပြခြင်း၊ Role Play နည်းဖြင့် ကျန်းမာရေးအသိပညာပေးခြင်း၊ တက်ရောက်လာကြသော ကျောင်းသားကျောင်းသူများ၊ မိဘများအား ကျန်းမာရေးနှင့်ပတ်သက်၍ ဉာဏ်စမ်းပဟေဠိဖြေဆိုပြိုင်ပွဲများ ကျင်းပ၍ အမှန်ကန်ဆုံး ဖြေဆိုနိုင်သူများကိုဆုချီးမြှင့်ခြင်းနှင့် ဆေးမှူးက ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များအကြောင်း ဆွေးနွေးသွားခဲ့ကြောင်း သိရသည်။

တင်မြင့် (နတ်တလင်း)

တိရစ္ဆာန်များအတွက် အစာနှင့်ဆေးဝါးများပေးပို့

နေပြည်တော် ဩဂုတ် ၁၇

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ရေဘေးသင့်ဒေသရှိ အစာနှင့်ဆေးဝါးများ လိုအပ်နေသော တိရစ္ဆာန်များအတွက် ဩဂုတ် ၁၅ ရက်က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ သာပေါင်းမြို့နယ်၊ လေးမျက်နှာမြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်များသို့ အစာ ၁၄ ဒသမ ၃၅၅ တန် စုစုပေါင်းတန်ဖိုး ငွေကျပ် ၄ ဒသမ ၃၁ သန်းနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မိုးညိုမြို့နယ်သို့ နွားစာခြောက်တန်၊ တန်ဖိုးငွေကျပ် ၁ ဒသမ ၅၆ သန်း ပေးပို့လှူဒါန်းခဲ့သည်။

ဆက်လက်၍ ကျန်ရှိနေသေးသော ရေဘေးသင့်ဒေသများသို့ အမြန်ဆုံးဆက်လက်ပေးပို့လျက်ရှိကြောင်းနှင့် ဝန်ကြီးဌာနအနေဖြင့် ရေဘေးသင့်ဒေသများသို့ ကွင်းဆင်းကူညီဆောင်ရွက်ရေးအဖွဲ့ ၁၀ ဖွဲ့ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူပင် တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူများကလည်း နေ့စဉ်ပေးပို့လှူဒါန်းလျက်ရှိပြီး တိရစ္ဆာန်အစာနှင့် ဆေးဝါးများလှူဒါန်းလိုပါက ဒေါက်တာစိုးဝင်း ညွှန်ကြားရေးမှူး နေပြည်တော် ဖုန်း- ၀၆၇-၄၀၈၁၇၅၊ ၀၉ ၄၉၂၀၈၇၂၅ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာကျော် အင်းလေး

မောင်သာ (ရှေးဟောင်းသုတေသန)

အင်းလေးကန်သည် မြန်မာနိုင်ငံအတွင်းသာမက ကမ္ဘာ့နိုင်ငံများအကြားတွင်ပါ ထင်ရှားသည့် မြန်မာနိုင်ငံ၏ ပုံရိပ်တစ်ခုဖြစ်သည်။ ရှမ်းပြည်နယ်တောင်ပိုင်းရှိ မြင့်မားသောတောင်တန်းများအကြား ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၉၀၀ တွင်တည်ရှိနေသည့် အင်းလေးကန်သည် သာယာလှပသော မြင်ကွင်းများနှင့်တကွ စိတ်ဝင်စားဖွယ်အလွန်ကောင်းသည့်သဘာဝရေချိုအိုင်ကြီးတစ်ခုဖြစ်သည်။

ဘူမိဗေဒပညာရှင်များက မြန်မာနိုင်ငံ မိုးကောင်း၊ ညောင်ရွှေ၊ ဟဲဟိုး၊ လားရှိုး၊ မိုးကုတ်၊ ကျိုင်းတုံစသော နေရာဒေသများတွင် လွန်ခဲ့သော နှစ်တစ်သောင်းကျော်က အလွန်ကြီးမားသော အင်းအိုင်ကြီးများရှိခဲ့ကြောင်း၊ ရှမ်းကုန်းပြင်မြင့်ရှိ ညောင်ရွှေချိုင့်ဝှမ်းတစ်ခုလုံးသည် ရှေးဟောင်း အိုင်မကြီးဖြစ်ခဲ့ကြောင်း၊ လွန်ခဲ့သောနှစ်တစ်သောင်းမှ ခုနစ်ထောင်အကြား ကျောက်ခေတ်လယ် (Mesolithic Age) ကာလတွင် ထိုရောမအိုင်ကြီး ဆုတ်ယုတ်လျော့ပါးလာပြီးနောက် အိုင်သေးအိုင်ငယ်အဖြစ် ကျန်ရှိခဲ့သောအိုင်မှာ ယခုအင်းလေးရေအိုင်ဖြစ်ကြောင်း အခြေပြမြန်မာ့နိုင်ငံရေးသမိုင်းပထမတွဲတွင် ရေးသားထားချက်အရ အင်းလေးကန်သည် သက်တမ်းနှစ်တစ်သောင်းနီးပါးရှိပြီဖြစ်ပေသည်။

အင်းလေးကန်သည် တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ်အတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၃၃ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၅ မိနစ်တွင် တည်ရှိသည်။ ရေပြင်ဧရိယာ ၄၄ ဒသမ ၉ စတုရန်းမိုင် ကျယ်ဝန်းသဖြင့် မြန်မာနိုင်ငံတွင် ဒုတိယ အကြီးဆုံး ရေချိုအိုင်ဖြစ်သည်။(မြန်မာနိုင်ငံ၏ အကြီးဆုံးရေချိုအိုင်သည် ကချင်ပြည်နယ် မိုးညှင်းမြို့နယ်ရှိ အင်းတော်ကြီးဖြစ်သည်။) အင်းလေးကန်သည် ခြောက်သွေ့ရာသီတွင် ပျမ်းမျှရေအနက် ၇ ပေရှိပြီး မုတ်သုံရာသီတွင် အမြင့်ဆုံးရေအနက်သည် ၁၂ ပေဖြစ်သည်။ အင်းလေးကန်၏ ရေဝေရေလဲ ဧရိယာသည် ကန်၏ မြောက်ဘက်နှင့် အနောက်ဘက်တို့ဖြစ်ကြပြီး ကျယ်ပြန့်သော နယ်နိမိတ်ရှိသည်။ အင်းလေးကန်သည် အရှေ့တောင်ဘက်အစွန်းရှိ ဘီလူးချောင်းသို့ စီးဝင်လျက်ရှိပြီး အနောက်မြောက်ဘက်ကမ်းခြေတွင် ရေပူစမ်းတစ်ခုရှိသည်။

အင်းလေးကန် နယ်မြေတွင် ငှက်မျိုးစိတ် ၂၇၀၊ ငါးမျိုးစိတ် ၄၃ မျိုး၊ ကုန်းနေရေနေ သတ္တဝါ ၃၄ မျိုး၊ လိပ် သုံးမျိုး၊ လိပ်ပြာ ၃၄ မျိုး နေထိုင်ကျက်စားလျက်ရှိသည်။ အင်းလေးကန်တွင် ကမ္ဘာပေါ်၌ မည်သည့်နေရာတွင်မှမရှိသည့် ခရုမျိုးစိတ် ၂၀ နှင့် ငါးမျိုးစိတ်ကိုးခုရှိသည်။ နိုဝင်ဘာလမှ ဇန်နဝါရီလအထိ အညိုရောင် ဦးခေါင်းမည်း စင်ရော်ကောင်ရေ နှစ်သောင်းကျော်ကို အင်းလေးကန်အတွင်း မြင်တွေ့နိုင်ကြပေသည်။

အင်းလေးဒေသဝန်းကျင်ရှိ မြို့ရွာများနှင့် အင်းလေးကန်အတွင်းတွင် အင်းသားလူမျိုး ခုနစ်သောင်းကျော် နေထိုင်လျက်ရှိသည်။အင်းသားလူမျိုးများအပြင် ရှမ်း၊ တောင်ရိုး၊ ခနော့၊ ပအိုဝ်း၊ ကယားနှင့် ဗမာလူမျိုးများလည်း နေထိုင်ကြသည်။ အင်းလေးဒေသနေ တိုင်းရင်းသားအများစုသည် ထေရဝါဒဗုဒ္ဓဘာသာကို ကိုးကွယ်ကြသူများဖြစ်ကြသည်။

အင်းလေးကန်အတွင်း အဓိက သွားလာ၊ သယ်ယူပို့ဆောင်ရေးသည် လှေများဖြစ်ကြပြီး အနည်းငယ်ကြီးမားသော လှေများကို အင်ဂျင်စက်များ တပ်ဆင် မောင်းနှင်သွားလာကြသည်။ အင်းလေးကန်၏ ကမ္ဘာကျော်လက္ခဏာတစ်ရပ်သည် အင်းလေးကန်အတွင်း သွားလာနေကြသော လှေများကို လှေလှော်သူများက ခြေထောက်ဖြင့် လှော်ခတ်သွားလာကြခြင်းပင်ဖြစ်သည်။ လှေပေါ်တွင် မတ်တတ်ရပ်လျက် လှော်တက်ကို ခြေထောက်ဖြင့်ညှပ်ကာ လှော်ခတ်သည့်ဓလေ့ကို မြန်မာနိုင်ငံ အင်းလေးဒေသမှလွဲ၍ မည်သည့်နိုင်ငံတွင်မျှ တွေ့မြင်နိုင်ကြမည်မဟုတ်ပါချေ။

ငါးဖမ်းလှေများတွင် လှေလှော်သူက လှေနောက်ပိုင်းတွင် မတ်တတ်ရပ်လျက် လှော်တက်ရှည်ကို ခြေထောက် တစ်ဖက်ဖြင့်ညှပ်ကာ လှော်တက်အဖျားကို လက်ဖြင့်ထိန်းလျက်ခြေထောက်ကို အားပြုလှော်ခတ်ကြခြင်းကို မြင်သူတိုင်းက စိတ်ဝင်စားကြသည်။ ရှေးယခင်ကာလများက အင်းလေးကန်အတွင်း လှေများကို ထိုင်၍ လှော်ခတ်ခဲ့ကြသည်။ ထိုသို့ လှော်ခတ်ရာတွင် လှေလှော်သူသည် လှေရှေ့ရှိ မှော်ပင်များနှင့် ရေပြင်တွင် မျောပါနေသည့် အပင်များကို မမြင်ရသဖြင့် မတ်တတ်ရပ်ကာ လှော်ခတ်ကြရာမှ ခြေဖြင့်လှေလှော်သည့် ဓလေ့ဖြစ်လာခဲ့သည်ဟု ဆိုကြသည်။ အများအားဖြင့် အမျိုးသားများကသာ မတ်တတ်လှေလှော်လေ့ရှိပြီး အမျိုးသမီးများမှာမူ မြင်နေကျပုံစံအတိုင်း လှေအတွင်း တင်ပျဉ်ခွေထိုင်လျက် လှော်ခတ်ကြသည်။ သို့သော်လည်း လှေလှော်ပြိုင်ပွဲများတွင် အမျိုးသမီးများသည်လည်း အမျိုးသားများကဲ့သို့ မတ်တတ်ရပ်လျက် လှော်ခတ်ပြိုင်ပွဲဝင်လေ့ရှိကြပေသည်။

အင်းလေးကန်အတွင်းတွင် ငါးဖိန်း (Cyprinus intha) ငါးမျိုးစိတ်က အများဆုံးရှိနေကြပြီး ဒေသနေသူများသည် ငါးဖိန်းကိုအဓိက စားသုံးကြသည်။အင်းလေးကန် ရိုးရာအစာတစ်ခုဖြစ်သည့် ထမင်းချဉ်သည် နာမည်ကြီးလှသည်။အချဉ်ဖောက်ထားသည့် ထမင်းကို အာလူး၊ ငါးအသားတို့နှင့် ရောနယ်ကာ တို့ဟူးကြော်နှင့် တွဲဖက်စားရသည့် ရှမ်းထမင်းချဉ်သည်စားဖူးကြသူတိုင်း စွဲလမ်းကြသည့် ရှမ်းရိုးရာ အစားအစာတစ်ခုဖြစ်သည်။

အင်းသားတို့သည် အင်းလေးကန်အတွင်း ငါးဖမ်းလုပ်ငန်းအပြင် ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများကို အင်းလေးရေပြင်တွင် မျောပါနေသော ကျွန်းမျောဟုခေါ်ကြသည့် မြေပြင်ပေါ်တွင် စိုက်ပျိုးကြသည်။ ယခုအခါတွင် ကျွန်းမျောများ အင်းလေးကန်အတွင်း မျောပါနေသည်ကို မတွေ့ရတော့ပါချေ။ ကျွန်းမျောများအား အင်းလေးကန်အတွင်း နေထိုင်ကြသူများက ပြုလုပ်ကြသည်။ အင်းလေးကန်အတွင်း ကျွန်းမျောဖြင့် စိုက်ပျိုးသူများသည် အင်းလေးကန်ရေနက်ပိုင်းအောက်ခြေမှ ရေမှော်ပင်များကို ရေပြင်ပေါ်သို့ဆွဲတင်ကာ မိမိတို့စိုက်ပျိုးလိုသည့်နေရာများတွင် ဝါးတိုင်များဖြင့် ဖွဲ့နှောင်ကာ ရေမျောစိုက်ခင်းများအဖြစ် ပြုလုပ်ကြသည်။

အင်းလေးဒေသထွက် လက်မှုပစ္စည်းများသည်လည်း အထူးထင်ရှားလှသည်။ဆေးပေါ့လိပ်များမှသည် အင်းလေးတွင် ရက်လုပ်သော အဝတ်အထည်များ၊ လွယ်အိတ်များ၊ ပိုးချည်ဖြင့် ရက်လုပ်သည့် အင်းလေးလုံချည်များ၊ ငွေထည်ပစ္စည်းများ၊ လက်ဝတ်တန်ဆာများကို အင်းလေးကန်အတွင်းမှာပင် ဝယ်ယူနိုင်ကြသည်။ အင်းလေးကန်အတွင်း လှေငယ်များဖြင့် လှည့်လည် ရောင်းချကြသည့် လှေပေါ်ဈေးများကိုလည်း ခရီးသွားများ စိတ်ဝင်စားကြ သည်။ ထို့အတူပင် အင်းလေးဒေသတွင်သာ ထုတ်လုပ်သည့် ကြာသက်နိုးသည် နာမည်ကြီးသကဲ့သို့ တန်ဖိုးလည်းကြီးမားလှပေသည်။ ကြာရိုး ကြာနွယ်များကို အဆစ်များဆစ်ကာ ဖြတ်တောက် ဆွဲငင်၍ ထွက်ရှိလာသည့် ကြာမျှင်များကို ချည်ဖြစ်အောင်ကျစ်ပြီး ရက်လုပ်ရသော သက်နိုးဖြစ်သဖြင့် လူအင်အားများများ အချိန်များများအသုံးပြုကြရသည်။

အင်းလေးကန်သည် ဒေသလူဦးရေ တိုးပွားလာမှု၊ စိုက်ပျိုးရေးနှင့် ခရီးသွား လုပ်ငန်းတိုးတက်လာမှုများကြောင့် ပတ်ဝန်းကျင်အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာခဲ့သည်။ ကျွန်းမျောစိုက်ခင်းများသည် အထူးသဖြင့် အင်းလေးကန်အနောက်ပိုင်းတွင် တိုးပွားလာခြင်းနှင့်အတူ ၁၉၃၅ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၆၅ နှစ်အတွင်း ကန်ရေမျက်နှာပြင်ဧရိယာသည် ၆၉ ဒသမ ၁ စတုရန်းကီလိုမီတာမှ ၄၆ ဒသမ ၆ စတုရန်းကီလိုမီတာသို့ လျော့ကျခဲ့ကာ ကန်ဧရိယာ ၃၂ ရာခိုင်နှုန်း သေးငယ်သွားခဲ့သည်။

အင်းလေးကန်၏ ပေါများကြွယ်ဝသည့် ငါးသယံဇာတ၊ ဇီဝမျိုးစုံမျိုးကွဲများ၊ ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင်တို့ကို ထိန်းသိမ်းနိုင်ရေးအတွက် ကုလသမဂ္ဂ ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့(UNESCO) သို့ အင်းလေးကန်ဒေသအား လူသားနှင့်ဇီဝအဝန်းနယ်မြေ(Man and

Biosphere)(MAB) အဖြစ် သတ်မှတ်ပေးပါရန် မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် အဆိုပြုခဲ့သည်။ ယူနက်စ်ကိုအဖွဲ့သည် လူသားနှင့် ဇီဝအဝန်းနယ်မြေအစီအစဉ်ကို ၁၉၇၁ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ယခုအခါ ကမ္ဘာတစ်ဝန်း၌ နယ်မြေပေါင်း ၆၅၁ ခုကို လူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်နိုင်ခဲ့ပြီး အင်းလေးကန်ဒေသအား မြန်မာနိုင်ငံ၏ ပထမဆုံးသော လူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် ၂၀၁၅ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် အတည်ပြု သတ်မှတ်ပေးခဲ့သည်။

ထိုစိုက်ခင်းများသည် ရေပြင်အနိမ့်အမြင့်အတိုင်း ပေါလောမျောနေသဖြင့် ရေလျှံမှုမရှိပါချေ။ ယင်းစိုက်ခင်းများပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်းကို ဆောင်ရွက်ကြသည်။

အင်းလေးဒေသတွင် တောင်ကြီးဈေး၊ ရွာမရေပေါ်ဈေး၊ အောင်ပန်းဈေး၊ မိုင်းပျိုးဈေး၊ ဆတ်သေဈေး၊ နမ့်ခုတ်ဈေး၊ ပင်ခွန်ဈေးစသည်ဖြင့် ငါးရက်ဈေးများ လှည့်လည်ဖွင့်လှစ်ရောင်းချလေ့ရှိသည်။ ထိုဈေးရက်များတွင် ဒေသမှ အင်းသားများဆုံဆည်းလေ့ရှိကြသည်။ ငါးရက်ဈေးများသည် တောင်ကြီးတွင် ၁၀ နေရာ၊ ညောင်ရွှေတွင် ၁၃ နေရာ၊ မိုင်းသောက်တွင် ၁၀ နေရာ၊ ဟဲဟိုးတွင် ၁၁ နေရာ နှင့် ရွှေညောင်တွင် ၁၁ နေရာ ရှိသည်။ထိုဈေးရက်များတွင် မိမိတို့ဒေသထွက်ကုန်များအပြင် မြို့ပြအသုံးအဆောင်များကိုလည်း ရောင်းချလေ့ရှိကြပေသည်။

ကမ္ဘာပေါ်ရှိ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ၊ ဇီဝမျိုးစုံမျိုးကွဲများတည်ရှိမှု ထူးခြားကောင်းမွန်သော နေရာများအား ဇီဝအဝန်းနယ်မြေများအဖြစ် ယူနက်စ်ကိုက သတ်မှတ်ပေးသည်။

စာမျက်နှာ ၁၇ သို့

ယခုအခါ ကမ္ဘာတစ်ဝန်း၌ နယ်မြေပေါင်း ၆၅၁ ခုကို လူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် သတ်မှတ်နိုင်ခဲ့ပြီး အင်းလေးကန်ဒေသအား မြန်မာနိုင်ငံ၏ ပထမဆုံးသော လူသားနှင့် ဇီဝအဝန်းနယ်မြေအဖြစ် ၂၀၁၅ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် အတည်ပြုသတ်မှတ်ပေးခဲ့

ရေဘေးသင့်ကျွဲနွား ကာကွယ်ဆေးများထိုးပေး

တိုက်ကြီး ဩဂုတ် ၁၇

တိုက်ကြီးမြို့နယ် မင်းကျောင်းဘုန်းကြီးကျောင်း၌ ရေဘေးသင့်နွားအကောင် ၁၄၀၊ ကျွဲ ၈၅ ကောင်ကို နွားတဲများဆောက်လုပ်ပြီး အစာကျွေးမွေးခြင်းလုပ်ငန်း များဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျွဲနွားများကိုစေတနာရှင် ပြည်သူများ ၊ ကုမ္ပဏီများ ၊ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်တို့က အစာရရှိရေးတို့ကို စီစဉ်ဆောင်ရွက်ပေးပြီး နွားတဲဆောက်ခြင်း၊ အစာကျွေးမွေးခြင်းတို့ကို တိုက်ကြီးမြို့ခန်းမကော်မတီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျွဲနွားများ ကာကွယ်ဆေးထိုးပေးခြင်းကို ရန်ကုန်မြောက်ပိုင်းခရိုင်မွေးကု ခရိုင် ဒေါက်တာကျော်သူ၊ မြို့နယ်ဦးစီးမှူး ဒေါက်တာဇော်ဇော်ထွန်းနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိပြီး တိုက်ကြီးမြို့နယ်ရှိ နွား ၂၄၄၂ ကောင်၊ ကျွဲ ၈၅ ကောင်ကို လည်ချောင်းကွဲ ကာကွယ်ဆေးများထိုးနှံခဲ့ကြောင်းနှင့် ကျန်းမာရေးမကောင်းသော နွားအကောင် ၂၀၀ ကိုလည်း ဆေးကုသပေးခဲ့ကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

အလယ်တန်းကျောင်းအဆင့်တိုးမြှင့်

မိုးမောက် ဩဂုတ် ၁၇

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ဒွေ့ါဖုန်းယန်မြို့ ဖာကေကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ပွဲအခမ်းအနားကို ဩဂုတ်လ ဒုတိယပတ်က ကျင်းပခဲ့ရာ ခရိုင်ပညာရေးမှူး ဦးထွန်းရီ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးရဝေစိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပီတာဒွဲလ၊ မြို့နယ်ပညာရေးမှူး ဒေါ်နန်ဆိုင်း၊ ကျောင်းနာယက ဦးဌေးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူးက အခြေခံပညာ အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ပေးခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာတာဝန်ရှိသူများအား ကျောင်းအုပ်ဆရာကြီး ဦးစိုင်းဝင်းရွှေက အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

စာမျက်နှာ ၁၆ မှ

ဇီဝအဝန်းနယ်မြေ အစီအစဉ်၏ အဓိကရည်ရွယ်ချက်မှာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေး မြှင့်တင်ခြင်း၊ ဒေသတွင်း ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းခြင်း၊ လူသားနှင့် သဘာဝပတ်ဝန်းကျင်အကြား ဆက်နွှယ်မှု ညီညွတ်မျှတစွာ တိုးတက်လာစေရန်ထိန်းညှိစီမံမည့် စနစ်တစ်ရပ် ချမှတ်ဆောင်ရွက်ခြင်းတို့ဖြစ်ကြသည်။

အင်းသားများသည် ထေရဝါဒဗုဒ္ဓဘာသာကို အစဉ်အဆက် ကိုးကွယ်ခဲ့သူများဖြစ်ကြလေရာ အင်းလေးကန်အတွင်း၌ ရှေးအစဉ်အဆက်တည်ထားခဲ့ကြသည့် ဘုရား၊ စေတီများ၊ သာသနိကအဆောက်အအုံများကို တွေ့မြင်နိုင်ကြသည်။ ယင်းတို့အနက် ဖောင်တော်ဦးစေတီတော်သည် အင်းလေးဒေသတွင် အထင်ရှားဆုံးဖြစ်ပေသည်။ သက္ကရာဇ် ၁၁၁၂ ခုနှစ်တွင် အင်းလေးကန်သို့ ပုဂံဘုရင်အလောင်းစည်သူမင်း ရောက်ရှိခဲ့စဉ်က တည်ထားခဲ့သည့် အင်းလေးဖောင်တော်ဦးစေတီတော်သည် ယခုအခါ သက်တမ်းနှစ်ပေါင်းကိုးရာကျော်ခဲ့ပြီ ဖြစ်သည်။ ဖောင်တော်ဦးစေတီတော်တန်ဆောင်းတွင် သီတင်းသုံးနေသော မြတ်စွာဘုရားရုပ်ရှင်တော်မြတ်လေးဆူရှိပြီး ဖောင်တော်ဦးစေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လ၌ ကျင်းပလေ့ရှိသည်။ ဗုဒ္ဓပူဇနိယပွဲတော်ရက်များတွင် ဗုဒ္ဓရုပ်ရှင်တော်မြတ်လေးဆူတို့သည် အင်းလေးဒေသ ၂၁ ဌာနသို့ ဒေသစာရီ လှည့်လည်အပူဇော်ခံမြဲဖြစ်ရာ ဟဲယားရွာမ၊ ငါးဖယ်ချောင်၊ ကြေးစား၊ လင်းကင်း၊ မိုင်းသောက်၊ သလဲဦး၊ ဇရပ်ကြီး၊ နမ့်ပန်၊ ကျိန်းခမ်း၊ မိုင်းပျိုး၊ နောင်တော၊ ရေသာနှင့် ဖောင်တော်ဦးကျောင်းများတွင် ရုပ်ရှင်တော်မြတ်များသည် နှစ်စဉ် ညအိပ်ရပ်နားကျိန်းစက်လေ့ရှိသည်။

ဒေသစာရီ ကြွချီအပူဇော်ခံရာတွင် ရုပ်ရှင်တော်မြတ် လေးဆူပင့်ဆောင်လာသောဘုရားကြီးကြိုးဆွဲလှေကို အင်းသားရိုးရာ တူညီဝတ်စုံများ ဝတ်ဆင်ထားကြသည့် လှေသားများက တစ်ရွာဝင်တစ်ရွာထွက် လှော်ခတ်ကြသည်။ ကျောင်းတော်ဝင်ရက်တွင် ၄၆ တက်၊ အင်းသားရိုးရာ အမျိုးသား၊ အမျိုးသမီးလှေလှော်ပြိုင်ပွဲများကို ကျင်းပပြီး ယခုနောက်ပိုင်းတွင် တက်ပေါင်းရာကျော်ပါဝင်သည့် အင်းသားရိုးရာ အမျိုးသား၊ အမျိုးသမီးရာကျော် တက်လှေပြိုင်ပွဲများကို ကျောင်းတော်ဝင်ရက်တွင် ကျင်းပလေ့ရှိသည်။

အင်းလေးသို့ လာရောက်လည်ပတ်ရန် အကောင်းဆုံးအချိန်သည် စက်တင်ဘာလနှင့် အောက်တိုဘာလများဖြစ်သည်။ ထိုအချိန်များသည် အင်းလေးကန်သို့ ပြည်တွင်းပြည်ပခရီးသည်များ အများဆုံးလာရောက်လည်ပတ်လေ့ရှိသဖြင့် အလွန်စည်ကားလှပေသည်။

အင်းလေးကန်သို့ ရွှေညောင်မှဖြစ်စေ၊ အင်းတိန်မှဖြစ်စေ၊ မိုင်းသောက်မှဖြစ်စေ လာရောက်နိုင်ပြီး ကန်ရေပြင်ကျယ်ကြီးကို စက်လှေဖြင့် ဖြတ်သန်းကာ အင်းလေးကန်အတွင်းရှိ ဘုရားစေတီများသို့ သွားရောက်နိုင်ကြသည်။ အင်းလေးရေပြင်တစ်လျှောက် သာယာရှုမောဖွယ်ကောင်းသည့် မြင်ကွင်းများကို ရှုမဆုံးအောင်မြင်ကြရသည်။ ထို့အတူပင် အင်းလေးကန်အတွင်းမှ ကျွန်းမျောစိုက်ခင်းများ၊ ငါးဖမ်းမြှုံးလှေများ၊ ပျံသန်းနေကြသော စင်ရော်ငှက်များ၊ အပြိုင်အဆိုင်ခုတ်မောင်းနေကြသည့် စက်လှေများ၊ လှေကို ခြေဖြင့်လှော်ခတ်သွားလာနေကြသည့် အင်းသားများကိုလည်း တွေ့ကြရပေသည်။

အင်းလေးရေပြင်ပေါ်ရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ရက်ကန်းရုံများတွင် မိမိတို့နှစ်သက်ရာ ရိုးရာအဝတ်အထည်၊ အသုံးအဆောင်၊ အမှတ်တရပစ္စည်းများကို ဝယ်ယူနိုင်ကြသကဲ့သို့ ရှမ်းရိုးရာ၊ အင်းသားရိုးရာ အစားအစာများကိုလည်း စားသုံးနိုင်ကြပေသည်။

ရှမ်းပြည်နယ်၏ အသည်းနှလုံးဖြစ်သော အင်းလေးကန်သည် မြန်မာနိုင်ငံ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၏ အဓိက ဆွဲဆောင်မှုရှိသော နေရာဖြစ်သည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာခဲ့ရာ အထူးသဖြင့် ပြည်ပခရီးသည်များ အင်းလေးသို့ အများအပြားလာရောက်လည်ပတ်ခဲ့ကြသည်။ အင်းလေးကန်သည် ရန်ကုန်မြို့မှ ကီလိုမီတာ ၆၆၀ နှင့် မန္တလေးမြို့မှ ကီလိုမီတာ ၃၃၀ ကွာဝေးသည်။ဟဲဟိုးလေဆိပ်မှ ၃၅ ကီလိုမီတာ ကွာဝေးသည်။ ခရီးသွားလုပ်ငန်းတိုးတက်လာသည်နှင့်အမျှ ရှေးဟောင်းယဉ်ကျေးမှု ထိန်းသိမ်းရေးလုပ်ငန်းများသည် လျော့ကျသွားနိုင်သဖြင့် သဘာဝပတ်ဝန်းကျင်နှင့် အင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများ၊ ရှေးဟောင်းသာသနိက အဆောက်အအုံများကို ထိခိုက်မှုနည်းပါးအောင် ဂရုမူကြရင်း ကမ္ဘာကျော်အင်းလေးကန် ရေရှည်တည်တံ့နေစေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

မိုင်းအန္တရာယ်အသိပညာပေး သင်တန်းဖွင့်

မိုးမောက် ဩဂုတ် ၁၇

ကချင်ပြည်နယ် မိုးမောက်မြို့နယ် အထကကျောင်း ပညာရတနာခန်းမ၌ ဩဂုတ်လ ဒုတိယပတ်က မိုင်းအန္တရာယ်အသိပညာပေးသင်တန်း အမှတ်စဉ် (၂/၂၀၁၅) ဖွင့်ပွဲ ကျင်းပသည်။

အဆိုပါ သင်တန်းကို ဩဂုတ် ၁၃ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမ ၃၀ တက်ရောက်သည်။ သင်တန်းနည်းပြအဖြစ် ဗန်းမော်မြို့ လူမှုဖွံ့ဖြိုးရေးရှေ့ဆောင်အသင်းမှ ဦးဇော်မင်းရင်နှင့် သင်တန်းနည်းပြ ခုနစ်ဦးတို့က ပို့ချခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရေလွှမ်းမိုးမှုမတိုင်မီ မိုးလေဝသသတင်းကို
အဆက်မပြတ်နားထောင်ပါ

ရေဘေးသင့်ကျေးရွာများသို့ အလှူရှင်များကိုယ်တိုင် လာရောက်လှူဒါန်း

ပွင့်ဖြူ ဩဂုတ် ၁၇

ပွင့်ဖြူမြို့နယ် အတွင်း ကျောင်းတော်ရာ မြောက်ဘက်ရှိ ရေဘေးသင့် ကျေးရွာအချို့၌ ကယ်ဆယ်ထောက်ပံ့ရေး ပစ္စည်းများ ဆက်လက်လှူဒါန်းလျက်ရှိကြောင်း သိရသည်။

အလှူရှင်များလာရောက်လှူဒါန်းသည့်ပစ္စည်းများကို ဒေသခံပြည်သူများက သယ်ယူနေကြစဉ်။

"ကယ်ဆယ်ရေးအဖွဲ့တွေ၊ အလှူရှင်တွေကတော့ လာနေကြတာ မပြတ်ဘူး။ ဒါပေမယ့် ကယ်ဆယ်ရေးစခန်းတွေမှာပဲ ပစ္စည်းတွေကို လှူသွားကြတာတွေ့ရတယ်။ တကယ်လိုအပ်တဲ့ ကျေးရွာတွေကိုတော့ ရောက်ရှိတာ နည်းတယ်။ တချို့ကတော့ ကိုယ်တိုင်သိပြီး ရွာတွေထဲအထိ လာရောက်လှူကြတယ်။ ကျွန်တော်တို့ ရွာတွေက ခရီးလမ်းသာတယ်၊ ရေအရင်ကျသွားတော့ အပျက်အစီးမရှိဘူးလို့ ထင်နေကြတယ်။ တကယ်တော့ ကျွန်တော်တို့ ရွာတွေမှာလည်း အပျက်အစီးတော်တော်များတယ်။ လယ်နဲ့ကိုင်းမြေထဲက သီးနှံတွေ အကုန်ဆုံးရှုံးခဲ့တယ်။ ဘာသီးနှံမှမရလိုက်ဘူး။ တစ်လလောက်တော့ ကိုင်းမြေတွေက စိုက်ပျိုးလို့ရမှာ မဟုတ်ဘူး။ တောင်သူတွေအတွက် ပြန်လည်စိုက်ပျိုးဖို့ အရင်းအနှီး တော်တော်ခက်ခဲမယ်။ လက်လုပ်လက်စားတွေအတွက်တော့ ကယ်ဆယ်ရေးအဖွဲ့တွေကပေးတဲ့ ထောက်ပံ့မှုနဲ့ပဲ စားသောက်ရမှာ။ အခုနောက်ပိုင်းတော့ ကျေးရွာတွေအထိ ထောက်ပံ့မှုတွေ လိုက်ပေးတာကို တွေ့ရပါတယ်"ဟု ဝဲဒေါင့်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ကျောင်းတော်ရာမြောက်ဘက်ရှိ ရေဘေးသင့်ကျေးရွာများတွင် တစ်ရွာအပါအဝင်ဖြစ်သည့် ဝဲဒေါင့်ကျေးရွာတွင်လည်း ကူညီထောက်ပံ့မှု အလွန်နည်းနေသေးကြောင်း၊ လယ်သမားများမှာလည်း ပျိုးခင်းများ ပျက်စီး၍ ပြန်လည်စိုက်ပျိုးရန် မျိုးများ အခက်အခဲဖြစ်နေကြောင်း၊ ကိုင်းမြေများမှာလည်း အချိန်တစ်လကြာ စိုက်ပျိုးရေးပြုလုပ်ရန်မရသေးကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့က ရန်ကုန်နဲ့ မန္တလေးကလာတာပါ။ အဖွဲ့သုံးဖွဲ့ပေါင်းပြီး လာရောက်လှူဒါန်းတာပါ။ မကွေးမြို့က အသိတစ်ယောက်ကို တကယ်လိုအပ်တဲ့ ရွာတွေကို လှူချင်တယ်လို့ ပြောလိုက်တော့ သူက ရွာခုနစ်ရွာကို ပြောပြတယ်။ အဲဒီရွာတွေကို ကျွန်တော်တို့ ကိုယ်တိုင်ဆင်းပြီး လှူခဲ့တယ်။ ဝဲဒေါင့်ရွာကလည်း လမ်းဘေးမှာရှိတယ်ဆိုပေမယ့် အပျက်အစီးများတယ်။ ထောက်ပံ့မှုရရှိတာနည်းနေတယ်လို့ သိရတဲ့အတွက် အဲဒီရွာကိုလည်း ကိုယ်တိုင်သွားရောက်လှူခဲ့တယ်။ ရေက မုန်းချောင်းထဲကျသွားပြီ ဆိုပေမယ့် အိမ်ဝိုင်းတွေထဲမှာ ဗွက်တွေကကျန်နေသေးတယ်။ ထောက်ပံ့ရေးပစ္စည်းတွေက ပုံတဲ့နေရာမှာ ပုံပြီး မရောက်တဲ့နေရာတွေက တကယ်ကို မရောက်သေးတာကို သိရတယ်။ နောက်လာမယ့် အလှူရှင်တွေကိုလည်း အခုလိုတကယ်လိုအပ်နေတဲ့ ရွာတွေကို သွားပေးစေချင်ပါတယ်လို့ တိုက်တွန်းချင်ပါတယ်"ဟု အလှူရှင်တစ်ဦးက ပြောသည်။

အဆိုပါအဖွဲ့များက ဩဂုတ်လ ဒုတိယပတ်က ကျေးရွာ ခုနစ်ရွာအတွက် ဆင်းကတ် ငွေကျပ်သုံးထောင်ဖိုးအပါအဝင် ဟန်းဆက်အလုံး ၅၀၊ ဆန်အိတ် ၁၀၀၊ စားသောက်ကုန်ပစ္စည်းများနှင့် အခြားပစ္စည်းများ အပါအဝင် ငွေကျပ်သိန်း ၁၄၀ တန်ဖိုးခန့်ကို ကူညီထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မကွေးမြို့ ရွှေရောင်မြေ ဝန်ထမ်းမိသားစုများကလည်း ရေဘေးသင့်သည့် ဝဲဒေါင့်ကျေးရွာသို့ စောင်အထည် ၅၀၀၊ ထီးအလက် ၂၀၀၊ ခြင်ထောင် အလုံး ၅၀၀ နှင့် သွားတိုက်ဆေးဘူး ၅၀၀ တို့ကို ဩဂုတ်လဒုတိယပတ်က လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်း - ဇူလိုင်မိုး(မြန်မာ့အလင်း)
ဓာတ်ပုံ-မိုးဒေဝါ

လူကူးကြိုးတံတားဆောက်လုပ် ဒေသခံများသွားလာရေးအဆင်ပြေ

တပ်ကုန်း ဩဂုတ် ၁၇

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာ အရှေ့ဘက် မုံချောင်းနှင့် နဝင်းချောင်းပေါင်းဆုံသော မုံနဝင်းချောင်းကူး လူကူးကြိုးတံတားကို ဆွစ်ဇာလန်နိုင်ငံက လှူဒါန်းမှုနှင့် ဒေသခံစေတနာရှင်များစုပေါင်းလှူဒါန်းသည့် အလျားအရှည်ပေ ၁၅၀၊ အကျယ် ငါးပေရှိ ကြိုးတံတားတစ်စင်းကို ဧပြီ ၂၉ ရက်က စတင်၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တံတားမှာ ဩဂုတ် ၆ ရက်က အသေးစိတ်လုပ်ငန်းအားလုံးဆောင်ရွက်ပြီးစီးပြီဖြစ်သည်။ အဆိုပါတံတားပေါ်ဖြတ်သန်းသွားလာကြမည့် နောင်ဘို့အိုး၊ လက်ပန်ပု၊ သရက်အုပ်၊ သပြေကုန်း၊ ကြို့ကုန်း၊ မကျီးကုန်း၊ လက်ပန်ကုန်းကျေးရွာများရှိ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ သွားလာရေးအဆင်ပြေနေပြီဖြစ်ကြောင်း သိရသည်။

တင်စိုးလွင်

မြို့နယ်ပေါင်းစုံ အမျိုးသား ဘော်လီဘောပြိုင်ပွဲဖွင့်

မန္တလေး ဩဂုတ် ၁၇

၂၀၁၅ ခုနှစ် မန္တလေးတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ အမျိုးသား လူသစ်တန်း ဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက်က မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒေါက်တာဝင်းလှိုင်က အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

အုပ်စုပွဲစဉ်များအဖြစ် ပြင်ဦးလွင်မြို့နယ်အသင်းက ညောင်ဦးမြို့နယ်အသင်းကို သုံးပွဲပြတ်၊ သာစည်မြို့နယ်အသင်းက မြစ်သားမြို့နယ်အသင်းကို သုံးပွဲတစ်ပွဲ၊ အမရပူရမြို့နယ်အသင်းက ပျော်ဘွယ်မြို့နယ်အသင်းကို သုံးပွဲပြတ်နှင့် ပုသိမ်ကြီးမြို့နယ်အသင်းက နွားထိုးကြီးမြို့နယ်အသင်းကို သုံးပွဲပြတ်တို့ဖြင့် အသီးသီးယှဉ်ပြိုင် အနိုင်ရရှိကြပြီး ပြိုင်ပွဲကို ဩဂုတ် ၁၉ ရက်အထိ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန်းကိုယ်ပွား)

ပြင်ဦးလွင်မြို့နယ်မှ ဒီးဒုတ်ရေပြာအိုင် အပန်းဖြေစခန်း

ပြင်ဦးလွင် ဩဂုတ် ၁၇

ပြင်ဦးလွင်မြို့နယ်အတွင်းမှ ဒီးဒုတ်ရေပြာအိုင်စခန်းသည် ထုံးကျောက်ဆောင်တို့ကြားတွင်ရှိပြီး အေးမြကြည်လင်သောရေရှိခြင်း၊ နက်ရှိုင်းမှုမရှိသော သဘာဝရေကန်များတွင် ရေကစားနိုင်ခြင်း၊ မြို့ပြပတ်ဝန်းကျင်တွင် တွေ့မြင်ရန်ခက်ခဲနေပြီဖြစ်သော တောတောင်ရေမြေတို့ကို ပကတိအတိုင်း ခံစားကြည့်မြင်နိုင်ခြင်း၊ သွားလာရန် ခရီးလမ်းပန်းလွယ်ကူချောမွေ့ခြင်း၊ လာရောက်လည်ပတ်ကြသူများအား စိတ်ကျေနပ်စေအောင် သာယာလှပခြင်းတို့ကြောင့် ဒီးဒုတ်ရေပြာအိုင်စခန်းသို့ နေ့စဉ်နှင့်အမျှ လာရောက်လည်ပတ်သူ အများအပြားရှိနေသည်။

ဒီးဒုတ်ရေပြာအိုင်စခန်းသို့ သွားရောက်ရန်အတွက် မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့ အတက်လမ်း (၁၆)မိုင် လမ်းခွဲမှတစ်ဆင့် သွားရပြီး ကျောက်ချောရွာ၊ သမိုင်းဝင်ခိုနန်းရှင်ဘုရားတို့ကို ဖြတ်ကျော်၍ ၁၀ မိုင်ကျော်ခန့် သွားရသည်။ ဘေးတစ်ဖက်တစ်ချက်တွင် သဘာဝကျောက်တောင်ကြီးများရှိပြီး သာယာလှပသည့် ဒုဋ္ဌဝတီမြစ်ကမ်းတစ်လျှောက် ကောင်းမွန်ချောမွေ့သည့် ကွန်ကရစ်လမ်းမကြီးအတိုင်း အဆိုပါခရီးကို သွားလာနိုင်သည်။

ဒီးဒုတ်ရေပြာအိုင်စခန်းတွင် ယခင်ကအနီးအနား ကျေးရွာများဖြစ်သော ငှက်ကြီးသိုက်၊ မကျီးအင်း၊ ဝါးနက်စသော ကျေးရွာများမှ ရွာသူရွာသားများက ဈေးဆိုင်ငယ်များ၊ ယာဉ်ရပ်နားစခန်းများ၊ လာရောက်သူတို့ အပန်းဖြေရန်နေရာများကို မိမိတို့အဆင်ပြေသလို ပြုလုပ်ဖန်တီးပေးခဲ့ပြီး မိသားစုတစ်ပိုင်တစ်နိုင် အပန်းဖြေစခန်းတစ်ခုအဖြစ်သာ တည်ရှိနေခဲ့ရသည်။ ယခုအခါ လာရောက်လည်ပတ်ကြသော ဧည့်သည်များ များပြားလာသည်နှင့်အမျှ ပိုမိုချောမွေ့အဆင်ပြေစေပြီး အန္တရာယ်ကင်းဝေးစေရန်နှင့် လုံခြုံစိတ်ချရသော အပန်းဖြေစခန်းအဖြစ် တည်ဆောက်သွားရန် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က အတည်ပြုခွင့်ပေးလိုက်ပြီဖြစ်သည်။

ဒီးဒုတ်ရေပြာအိုင်စခန်းသည် အောက်ခြေမှ အပေါ်ဆုံးအထိ သုံးဆင့်၊ ငါးဆင့်၊ ဆယ်ဆင့် ရေတံခွန်များနှင့် နှစ်မိုင်ခွဲအထိ ရှည်လျားသည်။ အချို့နေရာများတွင် လမ်းကျဉ်းမြောင်းလွန်း၍ သွားလာရခက်ခဲခြင်း၊ ကျောက်ဆောင်ကျောက်တုံးများပေါ်မှ သွားလာရသဖြင့် အန္တရာယ်များပြားခြင်းစသည့် အားနည်းချက်များရှိပြီး အပန်းဖြေစခန်းတစ်ခု၏ စံနှုန်းများနှင့် ညီညွတ်ကိုက်ညီမှု မရှိသေးပေ။ ယခုအခါ ပိုမိုကောင်းမွန်သည့် အဆင့်မြင့်အပန်းဖြေစခန်းကြီးအဖြစ် တိုးချဲ့တည်ဆောက်သွားတော့မည်ဖြစ်ရာ မကြာမီအချိန်အတွင်း အန္တရာယ်ကင်းဘေးရှင်းစွာ သွားလာလည်ပတ်နိုင်မည့် အပန်းဖြေစခန်းကြီးအဖြစ် ပေါ်ထွက်လာတော့မည်ဖြစ်ပေသည်။

သက်နိုင်(ပြင်ဦးလွင်)

ကျောင်းကုန်းမြို့ ဘီးလင်းတာမကျိုးစေရန် စုပေါင်းကာကွယ်လျက်ရှိ

ကျောင်းကုန်း ဩဂုတ် ၁၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်၌ ဧရာဝတီမြစ်ရေ လျှံတက်လာခြင်းကြောင့် ဒေါင့်ကွေးကျေးရွာအုပ်စုရှိ ဘီးလင်းတာ မကျိုးပေါက်သွားစေရန် ဩဂုတ် ၁၅ ရက် နံနက်ပိုင်းမှစ၍ မြောင်းမြမြို့မှ တပ်မတော်သားများ၊ ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှ ရဲဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုပေါင်းကာကွယ်လျက်ရှိကြောင်း သိရသည်။

ဘီးလင်းတာမကျိုးစေရန်အတွက် မြောင်းမြမြို့နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ ပုသိမ်ခရိုင်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ အနီးတစ်ဝိုက်ကျေးရွာများဖြစ်သော သောင်ကြီးရွာ၊ ဒိုတန်းရွာ၊ ဆင်ကူးရွာနှင့် ဇရပ်ဆိပ်ရွာများမှ ဒေသခံပြည်သူများစုပေါင်း၍ မြေဖို့ကာကွယ်နေကြခြင်း ဖြစ်သည်။

အဆိုပါ ဘီးလင်းတာကျိုးလျှင် လယ်ဧကပေါင်း ထောင်နှင့်ချီ၍ နစ်မြုပ်ပျက်စီးနိုင်သဖြင့် အားလုံးစုပေါင်းပြီး ကာကွယ်နေကြရခြင်းဖြစ်ကြောင်း သိရသည်။ ဩဂုတ် ၁၅ ရက်တွင် ဧရာဝတီမြစ်ရေသည် တစ်ပေနီးပါး ကျဆင်းနေပြီဖြစ်သော်လည်း နောက်တစ်ရေ တက်လာမည်ကို ဒေသခံများ စိုးရိမ်ပူပန်နေကြသည်။ ဘီးလင်းတာသည် ၂၀၁၂ ခုနှစ်အတွင်း ဧရာဝတီမြစ်ရေလျှံတက်စဉ်က တစ်ကြိမ်ကျိုးပေါက်ခဲ့ဖူးပြီး ယခုနှစ်တွင် ထပ်မကျိုးစေရန် ဝိုင်းဝန်းစုပေါင်း၍ ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ရေဘေးသင့်ကျေးရွာများသို့ အနုပညာရှင်များ လာရောက်လှူဒါန်း

ရေကြည် ဩဂုတ် ၁၇

ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည့် လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်နှင့် သာပေါင်းမြို့နယ်များရှိ ကျေးရွာများမှ ဒေသခံပြည်သူ ၉၀၀ ကျော် မှီခိုရောက်ရှိနေသော ရေကြည်မြို့နယ် ကွင်းသုံးဆင့်ဘုန်းတော်ကြီးကျောင်းသို့ သရုပ်ဆောင်ကျော်ကျော်ဗို၊ မိုးပြည့်ပြည့်မောင်၊ ဖူးစုံနှင့် အနုပညာရှင် ညီအကိုမောင်နှမများက ဩဂုတ် ၁၃ ရက်တွင် လာရောက်၍ ရေဘေးသင့်ပြည်သူများအား ဆန်နှင့် စားသောက်ကုန်၊ လူသုံးကုန်များ၊ ဆေးဝါးများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ အနုပညာညီအစ်ကိုမောင်နှမတွေ ပေါင်းစည်းပြီး တကယ်လိုအပ်နေတဲ့ ဒေသတွေအရောက် အခုလို ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ အခုရေဘေးဒုက္ခတွေ ကြုံတွေ့ခံစားနေရတဲ့ ပြည်သူတွေဟာ ကျွန်တော်တို့ရဲ့ ကျေးဇူးရှင်တွေပါ" ဟု သရုပ်ဆောင် ကျော်ကျော်ဗိုက ပြောသည်။ အနုပညာရှင်များအဖွဲ့သည် ကွင်းသုံးဆင့်ဘုန်းတော်ကြီးကျောင်းသာမက ဝါးရုံလဟာအုပ်စု ကျားတွင်းရွာ သစ်ပုတ်ကျောင်းရှိ ရေဘေးသင့်ပြည်သူများနှင့် ကြို့ကုန်းကျေးရွာ ရေဘေးကယ်ဆယ်ရေးစခန်းမှ ပြည်သူများကိုလည်း ဆန်နှင့် အိမ်သုံးပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းခဲ့ကြောင်း သိရသည်။

ရေကြည်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင် ဦးထွန်းတင်က "ကျွန်တော်တို့ အသုတ်-စက်ဒေါင့်ကြီးလမ်းလို့ ခေါ်တဲ့ တန်ဇောင်းရိုး သာပေါင်းမြို့နယ်အထိ ပေါက်တဲ့လမ်းက အခုရေတွေ ကျော်နေပါပြီ။ ကျွန်တော်တို့အဖွဲ့တွေအနေနဲ့ ခရီးသွားတွေ အဆင်ပြေစေဖို့ ဝွန်ဒေါင်းတွေ ဆီဖြည့်ပြီး အပို့အယူ လုပ်ပေးနေပါတယ်။ အခုလို အခက်အခဲမျိုးစုံကို ဖြတ်သန်းပြီး လာရောက်လှူဒါန်းတဲ့ အနုပညာရှင်တွေကြောင့် အားလုံးက ဝမ်းသာပြီး ကျေးဇူးတင်နေကြပါတယ်" ဟု ပြောသည်။

ရေကြည်မြို့နယ်တွင် ရေကြည်၊ ငါးသိုင်းချောင်း၊ အသုတ်ဟု နယ်မြေသုံးခုရှိပြီး အဆိုပါနယ်မြေသုံးခုတွင် ဩဂုတ် ၁၃ ရက်အထိ ရေဘေးကယ်ဆယ်ရေးစခန်း ၃၇ ခုရှိကာ စခန်းများတွင် လူဦးရေ စုစုပေါင်း ၅၄၀၀ ခန့် ရောက်ရှိနေကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်များတွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံပြည်သူများနှင့် မွေးမြူထားသော ကျွဲနွားတိရစ္ဆာန်များအနေဖြင့် အစားအသောက်အပါအဝင် အခက်အခဲများ ကြုံတွေ့ရလျက်ရှိရာ စေတနာရှင် အလှူရှင်များ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများက ဆန်၊ ဆီအပါအဝင် အစားအသောက်များ၊ ဆေးဝါးများ၊ အိမ်သုံးပစ္စည်းများကို နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိပြီး ရန်ကုန်-ပုသိမ်လမ်းတစ်လျှောက်တွင် မြန်မာပြည်အနှံ့မှ ထောက်ပံ့ပစ္စည်းများ သယ်ဆောင်လာသောကားများကို အဆက်မပြတ် တွေ့မြင်နေရသည်။

သိန်းဇော်(ရွှေလီဦး)
ဓာတ်ပုံ-မင်းဇော်ဦး(ရေကြည်)

ရေကြီးသဖြင့် ပိတ်ထားသောကျောင်းများ ပြန်လည်ဖွင့်လှစ်

ခင်ဦး ဩဂုတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အတွင်း ရေကြီးရေလျှံသဖြင့် ပိတ်ထားခဲ့ရသော မူးသာကျေးရွာနှင့် တာတိုင်ကျေးရွာများမှစာသင်ကျောင်းများကို ကျောင်းသားမိဘများ၊ ပညာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၁၄ ရက်တွင် ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းနှစ်ကျောင်းတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကျောင်းထောက်ပံ့ကြေးငွေ ကျပ်ကိုးသိန်း၊ သန့်စင်ခန်းပြုပြင်ရန် ငွေကျပ် နှစ်သိန်း၊ ရွှံ့နွံများ ရေဆေးသန့်စင်ရန် ငွေကျပ်နှစ်သိန်း၊ ရေတုံကင်များ သန့်စင်ရန် ငွေကျပ်ခြောက်သိန်းနှင့် အာဟာရကျွေးရန် ငွေကျပ်လေးသိန်းကို ထောက်ပံ့ပေးခဲ့ပြီး စာရေးခုံနှင့် ထိုင်ခုံ အစုံ ၅၀ ကိုလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ဦးစိုးဝေ

လာလီဂါအဖွင့်ပွဲမှာ သုံးမှတ်အပြည့်ယူမယ့် အက်သလက်တီကို

စပိန်လာလီဂါပွဲစဉ်(၁)ကို ဩဂုတ် ၂၂ ရက်နဲ့ ၂၃ ရက်တွေမှာ ဆင်နွှဲတော့မှာဖြစ်ပါတယ်။ ရာသီအဖွင့်ပွဲစဉ်ဖြစ်တာကြောင့် အသင်းတိုင်း ရလဒ်ကောင်းနိုင်ရေး အပြိုင်အဆိုင် အားထုတ်ကြမှာမို့ အကြိတ်အနယ်ရှိမယ့်ပွဲတွေပါပဲ။ ဒီပွဲစဉ်မှာအသင်းကြီးတွေ အမှတ်ပြည့်ရဖို့ အခြေအနေကောင်းနေပြီး အသင်းငယ်တွေရဲ့ ပြင်းထန်တဲ့ ခုခံမှုတွေကိုလည်း ရင်ဆိုင်ကြုံတွေ့ရမယ့် အနေအထားတွေလည်း ဖြစ်ပေါ်လာနိုင်တာမို့ စိတ်ဝင်စားစရာကောင်းတဲ့ ပွဲတွေအဖြစ် အားပေးရဦးမှာဖြစ်ပါတယ်။

အက်သလက်တီကို နှင့် လက်စ်ပယ်မက်

အသင်းငယ် လက်စ်ပယ်မက်နဲ့ တွေ့ဆုံခဲ့မှုမှတ်တမ်းတွေအရတော့ အက်သလက်တီကိုတို့ နိုင်ပွဲရခဲ့တာများပါတယ်။ ဂိုးပြတ်မသွင်းနိုင်ခဲ့ပေမယ့် ခြေစွမ်းအသာစီးရယူနိုင်ခဲ့တဲ့ အက်သလက်တီကိုတို့ဟာ လောလောဆယ်မှာလည်း ကစားအားကောင်းနေပြီး ရာသီအကြိုပွဲစဉ်တွေမှာလည်း ရလဒ်တွေကောင်းနေတာမို့ လက်စ်ပယ်မက်တို့ဟာ အခုပွဲမှာ အမှတ်ရဖို့တော့ မလွယ်ပါဘူး။ လာလီဂါမှာ ဒီနှစ်သင်းရဲ့ စုစုပေါင်းဆုံတွေ့မှု ၅၈ ပွဲမှာ အက်သလက်တီကိုတို့က ၂၇ ပွဲနိုင်ပြီး လက်စ်ပယ်မက်တို့က ၁၅ပွဲနိုင်ထားကာ သရေ ၁၆ ပွဲ ဖြစ်ထားပါတယ်။ ဒါကြောင့် အိမ်ရှင်ဟာ အဖွင့်ပွဲလည်းဖြစ်တာမို့ သုံးမှတ်အပြည့်ရယူနိုင်ပါလိမ့်မယ်။

မာလာဂါနှင့် ဆီဗီလာ

ဘာစီလိုနာနဲ့ကစားခဲ့တဲ့ ဆီဗီလာရဲ့ခြေစွမ်းက အထင်ကြီးစရာဖြစ်ပြီး အသင်းလိုက် စိတ်ဓာတ်မာကျောမှုအပြည့်နဲ့ အားထုတ်ခဲ့တဲ့ ကစားအားက မာလာဂါကို ဖြတ်ကျော်နိုင်တဲ့ ခြေစွမ်းမျိုးပါပဲ။ ဒါပေမယ့် မာလာဂါရဲ့ လက်ရှိခြေစွမ်းကလည်း အကောင်းဆုံးပုံစံရှိနေပြီး နိုင်ပွဲတွေဆက်နေတာမို့ ဆီဗီလာတို့ပွဲကျပ်ကြုံတွေ့နိုင်ပါတယ်။ မာလာဂါနဲ့ ဆီဗီလာတို့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့မှု မှတ်တမ်းကိုကြည့်ရင် ဆီဗီလာက နှစ်ပွဲနိုင်ပြီး မာလာဂါက တစ်ပွဲနိုင်ထားပါတယ်။ ဒီနှစ်သင်းရဲ့ လာလီဂါတွေ့ဆုံမှုသမိုင်းရလဒ်ကိုကြည့်ရင် မာလာဂါက ၂၁ ပွဲနိုင်ပြီး ဆီဗီလာက ၂၂ ပွဲနိုင်ကာ သရေ ၁၅ ပွဲဖြစ်ထားပါတယ်။ အခုပွဲဟာ လက်ရှိခြေစွမ်းတွေကြောင့် သရေပွဲလည်းဖြစ်သွားနိုင်ပါတယ်။

ဗယ်လီကာနိုနဲ့ ဗလင်စီယာ

ခြေရည်တူနှစ်သင်းမို့ အပြန်အလှန်ဖိအားပေးမှုတွေနဲ့ အကြိတ်အနယ်ရှိပါလိမ့်မယ်။ ဒါပေမယ့် ရာသီအကြိုပွဲစဉ်တွေမှာ ရှုံးပွဲတွေဆက်တိုက်ကြုံတွေ့နေတဲ့ ဗလင်စီယာဟာ ကိုလုံးအသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ရှုံးပြီး ရိုးမားကို သုံးဂိုး-တစ်ဂိုးနဲ့ ဆက်တိုက်ရှုံးခဲ့တာမို့ ပုံမှန်ခြေစွမ်းရနေတဲ့ ဗယ်လီကာနိုအတွက် အခြေအနေကောင်းနဲ့ ကြုံရနိုင်ပါတယ်။ အိမ်ကွင်းမှာ ခြေစွမ်းပြတတ်တဲ့ ဗယ်လီကာနိုဟာ သုံးမှတ်အပြည့်မျှော်မှန်းနိုင်တဲ့ပွဲပါ။

ဒီပို့တီဗိုနဲ့ ဆိုစီဒက်

ပြီးခဲ့တဲ့ လာလီဂါမှာ နှစ်ကျော့စလုံး သရေပွဲဖြစ်ခဲ့တဲ့ ဒီနှစ်သင်းရဲ့ အခုပွဲယှဉ်ပြိုင်မှုက ပြင်းထန်ပါလိမ့်မယ်။ တူးလော့နဲ့ အက်သလက်တီကို အသင်းတွေကို ရှုံးပွဲတွေ့ကြုံထားရတဲ့ ဆိုစီဒက်ဟာ အခုပွဲအဝေးကွင်းဖြစ်တာကြောင့် အမှတ်ရဖို့ ခြေကုန်ထုတ်ရပါလိမ့်မယ်။ ဒီပို့တီဗိုတို့က အိမ်ကွင်းမှာ စွမ်းဆောင်ရည်ကောင်းပြီး ရလဒ်လည်းကောင်းတတ်တာမို့ အိမ်ရှင်ဟာ ဒီပွဲမှာ အနိမ့်ဆုံး တစ်မှတ်ရယူပါလိမ့်မယ်။

အက်စ်ပန်ညိုနဲ့ ဂီတာဖေး

နှစ်သင်းစလုံး အိမ်ကွင်းရလဒ်ကောင်းတဲ့ အသင်းတွေဖြစ်လို့ အက်စ်ပန်ညိုဟာ အဲဒီအခွင့်အရေးကောင်းကို လက်လွတ်မခံဘဲ အသုံးချပါလိမ့်မယ်။ ဂီတာဖေးဟာ အက်စ်ပန်ညိုကွင်းမှာ ရလဒ်မကောင်းတတ်တာမို့ ကံကောင်းမှ တစ်မှတ်ရပါလိမ့်မယ်။

မိုးမြင့်လင်းလက်

ဘရူနီကို ပေါင် ၄၇ သန်းထက်ပိုပေးပြီး မခေါ်ဘူးလို့ဆိုတဲ့ မန်စီးတီး

မန်စီးတီးဟာ ဂျာမန်ကလပ် ဝုဘတ်အသင်းရဲ့ အဓိကတိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ကီဗင်ဒီဘရူနီကို ခေါ်ယူဖို့ကြိုးစားနေတာကြာပါပြီ။ လွန်ခဲ့တဲ့ သီတင်းပတ်က ပေါင် ၄၇ သန်းနဲ့ ခေါ်ယူဖို့ကြိုးစားခဲ့ပေမယ့် ညှိနှိုင်းမှုတွေ အဆင်မပြေဖြစ်နေဆဲပါ။ ဘရူနီအတွက် ပေါင် ၄၇ သန်းထက် ဈေးပိုမပေးနိုင်ဘူးလို့ မန်စီးတီးက ဆိုပါတယ်။ ဘွန်ဒက်စ်လီဂါကလပ် ဝုဘတ်ကတော့ ဘရူနီပြောင်းရွှေ့မှုအတွက် ပေါင် ၅၇ သန်းအထိ တောင်းဆိုထားပါတယ်။ သို့ပေမယ့် မန်စီးတီးကတော့ ဘရူနီကို ခေါ်ယူဖို့ မျှော်လင့်နေဆဲဖြစ်ပါတယ်။ ချယ်လ်ဆီးကစားသမားဟောင်း တိုက်စစ်မှူး ဘရူနီကို မန်စီးတီးက တစ်ပတ်ပေါင်နှစ်သိန်းနဲ့ ခေါ်ယူနိုင်ဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။

ကောင်းမြတ်သူ-စုစည်းသည်။

စပါးအတွက် ပေါင် ၁၀ သန်းတန် တိုက်စစ်မှူးသစ်

ပရီမီယာလိဂ်ထိပ်တန်းကလပ်တစ်ခုဖြစ်တဲ့ စပါးဟာ ပြင်သစ်ကလပ် လိုင်ယွန်တိုက်စစ်မှူး ကလင်တန်အင်န်ဂျေးကို ပေါင် ၁၀ သန်းနဲ့ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ အသက် ၂၁ နှစ်အရွယ်သာရှိသေးတဲ့ အင်န်ဂျေးကို စပါးကလပ်က ငါးနှစ်စာချုပ်နဲ့ခေါ်ယူလိုက်ခြင်းဖြစ်ပါတယ်။ ကင်မရွန်းတိုက်စစ်မှူးကလင်တန်အင်န်ဂျေးဟာ လိုင်ယွန်အသင်း မှာ အဓိက ခြေစွမ်းပြကစားနေတဲ့ လူငယ်တိုက်စစ်မှူးတစ်ဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အင်္ဂလန်ထိပ်တန်းကလပ်ဖြစ်တဲ့ စပါးကိုပြောင်းရွှေ့ရတာ အလွန်ကျေနပ်ပျော်ရွှင်မိပါတယ်။ အသင်းအတွက် အကောင်းဆုံးဖြစ်အောင် ကစားပေးသွားမှာပါလို့ တိုက်စစ်မှူး အင်န်ဂျေးက စာချုပ်အပြီး ပြောဆိုလိုက်ပါတယ်။ ကျွန်တော်ဟာ ငယ်ပါသေးတယ်။ ကြီးမားတဲ့ စိန်ခေါ်မှုတွေနဲ့ ကြီးပြင်းလာရဦးမှာပါ။ ပရီမီယာလိဂ်ဆိုတာ ကမ္ဘာမှာအကောင်းဆုံး လိဂ်တွေထဲက တစ်ခုပါပဲလို့ သူက ဆိုပါတယ်။ အင်န်ဂျေးဟာ ပြင်သစ်ကလပ် လိုင်ယွန်အသင်းအတွက်သာ အကောင်းဆုံးကစားနေတာမဟုတ်ပါဘူး။ ကင်မရွန်းအသင်းအတွက်လည်း ၁၁ ပွဲ ပါဝင်ကစားခဲ့ပြီးဖြစ်ပါတယ်။ လာမယ့် ပရီမီယာလိဂ်ပြိုင်ပွဲတွေမှာတော့ အင်န်ဂျေးရဲ့ တိုက်စစ်ကို ပရီမီယာလိဂ်ပရိသတ်တွေ တွေ့ရတော့မှာ ဖြစ်ပါတယ်။

ဂွန်စတုန်းအား လျှို့ဝှက်စာချုပ်မှာကို စိုးရိမ်နေတဲ့ ချယ်လ်ဆီး

အဲဗာတန်နောက်တန်းကစားသမား ဂွန်စတုန်းကို မန်ယူနဲ့ မန်စီးတီးတို့က လျှို့ဝှက်စာချုပ်မှာ စိုးရိမ်နေတယ်လို့ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုက ဆိုပါတယ်။ ချယ်လ်ဆီးက နှစ်ကြိမ်တိုင် ကမ်းလှမ်းခဲ့မှုကို ဂွန်စတုန်းက ပယ်ချခဲ့တာပါ။ နည်းပြ မော်ရင်ဟိုအနေနဲ့ ဂွန်တယ်ရီနေရာမှာ ဂွန်စတုန်းကို အစားထိုးနိုင်ဖို့ ကြိုးစားနေတာပါ။ ဒီအတွက်ကြောင့်လည်း ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းက ဂွန်စတုန်းကိုရဖို့ တတိယအကြိမ် ပေါင်သန်း ၃၀ ပေးပြီး ကမ်းလှမ်းသွားဖို့ ပြင်ဆင်နေပြီလို့ ဆိုပါတယ်။ သို့ပေမယ့်လည်း အဲဗာတန်နည်းပြ ရော်ဘတ်တိုမာတီနက်ဇ်ကတော့ ဂွန်စတုန်းကို မရောင်းဘူးလို့ ဆိုပါတယ်။ ပြောင်းရွှေ့ကြေး ဘယ်လောက်ပေးပေး မရောင်းနိုင်ဘူးလို့ မာတီနက်ဇ်က ဆိုပါတယ်။ ဘာကလေချန်ပီယံ ချယ်လ်ဆီးကတော့ ကစားသမားခေါ်ယူရေးကာလမကုန်မီ အရခေါ်ယူဖို့ ကြိုးစားမယ်လို့ ဆိုပါတယ်။ ဒီအတောအတွင်း မန်ချက်စတာမြို့ခံ ပြိုင်ဘက်တွေဖြစ်တဲ့ မန်ယူနဲ့ မန်စီးတီးတို့ကလည်း ဂွန်စတုန်းကိုရဖို့ ဆန္ဒပြင်းပြနေကြပါတယ်။ မာတီနက်ဇ်ကတော့ ဂွန်စတုန်းဟာ အသင်းရဲ့ခေါင်းဆောင်ဖြစ်တဲ့အတွက် အဲဗာတန်မှာပဲဆက်ရှိလိမ့်မယ်လို့ ဆိုပါတယ်။

ကျန်းမာရေးမဏ္ဍိုင် ဘီပီအိုင်

ကို(ဆေးဝါး)

ဆေးဝါးစက်ရုံ(အင်းစိန်)သည် နိုင်ငံပိုင် ဆေးဝါးထုတ်လုပ်သည့် စက်ရုံကြီးဖြစ်ပါသည်။ စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်းလက်အောက်တွင်ရှိပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အဓိကကျသော ပြည်သူလူထု၏ ကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူပြု သည့်ဆေးဝါးများကို စဉ်ဆက်မပြတ် ထုတ်လုပ်ပေးလျက်ရှိသော စက်ရုံဖြစ်ပါသည်။ စက်ရုံသည် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက်တွင်တည်ရှိပြီး ၁၁၀ ဒသမ ၁၈ ဧကကျယ်ဝန်းပါသည်။ ယခင်က BPI (Burma Pharmaceutical Industry)ဟု လူသိများခဲ့ပြီး ယခုအခါ ဆေးဝါးစက်ရုံ(အင်းစိန်) Pharmaceutical Factory(Insein) ဟု ပြောင်းလဲခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်အတွင်း စစ်ဘေးစစ်ဒဏ်သင့်ခဲ့သော မြန်မာနိုင်ငံတွင် စစ်ဒဏ်ကြောင့် သေဆုံးရသူများရှိသကဲ့သို့ အာဟာရချို့တဲ့မှုနှင့် ရောဂါကာကွယ်ဆေး၊

မြွေဆိပ်ဖြေဆေးထုတ်လုပ်ရန် တည်ဆောက်ပြီးစီးနေသည့် အဆောက်အအုံသစ်။

ကုသဆေးများ ရှားပါးမှုကြောင့် အသက်သေဆုံးခဲ့ရသူများလည်း အများအပြားရှိခဲ့သည့် ခါးသီးသောအတွေ့ အကြုံများကြောင့် ဘီပီအိုင်ကိုတည်ဆောက်ရန် ဖြစ်ပေါ်လာခဲ့ရပါသည်။ ဆေးဝါးထုတ်လုပ်ရေးစက်ရုံ တည်ဆောက်ခြင်းဖြင့် နိုင်ငံခြားငွေဆုံးရှုံးမှုကို ကာကွယ်နိုင်ရန်၊ ဆေးဝါးထုတ်လုပ်မှုတွင် ပြည်ပကိုအားကိုးနေရာမှ ပြည်တွင်း၌ အစားထိုးထုတ်လုပ်နိုင်ရန်၊ နိုင်ငံတော်၏ ဆေးဝါးလိုအပ်ချက်ကို အတတ်နိုင်ဆုံးဖြည့်ဆည်းရန်၊ အရေးပေါ်အကြပ်အတည်းဖြစ်လာပါက ဆေးဝါးရှားပါးပြတ်လပ်မှုအခက်အခဲများ ဖြေရှင်းနိုင်ရန်နှင့် တိုင်းရင်းသားနိုင်ငံသားများ ဆေးဝါးထုတ်လုပ်မှုအ တတ်ပညာများ ကျွမ်းကျင်တတ်မြောက်လာစေရန်ရည်ရွယ်၍ တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဆေးဝါးစက်ရုံတစ်ရုံတည်ဆောက်ရန်အတွက် ၁၉၅၃ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် အင်္ဂလန်နိုင်ငံ လီဗာပူးလ်မြို့ရှိ အီးဗင်းဆေးဝါးထောက်ပံ့ရေးလီမိတက်(Evans Medical Supplies Ltd)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရတို့ သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြပါသည်။ စက်ရုံတည်ဆောက်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက်တွင် မြေနေရာရွေးချယ်ခဲ့ပြီး အကျယ် ၈၁ ဒသမ ၃၂ ဧကရှိသည့်မြေပေါ်တွင် စက်ရုံအဆောက်အအုံများကို ၁၉၅၄ ခုနှစ် ဧပြီ ၂၃ ရက်၌ အုတ်မြစ်ချ၍ မေလအတွင်း တည်ဆောက်မှုလုပ်ငန်းများ စတင်ခဲ့ပါသည်။ ၁၉၅၇ ခုနှစ် ဩဂုတ်လတွင် တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးခဲ့ပြီး ၁၉၅၈ ခုနှစ် ဧပြီ ၂၃ ရက်တွင် စက်ရုံကိုဖွင့်လှစ်နိုင်ခဲ့ပါသည်။ စက်ရုံအဆောက်အအုံများအတွက် ကုန်ကျငွေ ကျပ်သန်း ၄၀ ကျော်နှင့် စက်ပစ္စည်းကိရိယာ တန်ဆာပလာများအတွက် ကျပ်သန်း ၂၀ ကျော် စုစုပေါင်းကျပ်သန်း ၆၀ ကျော် ရင်းနှီးမြှုပ်နှံခဲ့ပါသည်။

၁၉၆၀ ပြည့်နှစ် အောက်တိုဘာလတွင် စက်ရုံ၏စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို မြန်မာနိုင်ငံ စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုကော်ပိုရေးရှင်း(ဘီအီးဒီစီ)က လွှဲပြောင်းတာဝန်ယူခဲ့ပါသည်။ ၁၉၆၄ အောက်တိုဘာလတွင် စက်ရုံများကို နိုင်ငံပိုင်ပြုလုပ်သောအခါ ဆေးဝါးစက်ရုံ(အင်းစိန်)သည် စက်မှုလက်မှုဝန်ကြီးဌာန စက်မှုလက်မှုတိုးချဲ့လုပ်ကိုင်ရေးကော်ပိုရေးရှင်း(စတလက)၏ ကြီးကြပ်အုပ်ချုပ်မှုအောက်သို့ ရောက်ရှိခဲ့ပါသည်။ ၁၉၇၂ ခုနှစ်တွင် အုပ်ချုပ်ရေးစနစ်သစ်ပြောင်းလဲမှု ဖြစ်ပေါ်လာသောအခါ ဆေးဝါးစက်ရုံ(အင်းစိန်)သည် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းကော်ပိုရေးရှင်းအောက်သို့လည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၏ ကြီးကြပ်အုပ်ချုပ်မှုအောက်သို့လည်းကောင်း ရောက်ရှိခဲ့ပါသည်။ ထို့နောက် ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ဝန်ကြီးဌာနအမည်နှင့် ၂၀၁၂ ဧပြီ ၄ ရက်တွင် လုပ်ငန်းရုံးချုပ်အမည်များ ပြောင်းလဲဖွဲ့စည်းခဲ့ရာ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၏ လက်အောက်ခံစက်ရုံတစ်ရုံအဖြစ် ရပ်တည်ခဲ့ပြီး ၂၀၁၅ ဧပြီ ၁ ရက်မှစ၍ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ(အင်းစိန်)အဖြစ် ဆက်လက်ရပ်တည်လျက်ရှိပါသည်။

ဆေးဝါးစက်ရုံ(အင်းစိန်)တွင် လက်ရှိဖွဲ့စည်းဆောင်ရွက်လျက်ရှိသော ထုတ်လုပ်ရေးဌာနခွဲများနှင့် ထုတ်ကုန်ပစ္စည်းအမျိုးအစားများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

စဉ်	ဌာနခွဲများ	ထုတ်လုပ်လျက်ရှိသော ထုတ်ကုန်ပစ္စည်းများ
(က)	ကုန်ထုတ်ဌာနခွဲ-၁	ဆေးပြား/ဆေးတောင့်၊ ဆေးဆီ၊ ဆေးရည်၊ လိမ်းဆေး၊ ဆေးမှုန့်၊ အရက်ပြန်
(ခ)	ကုန်ထုတ်ဌာနခွဲ-၂	ကာကွယ်ကုသဆေး နှင့်အဆိပ်ဖြေဆေးများ၊
(ဂ)	ကုန်ထုတ်ဌာနခွဲ-၃	ထိုးဆေးနှင့်သွေးကြောသွင်းဆေးရည်များ
(ဃ)	ကုန်ထုတ်ဌာနခွဲ-၄	ဆေးဝါးကုန်ကြမ်းစိုက်ကွင်းများ
(င)	ကုန်ထုတ်ဌာနခွဲ-၅	အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေး

စက်ရုံပင်မထုတ်လုပ်ရေး အဆောက်အအုံ (Main Pharmaceutical Production Building)ကို ၁၉၅၅ ခုနှစ် မေလတွင် တည်ဆောက်ပြီးစီးခဲ့ရာ ယင်းပင်မစက်ရုံ၏ အစိတ်အပိုင်းတစ်ခုကို ယာယီထုတ်လုပ်မှုယူနစ်တစ်ခုအဖြစ် ဖွဲ့စည်းတည်ဆောက်ပြီး ဆေးဝါးအချို့ကို စတင်ထုတ်လုပ်ခဲ့ပါသည်။ ၁၉၅၇ ခုနှစ်တွင် ဆေးဝါးအမယ်ပေါင်း ၄၁ မျိုးနှင့် ကာကွယ်/ကုသဆေး ခြောက်မျိုးတို့ကို ထုတ်လုပ်ခဲ့ပါသည်။ ၁၉၈၅ နှင့် ၁၉၈၆ ခုနှစ်တွင် မြန်မာ့တိုင်းရင်းဆေးဝါးများကိုလည်းကောင်း၊ ၁၉၈၉ ခုနှစ်တွင် စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် တွင်းတောင်စခန်းမှ ထုတ်လုပ်ရရှိသော အဏုဇီဝစိမ်းပြာရေညှိမှ Provimin သဘာဝအားဖြည့်ဆေးပြားများကိုလည်းကောင်း တိုးချဲ့ထုတ်လုပ်နိုင်ခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ်အထိ တိုင်းရင်းဆေးဝါးအပါအဝင် ဆေးဝါးအမယ်ပေါင်း ၂၄၆ မျိုး ထုတ်လုပ်ခဲ့ရာမှ ခေတ်နှင့်မညီဈေးကွက်မဝင်တော့သည့် ဆေးဝါးအချို့ကိုပယ်ဖျက်၍ အနောက်တိုင်းဆေးဝါး ၁၈၄ မျိုးနှင့် တိုင်းရင်းဆေးဝါး ၁၁ မျိုးတို့ကို ထုတ်လုပ်ခဲ့ပါသည်။

လက်ရှိအချိန်တွင် အနောက်တိုင်းဆေးဝါး ၁၆၂ မျိုး (ဆေးပြား ၆၂ မျိုး၊ ဆေးရည် ၁၉ မျိုး၊ လိမ်းဆေး ၉မျိုး၊ ဆေးမှုန့် ၂ မျိုး၊ ထိုးဆေး ၄၆ မျိုး၊ သွေးကြောသွင်းဆေးရည် ၁၄ မျိုး၊ ကာကွယ်ကုသဆေးနှင့် အဆိပ်ဖြေဆေး ၁၀ မျိုး)တို့ကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။ ၎င်းဆေးဝါး ၁၆၂ မျိုးအနက် ၁၂၁ မျိုးမှာ မြန်မာနိုင်ငံ၏ အဓိကစီမံချက်ဝင်ဆေးဝါးများ (Myanmar Essential Drugs) ဖြစ်ပါသည်။ Human Resources အဖြစ် Ph. D, M. Pharm, B.Pharm, M.Sc အစရှိသည့် မြန်မာတိုင်းရင်းသား ဆေးဝါးကျွမ်းကျင်ပညာရှင်ဝန်ထမ်းများက ခေတ်နှင့်အညီ အစွမ်းထက်သည့် အနောက်တိုင်းဆေးဝါးအသစ်များကို တိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် တီထွင်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ ဆေးဝါးစက်ရုံ(အင်းစိန်) ကုန်ထုတ်ဌာနခွဲ(၂)မှ ထုတ်လုပ်လျက်ရှိသော မြွေဆိပ်ဖြေဆေးများကို တစ်နှစ်လျှင်အလုံးရေ ခုနစ်သောင်းခန့် ထုတ်လုပ်နိုင်ပြီဖြစ်ပါသည်။ ဆက်လက်၍ ထပ်မံတိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် အဆင့်သုံးဆင့်ဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပထမအဆင့်အနေဖြင့် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှုအတွက် အဓိကလိုအပ်သော ကုန်ကြမ်းဖြစ်သည့် မြင်းသွေးရည်ကြည်တိုးတက်ရရှိရန် ဆောင်ရွက်ခဲ့ပါသည်။ မြင်းသွေးရည်ကြည်အပြင် သိုးသွေးရည်ကြည်မှလည်း မြွေဆိပ်ဖြေဆေးထုတ်လုပ်နိုင်ရန် သုတေသနပြုစမ်းသပ်မှုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ထုတ်လုပ်မှုများ ဆောင်ရွက်နေပြီဖြစ်ပါသည်။ ဒုတိယအဆင့်အနေဖြင့် ထုတ်လုပ်မှု နည်းစဉ်အသစ်(Caprylic Acid)ဖြင့် ပြောင်းလဲထုတ်လုပ်ခြင်းဖြင့် ထုတ်လုပ်မှုရာခိုင်နှုန်း (Yield) တိုးတက်စေပြီး သန့်စင်မှု ပိုမိုကောင်းမွန်စေခဲ့ပါသည်။ တတိယအဆင့်အနေဖြင့် ကျေးလက်ဒေသများတွင် သာမန်အခန်းအပူချိန်၌ ငါးနှစ်အထားခံနိုင်ရန်အတွက် မြွေဆိပ်ဖြေဆေးများကို အအေးခဲခြောက်စနစ်ဖြင့် ထုတ်လုပ်နိုင်ခဲ့ပါသည်။ ထို့အပြင် မြွေဆိပ်ဖြေဆေးထုတ်လုပ်မှု အဆောက်အအုံသစ်ကို PIC/S GMP နှင့်အညီ ကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များဖြင့် တည်ဆောက်ပြီးစီးပြီဖြစ်၍ ထုတ်လုပ်မှုများ ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါသည်။

ဆေးဝါးစက်ရုံ(အင်းစိန်)အနေဖြင့် မြန်မာနိုင်ငံအတွင်း အဖြစ်များသည့် အဓိကရောဂါ ခြောက်မျိုးအနက် တစ်ခုအပါအဝင်ဖြစ်သော ငှက်ဖျားရောဂါကာကွယ်ဆေး ကွီနင်းဆာလ်ဖိတ်(Quinine Sulphate) ဆေးပြားများနှင့် ပိုင်ပရာမီးစီးနင်း(Pipramisinin) ဆေးပြားများကို ဆေးဝါးကုန်ကြမ်း(Crude)မှ ကုန်ချောဖြစ်သည်အထိ ထုတ်လုပ်နိုင်ခဲ့ပါသည်။ ၂၀၀၉-၂၀၁၀ မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ကွီနင်းဆာလ်ဖိတ်ဆေးပြား ၀ ဒသမ ၆ သန်းနှင့် ၂၀၀၈-၂၀၀၉ မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ပိုင်ပရာမီးစီးနင်းဆေးပြား ၁ဒသမ ၁၈ သန်းကို ထုတ်လုပ်ခဲ့ပြီး ဈေးကွက်မှလိုအပ်လာပါက ထုတ်လုပ်ပေးနိုင်ရန် ငှက်ဖျားဆေးဝါးကုန်ကြမ်းပင်များဖြစ်သော စင်ကိုနာနှင့် အာတီမီးစီးယား ဆေးပင်များကိုလည်း စိုက်ပျိုးထားရှိပါသည်။ ကွီနင်းဆာလ်ဖိတ်ဆေးပြားများထုတ်လုပ်ရန် အဓိကကုန်ကြမ်းဖြစ်သော စင်ကိုနာပင်များကို ကရင်ပြည်နယ် သံတောင်ကြီးမြို့ရှိ သံတောင်ကြီးစိုက်ကွင်းနှင့် ပိုင်ပရာမီးစီးနင်းဆေးပြားများအတွက် အဓိကကုန်ကြမ်းဖြစ်သော အာတီမီးစီးယားဆေးပင်များကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ပွေးတောင်နှင့် ပွဲကောက်စိုက်ကွင်းများတွင် စိုက်ပျိုးလျက်ရှိပါသည်။

မြန်မာနိုင်ငံတွင်လူဦးရေ၏ ၁၀ ရာခိုင်နှုန်းကျော်သည် နာတာရှည်အသည်းရောင်အသားဝါ (ဘီ)ရောဂါ ကူးစက်ခံထားရပါသည်။ ထို့ကြောင့် နောင်လာမည့် မျိုးဆက်သစ်များ၌ အသည်းရောင်အသားဝါ(ဘီ)ရောဂါ ကင်းဝေးရန်အတွက် “မွေးကင်းစကလေးငယ်တိုင်း ကာကွယ်ဆေးထိုးနိုင်ရန်”ဟူသောရည်ရွယ်ချက်ဖြင့် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးများ ထုတ်လုပ်ပေးလျက်ရှိပါသည်။ ဆေးဝါးစက်ရုံ(အင်းစိန်)မှထုတ်လုပ်သော အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးသည် ပြည်ပမှတင်သွင်းလာသော ကာကွယ်ဆေးများကဲ့သို့ အန္တရာယ်ကင်း၍ အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းလည်းချိုသာခြင်းတို့ကြောင့် အများပြည်သူ သိရှိလာသည်နှင့်အမျှ နေ့စဉ်ရောင်းအားမြင့်တက် လျက်ရှိပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏အခြေအနေအရ မွေးကင်းစမှ ကလေးအသက်နှစ်လကျော်တွင် အသည်းရောင်အသားဝါ(ဘီ)ရောဂါပိုးများ လွယ်ကူစွာကူးစက်နိုင်သဖြင့် မွေးကင်းစအရွယ်ကလေးငယ်များအတွက် အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေး (Child Dose)ကို ထုတ်လုပ်ရန် FD မှ ခွင့်ပြုချက်ရရှိပြီးဖြစ်၍ ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိပါသည်။

ဆေးဝါးစက်ရုံ(အင်းစိန်)တွင် အရာထမ်း ၂၃၄ ဦး၊ အမှုထမ်း ၁၆၇၃ ဦးနှင့် နေ့စားဝန်ထမ်း ၈၂ ဦး၊ စုစုပေါင်း ၁၉၈၉ ဦး တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်ရုံတွင် လူသစ်များအတွက် အခြေခံသင်တန်း၊ မီးဘေးကြိုတင် ကာကွယ်ရေးသင်တန်း၊ မွမ်းမံသင်တန်း၊ GMP သင်တန်း၊ အင်္ဂလိပ်စာသင်တန်းများနှင့် စာတမ်းဖတ်ပွဲများ၊ စကားဝိုင်းဆွေးနွေးပွဲများကို အခါအားလျော်စွာ ပြုလုပ်လျက်ရှိပါသည်။ တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ ဆေးဝါးထုတ်လုပ်မှု ဆောင်ရွက်သူဝန်ထမ်းများ၏ အရည်အချင်းနှင့် ကျွမ်းကျင်မှုများ စဉ်ဆက်မပြတ်တိုးတက်စေရန် ပြည်တွင်းပြည်ပ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများသို့ သက်ဆိုင်ရာ အရည်အချင်းမီဝန်ထမ်းများအား ရွေးချယ်စေလွှတ်လျက်ရှိပါသည်။

ယနေ့ခေတ်ကာလတွင် ဆက်သွယ်ရေးစနစ်များ၊ ကြော်ငြာမီဒီယာများ လျင်မြန်စွာတိုးတက်ဖွံ့ဖြိုး ကျယ်ပြန့်လာသည်နှင့်အမျှ ဈေးကွက်အတွင်းရှိ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးဆိုင်ရာလုံခြုံမှု၊ အာနိသင်ပြည့်ဝမှုတို့ကို သုံးစွဲသူပြည်သူအများက အလေးထား၍ ရွေးချယ်ဝယ်ယူသုံးစွဲလျက်ရှိပါသည်။ ဆေးဝါးစက်ရုံ(အင်းစိန်) အနေဖြင့် ကုန်ကြမ်းမှအစပြု၍ ကုန်ချောဖြစ်သည်အထိ တိုင်းတာစစ်ဆေးထိန်းချုပ်ဆောင်ရွက်လျက်ရှိသည့် Quality Control ဌာနနှင့် ထုတ်လုပ်မှုအဆင့်ဆင့်ကို အချိန်နှင့်တစ်ပြေးညီ အရည်အသွေးထိန်းချုပ်နိုင်သည့် In-Process Quality Control (IPQC) ဌာနများအပြင် မိမိစက်ရုံမှထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကို အာမခံနိုင်ရေးအတွက် ထိန်းချုပ်ဆောင်ရွက်လျက်ရှိသည့် Quality Assurance (QA) ဌာနပါထားရှိကာ GMP လမ်းညွှန်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိပါသည်။

ဆေးဝါးကုန်ကြမ်းပစ္စည်းများ၏ အမျိုးအစားမှန်ကန်မှု၊ အရည်အသွေးစံချိန်စံညွှန်းပြည့်ဝမှုတို့ကို တိုင်းတာစစ်ဆေးရာတွင် လေ့လာမှီငြမ်းကိုးကားနိုင်သော BP (British Pharmacopoeia)၊ USP(United States Pharmacopoeia) စသည့် ဆေးဝါးစံချိန်စံညွှန်းစာအုပ်များကို အချိန်နှင့်တစ်ပြေးညီ(Fully Updated) ဝယ်ယူလေ့လာကာ အသုံးပြုလျက်ရှိပါသည်။ ၎င်းအပြင် အရည်အသွေးမီထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်အတွက် ကုန်ထုတ်လုပ်မှု(Production) နှင့် အရည်အသွေးထိန်းချုပ်စစ်ဆေးမှု(QC)များအတွက် ခေတ်မီစက်နှင့် စက်ပစ္စည်းများကို ဝယ်ယူဖြည့်ဆည်း အသုံးပြုလျက်ရှိပါသည်။

ဆေးဝါးစက်ရုံ(အင်းစိန်) သို့မဟုတ် (ဘီပီအိုင်)အနေဖြင့် မြန်မာတစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူလူထု၏ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ပေးနိုင်မည့် ဆေးဝါးလိုအပ်ချက်များကို အစွမ်းကုန်ဖြည့်ဆည်းပေးရန်ရည်ရွယ်ချက်ဖြင့် အတတ်ပညာရှင်များ၊ အသိပညာရှင်များနှင့် ကျွမ်းကျင်ဝန်ထမ်းများက စုပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ဆေးဝါးများထုတ်လုပ်ရာတွင် ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်မှန် GMP (Good Manufacturing Practices) လမ်းညွှန်သတ်မှတ်ချက်များနှင့်အညီ သတ်မှတ်အရည်အသွေးစံချိန်စံညွှန်းများနှင့် ကိုက်ညီရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အစွမ်းထက်မြက်၍ အာနိသင်ပြည့်ဝရေးတို့ကို စဉ်ဆက်မပြတ် ကြပ်မတ်ထုတ်လုပ်လျက်ရှိပါသည်။ ။

မြန်မာမှုသစ်ထွင်းစာလုံးများဖြင့် ရပ်ကွက်အမည်ဆိုင်းဘုတ်များ စိုက်ထူ

ဂန့်ဂေါ ဩဂုတ် ၁၇

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့ သာယာလှပစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့တွင်းရပ်ကွက်များ၏ နယ်နိမိတ်လမ်းဆုံများတွင် ရပ်ကွက်အမည်ဆိုင်းဘုတ်များကို မြန်မာမှုလက်ရာ သစ်ထွင်းစာလုံးများဖြင့် ပုံဖော်ကာ သစ်သားပွတ်လုံးတိုင်များဖြင့် စိုက်ထူထားကြောင်း သိရသည်။

ဂန့်ဂေါမြို့ကို မြောက်ကုန်း၊ စည်ပင်သာယာ၊ မြို့မနှင့် ကျောတိုက်ရပ်ကွက်လေးခုဖြင့် ဖွဲ့စည်းထားရာ ယင်းရပ်ကွက်လေးခုတို့၏ အမည်ဆိုင်းဘုတ်များကို ရပ်ကွက်များ၏ နယ်နိမိတ်လမ်းဆုံများ၌ စိုက်ထူထားခြင်းဖြစ်သည်။ ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးအတွက် မြို့နယ်လျှပ်စစ်ဌာနနှင့်ပူးပေါင်းကာ လမ်းဘေးခတ်တိုင်များရှိ လျှပ်စစ်မီးအိမ်များကို ပြုပြင်ထိန်းသိမ်းခြင်း၊ အသစ်တပ်ဆင်ခြင်း၊ လမ်းဆုံလမ်းခွများတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး သတိပေးမီးတိုင်များ စိုက်ထူခြင်း၊ လမ်းဘေးဝဲယာ ပလက်ဖောင်းများကို ဆေးသုတ်ခြင်းနှင့် အမှိုက်ကင်းစင်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကြီးမြင့်နိုင်(လှိုင်ကော်)

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း ဩဂုတ် ၃ရက်မှစ၍ ရေပြန်ကျသွားပြီးနောက် ရေလွှမ်းခံခဲ့ရသော လယ်ယာမြေများအနက် ပြန်လည်စိုက်ပျိုး၍ရသောလယ်ယာများ၌ စပါးများပြန်လည်စိုက်ပျိုးနေကြသော တောင်သူများကို ဩဂုတ် ၁၆ ရက်က တွေ့ရစဉ်။ (ဇူလိုင်လနောက်ဆုံးပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကလေးမြို့နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားကာ စိုက်ပျိုးမြေ ဧကပေါင်း ၆၀၀၀၀ ခန့် ရေလွှမ်းမိုးခံခဲ့ရပြီး ဧက ၄၀၀၀၀ ခန့် ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။)

ချင်းတွင်းသား (ပြန်/ဆက်)

ရေစကြိုမြို့နယ်မှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

ရေစကြို ဩဂုတ် ၁၇

ရေစကြိုမြို့နယ်အတွင်း ရေဘေးသင့်ကျေးရွာများမှ ပြည်သူများအတွက် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ ပေးဆပ်သူများနာရေးကူညီမှုအသင်းက ဩဂုတ် ၁၅ ရက်တွင် လာရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ လှူဒါန်းခဲ့တဲ့ ရွာတွေကတော့ အောင်ပန်းချောင်းရွာ၊ လေးရာပြည့်ရွာ၊ ဝါဘိုးရွာ၊ သမန္တပို့တောင်ရွာ၊ မြောက်ရွာ၊ ဆင်ခြေရာရွာတွေ ဖြစ်ပါတယ်။ လှူဒါန်းခဲ့တဲ့ ပစ္စည်းတွေကတော့ ဆန်၊ ခေါက်ဆွဲခြောက်၊ ငါးသေတ္တာ၊ မုန့်ခြောက်၊ ရေသန့်နဲ့ အဝတ်အထည်တွေ ဖြစ်ပါတယ်။ ရေဘေးသင့်ပြည်သူတွေကို အခုလို ကိုယ်တိုင်ကိုယ်ကျလာရောက်ပြီး လှူဒါန်းရတဲ့အတွက် များစွာပီတိဖြစ်ရပါတယ်"ဟု ပေးဆပ်သူများ နာရေးကူညီမှုအသင်းဝင် ကိုအောင်မျိုးထွန်းက ပြောသည်။

ဇူလိုင်လကုန်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေစကြိုမြို့နယ်အတွင်း ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကာ ယခုအခါ ရေပြန်လည်ကျဆင်းသွားပြီဖြစ်သော်လည်း ရေလွှမ်းမိုးခံခဲ့ရသော ဒေသများမှ ပြည်သူများမှာ အကူအညီများလိုအပ်နေဆဲဖြစ်ကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသည့် မိုးစပါးစိုက်ခင်းနှင့် ပျိုးခင်းများအတွက် ထောက်ပံ့

ကန့်ဘလူ ဩဂုတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်အတွင်း ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားခဲ့သော မိုးစပါးစိုက်ခင်းနှင့် ပျိုးခင်းများအတွက် တောင်သူများအား နိုင်ငံတော်သမ္မတ၏ ထောက်ပံ့ရေးရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၁၀၁ သန်းကျော်ကို ကန့်ဘလူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၁၅ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော ကျေးရွာအုပ်စု ၃၆ အုပ်စုမှ မိုးစပါးစိုက်ခင်း ၃၆၂၉ ဧကနှင့် မိုးစပါးပျိုးခင်း ၁၃၂၉ အတွက် ထောက်ပံ့ငွေ ကျပ် ၁၀၁ ဒသမ ၅၁၄ သန်းကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်မောင်က ပြောသည်။ ရေကြီးရေလျှံမှုကြောင့် နစ်မြုပ်ပျက်စီးသွားသည့် မိုးစပါးစိုက်ခင်းနှင့် ပျိုးခင်းများကို ပြန်လည်ထူထောင်ကာ အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏ ထောက်ပံ့ရေးရန်ပုံငွေဖြင့် ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့သည့် လယ်ယာမြေပိုင်ရှင်တောင်သူများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။ ထောက်ပံ့ငွေပေးအပ်ပွဲတွင် တာဝန်ရှိသူများက ထောက်ပံ့ငွေများကို သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့သည်။

ကန့်ဘလူမြို့နယ်တွင် ဇူလိုင်လလယ်မှစ၍ မိုးများအဆက်မပြတ် သည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကာ ရေတိုက်စားမှုများကြောင့် လမ်း၊ တံတားများ၊ မိုးစပါးစိုက်ခင်းနှင့် ပျိုးခင်းများ ရေကြီးနစ်မြုပ်ပြီး ပျက်စီးမှုများရှိခဲ့သည်။ ရေတိုက်စားမှုကြောင့် ပျက်စီးသွားသော လမ်း၊တံတားများကို သက်ဆိုင်ရာဌာနများက ပြန်လည်ပြုပြင်ဆောင်ရွက်လျက်ရှိပြီး အချို့မှာ ပြီးစီး၍ အချို့မှာပြုပြင်ဆဲဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

ကွတ်ခိုင်မြို့နယ်တွင် ဘိန်းဖြူဆပ်ပြာခွက် ၅၀၊ ဘိန်းဖြူအလေးချိန် ၀ ဒသမ ၆၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၇

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရွှေလီစစ်ဆင်ရေး (၂)စီမံချက်ကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၈ ရက်က မူးယစ်တပ်ဖွဲ့စု (၂၂) မူဆယ်၊ မူးယစ်တပ်ဖွဲ့စု (၁၀၂) နေပြည်တော်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွတ်ခိုင်- ကောင်းခါးမြို့သစ်သွားလမ်းခွဲအနီး ကားလမ်းမပေါ်တွင် ကောင်းခါးမှ ကွတ်ခိုင်သို့ ကျန်းလု(ခ) မောင်ကျော် မောင်းနှင်လာသည့် မော်တော် ဆိုင်ကယ်ကိုရှာဖွေရာ ဆိုင်ကယ်ခွကြား စက္ကူဂျပ်ဖာအတွင်းမှ ဘိန်းဖြူ ဆပ်ပြာခွက် ၅၀၊ ဘိန်းဖြူအလေးချိန် ၀ ဒသမ ၆၅ ကီလို၊ ပလတ်စတစ် အိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀တို့ကို သိမ်းဆည်းရမိသဖြင့် ကျန်းလု (ခ) မောင်ကျော်(၃၇ နှစ်) ကို မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(သတင်းစဉ်)

မိုင်းပွန်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၆၄၀ ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသအတွင်း မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး သံလွင်စစ်ဆင်ရေး စီမံချက်ကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၃ ရက် က လွိုင်လင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးနှင့် ပူးပေါင်းအဖွဲ့သည် မိုင်းပွန်မြို့ မိုင်းပွန်တံတား အရှေ့ဘက်ကမ်း မိုင်းပွန်-ဟိုပုံးသွား ကားလမ်းမပေါ်တွင် မိုင်းပွန်မြို့တွင်းမှ ဆိုင်ကယ်စီးနင်းလာသူ မောင်းယော်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၄၀ သိမ်းဆည်းရမိသဖြင့် မောင်းယော် (၁၇နှစ်) ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အရှိန်မထိန်းနိုင်သောဆိုင်ကယ်က လမ်းဘေးတွင် ရပ်ထားသည့် ၁၀ ဘီးယာဉ်နှင့် ယာဉ်မောင်းကို ဝင်ရောက်တိုက်မိ၍သေဆုံး/ဒဏ်ရာရ

နေပြည်တော် ဩဂုတ် ၁၇

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ဆားတိုင်ကန်ကျေးရွာအနီး မကွေး-တောင်တွင်းကားလမ်း မိုင်တိုင်အမှတ် (၃/၃)အနီးတွင် ဩဂုတ် ၁၄ ရက် ည ၇ နာရီက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆားတိုင်ကန်ကျေးရွာမှ မကွေးမြို့သို့ သင်ကြားရေးဆေးရုံလမ်းအတိုင်း မကွေးမြို့ မကွေးတက္ကသိုလ်ဝင်းနေ မဆုသက်ထားခိုင် (၁၇ နှစ်)မောင်းနှင်ပြီး အတူနေ မဖြူမာဝင်း(၁၇ နှစ်)လိုက်ပါလာသော ၄၆ယ/-------- SUPER ANBO -(125) ဆိုင်ကယ်သည် မကွေး-တောင်တွင်းကားလမ်းပေါ်သို့ ချိုးကွေ့စဉ် မိုင်တိုင်အမှတ် (၃/၃)အနီး လမ်းယာဘက်ဘေးတွင် ရပ်ထားသည့် 5B/--------NISSAN ၁၀ ဘီးယာဉ်၏နောက်တွင်ရပ်နေသူ မကွေးမြို့ ရွာသစ် (၁၆)လမ်းနေ ယာဉ်မောင်း ဇော်ထွန်း (၄၃ နှစ်) ကို အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့ကြောင်း၊ ထိုသို့တိုက်မိမှုကြောင့် မဆုသက်ထားခိုင်တွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး မဖြူမာဝင်းနှင့် ဇော်ထွန်းတို့တွင် ဒဏ်ရာများရှိရှိခဲ့သဖြင့် မကွေးမြို့ပြည်သူ့ဆေးရုံကြီးသို့ ကူညီပို့ဆောင်ပေးခဲ့ကာ မဆုသက်ထားခိုင်ကို မကွေးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ကိုရဲ

၁၂ ဘီးကား လမ်းကြောင်းမှား၍ ရွှံ့ဗွက်ကျွံကာ ကားလမ်းပိတ်ဆို့မှုဖြစ်ပွား

အင်းတော် ဩဂုတ် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် အင်းတော်နှင့် ဗန်းမောက်သွား လမ်းမကြီးဖြစ်သည့် အင်းတော်လမ်းပိုင်း မိုင်တိုင်အမှတ် (၃/၂၀) နှင့် (၂/၂၀) ကြား ရှိသောနေရာတွင် မန္တလေးဘက်က လာသော ဘိလပ်မြေအိတ်လုံးရေ ၆၀၀ ကျော်ပါသော ၂၂ ဘီးကားသည် လမ်း၏ အနောက်ဘက်သို့ လမ်းကြောင်းမှားပြီး ရွှံ့ဗွက်ကျွံကာ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့သည်။

ယင်းဖြစ်စဉ်ကြောင့် ဩဂုတ် ၁၄ ရက် ည ၈ နာရီမှ ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီခွဲ အထိ လမ်းပိတ်ဆို့မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

"လမ်းပိတ်ဆို့နေတာ ည ၈ နာရီကစဖြစ်နေတာ၊ ဒီလမ်းကလမ်းကြောမသိလို့မရဘူး၊ လမ်းကြောမှားသွားတော့ ခရီးသည်ကားတွေလည်း ဒုက္ခရောက်ကုန်တာပေါ့။ တော်သေးတယ်။ မြို့နယ်ဆောက်လုပ်ရေး အင်ဂျင်နီယာနဲ့ အဖွဲ့ရောက်လာလို့ အခုလို လမ်းပွင့်သွားတာပါ"ဟု ကားသမားတစ်ဦးက ပြောကြားသည်။

ယင်းကဲ့သို့ ကူညီဆောင်ရွက်မှုကြောင့် လမ်းများပြန်လည်ပွင့်သွားပြီး လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်ကာ သွားလာ၍ရသော်လည်း ယင်းနေရာသည် မြေကျွံကာ ကားလမ်းမကြီး တဖြည်းဖြည်းရွေ့လျားလျက်ရှိနေသောကြောင့် သတိထားပြီး မောင်းနှင်သွားလာနေကြရကြောင်း သိရသည်။

(လ/၀၀၂)

ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အခမ်းအနား ထားဝယ်၌ကျင်းပ

ထားဝယ် ဩဂုတ် ၁၇

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် UNOPS (LIFT FUND) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲခြင်းမှ တွေ့ရှိချက်များအား ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ဩဂုတ် ၁၄ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးသက်ပိုင်၊ ထားဝယ်ခရိုင် ကျေးလက်ဦးစီးမှူး ဦးငွေသိန်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ထားဝယ်မြို့နယ်အတွင်းရှိ ကျေးရွာငါးရွာအား ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရေးကွင်းဆင်းဆောင်ရွက်တွေ့ရှိချက်များအပေါ် ကဏ္ဍအလိုက် ဌာန ဆိုင်ရာများနှင့် ဖြည့်စွက်ဆွေးနွေးအကြံပြုကြသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ပါဝင်ရေးဆွဲခြင်းဖြစ်ပြီး ရွာသူ၊ ရွာသားများ၏ လုပ်ကိုင်ဆောင်ရွက်နိုင်မှုစွမ်းရည်မြင့်မားလာစေခြင်း၊ ရပ်ရွာ၏ လိုအပ်ချက်၊ အားသာချက်၊ အားနည်းချက်များအား သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် သိရှိသဘောပေါက် နားလည်ခြင်း၊ အခက်အခဲများဖြေရှင်းရန် နည်းလမ်းများကို သိရှိနားလည် ဖြေရှင်းလာနိုင်စေခြင်း အကျိုးကျေးဇူးများ ရရှိမည်ဖြစ်၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အခန်းကဏ္ဍအား များစွာအထောက်အကူပြုစေမည်ဖြစ်သည်။ စီမံချက်ရေးဆွဲခြင်း ပထမအဆင့်အနေဖြင့် တစ်နိုင်ငံလုံးရှိ မြို့နယ်ပေါင်း ၃၄ မြို့နယ်တွင် ကျေးရွာပေါင်း ၁၇၀ ကို တစ်ပြိုင်တည်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဖွင့်ပွဲအခမ်းအနားကျင်းပ

ထားဝယ် ဩဂုတ် ၁၇

ပြည်သူများအနေဖြင့် အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာများတိုးတက်၍ အသိပညာများကို လိုက်နာကျင့်သုံးစေရန် ရည်ရွယ်၍ ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ(ဒုတိယပတ်)ဖွင့်ပွဲအခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဒေါက်တာဝင်းအောင်က အမှာစကားပြောကြားရာ၌ အာဟာရလွန်ကဲမှုပြဿနာများကာကွယ်ရေး၊ အာဟာရ မျှတစွာစားသုံးတတ်သည့်ဓလေ့များထွန်းကားလာရေးတို့အတွက် ကျန်းမာရေးဌာနမှ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဖေငြိမ်းက ၂၀၁၅ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ အထိမ်းအမှတ် စာစီစာကုံးတွင် ဆုရရှိသောပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးဦးကို ဆုချီးမြှင့်ပြီး တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာ ဥက္ကာနှင့် တာဝန်ရှိသူများက မိခင်နို့တိုက်ကျွေးမှုစံပြမိခင်ပြိုင်ပွဲဆုရရှိသူ လေးဦးကို ဆုချီးမြှင့်သည်။

ဆက်လက်၍ ဒေါက်တာဝင်းအောင်နှင့် တက်ရောက်လာကြသူများက တစ်နှစ်မှ ငါးနှစ်အောက်ကလေးများအား အင်အားဖြည့်ဗီတာမင်အေဆေး တိုက်ကျွေးပြီး ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များအား ဗီတာမင်ဘီဝမ်းဆေးပြားနှင့် သံဓာတ်ဆေးပြားများဖြန့်ဝေ၍ အိုင်အိုဒင်းဆားများကို အရည်အသွေး စစ်ဆေးသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ၂၀၁၅ ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုများအား ဩဂုတ်လပထမပတ်ကို မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်၊ ဒုတိယပတ်ကို ငါးနှစ်အောက်ကလေးများအား အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ တတိယပတ်ကို ကိုယ်ဝန်ဆောင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်၊ စတုတ္ထပတ်ကို အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေး ရက်သတ္တပတ်များအဖြစ် သတ်မှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများ လုပ်အားယှဉ်ပြိုင်ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၇

မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (ရန်ကုန်အနောက်ပိုင်းခရိုင်) ယာဉ်လိုင်း၏ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများအား ၂၀၁၄ ခုနှစ်အတွက် လုပ်အားယှဉ်ပြိုင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက်က ရန်ကုန်မြို့ မထသ(ဗဟို) သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အဆင့် ဆုရရှိသောယာဉ်ပိုင်ရှင်နှင့် ယာဉ်လုပ်သားများ၊ လုပ်သားစာရိတ္တ မောင်ဆု၊ ဝန်ထမ်းတာဝန်ကျေပွန်မှုဆု၊ ယာဉ်ထွက် ၇၅ ရာခိုင်နှုန်းပြည့်မီအောင် ပြေးဆွဲနိုင်သော ဌာနခွဲဆု၊ ဌာနခွဲအဆင့် ဆုရရှိသော ယာဉ်ပိုင်ရှင်နှင့် ယာဉ်လုပ်သားများ၊ ယာဉ်လိုင်း အဆင့်ဆုရရှိသော ယာဉ်ပိုင်ရှင်နှင့် ယာဉ်လုပ်သားများကို မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်နှင့် ကော်မတီဝင်များ၊ ယာဉ်လိုင်းဥက္ကဋ္ဌများက ဆုများချီးမြှင့်ပြီး ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး၊ အင်းစိန်ဆေးရုံ၊ မြောက်ဥက္ကလာပဆေးရုံ၊ သဃ်န်းကျွန်းဆေးရုံကြီးတို့အား ထောက်ပံ့လှူဒါန်း ငွေများပေးအပ်သည်။

စတုတ္ထအကြိမ်မြောက် လုပ်အားယှဉ်ပြိုင်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ယာဉ်ဆု ၁၁၈ ဆု၊ ယာဉ်မောင်းဆု ၁၁၅ ဆု၊ ယာဉ်နောက်လိုက်ဆု ၁၁၅ ဆု၊ ဝန်ထမ်းဆု ၄ ဆု စုစုပေါင်း ၃၅၂ ဆုအတွက် ဆုကြေးငွေကျပ် ၃၅၈၉၀၀၀၀ ချီးမြှင့်ခဲ့သည့်အပြင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံကြီး၊ အင်းစိန်ဆေးရုံ၊ မြောက်ဥက္ကလာပဆေးရုံ၊ သဃ်န်းကျွန်းဆေးရုံကြီးများအတွက် ဆေးရုံတစ်ရုံလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ငွေကျပ် သိန်း ၄၀ ထောက်ပံ့လှူဒါန်းခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

ပျက်စီးသောလယ်မြေများအတွက် အထူးအထွက်တိုး စပ်မျိုးစပါးဖြန့်ဝေ

ကလေး ဩဂုတ် ၁၇

ကလေးမြို့နယ်တွင် ဇူလိုင်လကုန်နှင့် ဩဂုတ်လပထမပတ်အတွင်း ရေကြီးရေလျှံ မှုဖြစ်ပွားကာ စိုက်ပျိုးမြေဧကပေါင်း ၆၀၀၀၀ ခန့် ရေလွှမ်းမိုးပြီး ၄၆၀၅၉ ဧက ထိခိုက်ကာ ၁၂၈၉၈ ဧက ပျက်စီးခဲ့ကြောင်း သိရသည်။

ယခုအခါ ကလေးမြို့နယ်တွင် ပြန်လည်ထူထောင်ရေးရှေ့တန်းစခန်း လေးနေရာ၌ ဖွင့်လှစ်ထားရှိရာ ထိခိုက်ပျက်စီးသွားသော လယ်မြေများကို အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနကပေးပို့သော GW-1 အထူးအထွက်တိုးစပ်မျိုးစပါး ၇၈၉ ဧကစာ၊ ရွှေသွယ်ရင် စပ်မျိုးစပါး ၆၃၃ ဧကစာ စုစုပေါင်း ၁၄၂၂ ဧကစာကို ကျေးရွာအုပ်စု ၁၀ စုသို့ ဖြန့်ဝေပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနမှ ရောက်ရှိလာသော လယ်ထွန်စက်များအနက် ရာဇဂြိုဟ်ဆည်အနီးတွင် လယ်ယာမြေများ ပြန်လည်ထွန်ယက်နိုင်ရန် ဩဂုတ် ၁၄ ရက်က ထွန်စက် ၁၀ စီး ၊ ဩဂုတ် ၁၅ ရက်က နတ်မြောင်းကျေးရွာ၌ ကိုးစီး၊ သာစည်ကျေးရွာ၌ သုံးစီး၊ ထိုမာကျေးရွာ၌ ရှစ်စီး၊ ဆည်တော်ဦးကျေးရွာ၌ ငါးစီး၊ ကျောင်းတိုက်ကျေးရွာ၌ ငါးစီး၊ မြို့ပေါ်သန့်ရှင်းရေးအတွက် နှစ်စီး၊ ဆည်တော်ဦးကျေးရွာသွားလမ်းရွှံ့နွံများ ရှင်းလင်းရန် လေးစီးတို့ကို အသုံးပြုထားပြီး ကလေးဝမြို့တွင်လည်း လမ်းများရှင်းလင်းရန်အတွက် ထွန်စက်ငါးစီးကို အသုံးပြုထားကြောင်း သိရသည်။

ချင်းတွင်းသား(ပြန်/ဆက်)

ရေဘေးသင့်ပြည်သူများအား လှူဒါန်း

သာပေါင်း ဩဂုတ် ၁၇

သာပေါင်းမြို့နယ် သဘာဝစီမံခန့်ခွဲမှုကော်မတီရုံးသို့ United Nilar Agribusiness ကုမ္ပဏီမိသားစုနှင့်ဝန်ထမ်းများမှ ရေဘေးသင့်ပြည်သူများသို့ စားသောက်ကုန်များ၊ ဆေးဝါးများကို ရေဘေးသင့်ပြည်သူများအတွက် ဩဂုတ် ၁၃ ရက်ကပေးအပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

မျိုးဇော်ဦး(ပြန်/ဆက်)

နေပြည်တော်၌ တောင်ပေါ်ဒေသကျေးရွာ မီးလင်းရေးဆောင်ရွက်

ပျဉ်းမနား ဩဂုတ် ၁၇

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ဘန့်သားကျေးရွာ အုပ်စု လက်ဖက်တောင်ကျေးရွာ၌ ဩဂုတ် ၁၃ ရက်က ကျေးရွာမီးလင်းရေးအတွက် ဆိုလာပြားများပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် ဆိုလာပြား ၄၈ ချပ်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ကိုမျိုး(ရွှေပေါက်ကံ)

ရန်ကုန်မြို့တွင်း အာရ်ဘီအီး ရထားနှစ်စင်းနှင့် အာရ်ဘီတီ တွဲဆိုင်းသစ်တစ်စင်း ထပ်မံအစားထိုးပြေးဆွဲ

သတင်းဆောင်းပါး - မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)၊ မင်းထက်

ပြောင်းလဲလာသည့်ခေတ်စနစ်နှင့်အညီ ရန်ကုန်မြို့တွင်း မြို့ပတ်ရထားခရီးသွား ပြည်သူများ လုံခြုံချောမွေ့စွာဖြင့် အဆင့်မြင့်မြင့်လိုက်ပါစီးနင်းနိုင်ရန်နှင့် မြို့တွင်း ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့နိုင်ရန်အတွက် အာရ်ဘီအီးတွဲဆိုင်းသစ်နှစ်စင်းနှင့်အာရ်ဘီတီ ရိုးရိုးတွဲဆိုင်းသစ်တစ်စင်း ထပ်မံအစားထိုးပြေးဆွဲမှုတို့ကို မြန်မာ့မီးရထားက လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။

"အခုစတင်အစားထိုးပြေးဆွဲပေးမယ့် အာရ်ဘီအီး ရထားနှစ်စင်းနဲ့ အာရ်ဘီတီ ရထားများဟာဆိုရင် (ဆ) အထူးရထား၊ (ဂ) အထူးရထား တွဲဆိုင်းတွေမှာ အစားထိုး ပြေးဆွဲပေးမှာ ဖြစ်တယ်။ (ဂ) အထူးရထား တွဲဆိုင်းဆိုရင် ယခုလက်ရှိပြေးဆွဲပေးနေတဲ့ အာရ်ဘီအီး ရထားတွဲဆိုင်းဟာ အဲကွန်း အေးမှု နည်းတယ်လို့ ခရီးသည်တွေရဲ့ တောင်းဆိုမှုကြောင့် အခုလို အစားထိုး ပြေးဆွဲပေးခြင်းဖြစ်ပြီး (ဆ) အထူးရထား တွဲဆိုင်းဟောင်းကတော့ လိုအပ်တဲ့ တွဲဆိုင်းတွေမှာ မွမ်းမံပြင်ဆင်မှုတွေပြုလုပ်ပြီး လိုအပ်တဲ့ မြို့ပတ်ရထားတွဲဆိုင်းတွေမှာ ထပ်မံဖြည့်ဆည်း ပြေးဆွဲပေးသွားဖို့နဲ့ မလိုအပ်သေးရင် အရန်တွဲဆိုင်းတွေအနေနဲ့ ထားရှိမှာပါ။ အာရ်ဘီတီ ရထားကတော့ အဲကွန်းမပါတဲ့ ရိုးရိုးရထားဖြစ်ပြီး အခုတွဲဆိုင်းဟာ ဒုတိယတွဲဆိုင်းအနေနဲ့ ယခင်လမ်းကြောင်းမှာပဲ အစားထိုး ပြေးဆွဲပေးခြင်းဖြစ်ပါတယ်" ဟု ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ဦးအောင်မြင့်လှိုင် အထွေထွေမန်နေဂျာ (စီးပွားရေး) က ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်ဘူတာကြီး၌ အဆိုပါ ရထားသုံးစင်းဖွင့်ပွဲအခမ်းအနားတွင် မီဒီယာများအား ပြောကြားခဲ့သည်။

ယနေ့ ထပ်မံအစားထိုးပြေးဆွဲပေးရန် ဖွင့်လှစ်ခဲ့သည့် (ဆ)အထူးရထား၊ (ဂ) အထူးရထားတွဲဆိုင်းနှင့် ရိုးရိုးအာရ်ဘီတီ ရထားတွဲဆိုင်းတို့အား စတင်ပြေးဆွဲမှုကို ဩဂုတ် ၁၇ ရက် (ယနေ့)မှ စတင်ကာ ပြေးဆွဲပေးမည်ဖြစ်ပြီး (ဆ) အထူးရထားတွင် တွဲဆိုင်းငါးဆိုင်းမှ ထိုင်စီး ၂၈၀၊ ရပ်စီး ၂၃၀ စုစုပေါင်း ခရီးသည် ၅၁၀၊ (ဂ) အထူးရထားတွဲဆိုင်းတွင် တွဲဆိုင်းငါးဆိုင်းပါရှိကာ ထိုင်စီးခရီးသည် ၃၉၂ ဦး၊ ရပ်စီး ၂၁၀ စုစုပေါင်း ခရီးသည် ၆၀၂ ဦးလိုက်ပါစီးနင်းနိုင်မည်ဖြစ်သည်။ ထို့အတူ ထပ်မံအစားထိုးပြေးဆွဲပေးမည့် အာရ်ဘီတီ (မ) ရိုးရိုးမြို့ပတ်ရထားတွဲဆိုင်းတွင်လည်း တွဲဆိုင်းငါးဆိုင်းပါဝင်ပြီး ထိုင်စီးခရီးသည် ၂၈၇ ဦး၊ ရပ်စီးခရီးသည် ၂၇၉ ဦး စုစုပေါင်း ၅၆၆ ဦးလိုက်ပါစီးနင်းနိုင်ကာ အဆိုပါ မြို့ပတ်ရထားသုံးဆိုင်းလုံးကို ယခင်မူလလမ်းကြောင်းအတိုင်းသာ ထပ်မံအစားထိုး ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ဈေးနှုန်းမှာလည်း ပြောင်းလဲမှုမရှိဘဲ ယခင်နှုန်းထားအတိုင်း အာရ်ဘီအီးတွင် ပုံသေ ငွေကျပ် ၃၀၀ နှုန်းနှင့် အာရ်ဘီတီ ရိုးရိုးမြို့ပတ်ရထားတွင် ခရီးစဉ် ဘူတာအလိုက် ငွေကျပ် ၅၀၊ ၁၀၀ နှင့် ၂၀၀ အထိ ခရီးစဉ်ပေါ်မူတည်ကာ ကောက်ခံ သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင်း မြို့ပတ်ရထားများ အဆင့်မြင့် အစားထိုးပြေးဆွဲမှုနှင့်ပတ်သက်၍ အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက်တွင် နေထိုင်ပြီး ရန်ကုန်မြို့တွင်း နေ့စဉ်နှင့်အမျှ အလုပ်သွား၊ ပြန် လိုက်ပါစီးနင်းနေသော ခရီးသည် ဦးငွေသောင်က "အခုလို မြန်မာ့မီးရထားအနေနဲ့ မြို့ပတ်ရထားတွေကို အဆင့်မြှင့် အစားထိုးပြေးဆွဲပေးတာ ကောင်းပါတယ်။ စီးတဲ့သူလည်း ပိုများလာတာ တွေ့ရတယ်။ အချိန်ကလည်း အရင်နဲ့စာရင် သိပ်နောက်ကျတာမရှိတော့ဘူး။ ဒါပေမယ့် ခိုးစီးခရီးသည်တွေ ပိုများလာတာကို ကြပ်ကြပ်မတ်မတ် လုပ်ပေးရင်တော့ ပိုကောင်းလိမ့်မယ်။ အရင်ကဆို တွဲထိန်းပါတာ တွေ့ရတယ်။ ခုနောက်ပိုင်း တွဲထိန်းတောင်သိပ်မတွေ့ရဘူး။ အဲကွန်းရထားဆိုပေမယ့် တချို့တွဲတွေက တံခါးတွေ လုံခြုံမှုမရှိတာ တွေ့ရတယ်။ ပြီးတော့ ရထားထွက်မှ ပြေးလိုက်တဲ့ ခရီးသည်တွေလည်း ပိုပိုများလာတယ်"ဟု သူ၏ နေ့စဉ်မြင်တွေ့ကြုံရသမျှကို ရင်ဖွင့်ခဲ့သည်။

မြန်မာ့မီးရထားအနေဖြင့် ရန်ကုန်မြို့တွင်း မြို့ပတ်ရထားများ အဆင့်မြှင့် အစားထိုးပြေးဆွဲမှုကို ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်မှ စတင်ကာ အဲကွန်းအထူးမြို့ရထားများအဖြင့် စတင်ပြေးဆွဲခဲ့ရာ ယခုအခါ သတ္တမတွဲဆိုင်းမြောက်အထိ အစားထိုး ပြေးဆွဲခဲ့ပြီဖြစ်သည်။ ဂျပန်နိုင်ငံမှ ဝယ်ယူထားသည့် တွဲဆိုင်းငါးဆိုင်းများအနက်လည်း သုံးဆိုင်းမြောက် အစားထိုးပေးနိုင်ခဲ့ပြီ။ ကျန်တွဲဆိုင်း အာရ်ဘီအီးတွဲဆိုင်း နှစ်ဆိုင်းကိုလည်း သင့်တင့်လျောက်ပတ်ပြီး လိုအပ်သောလမ်းကြောင်းများတွင် ပြည်သူများ တောင်းဆိုလာပါက ပြေးဆွဲပေးရန် ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်လျက်ရှိသည်။ အဆိုပါ တွဲဆိုင်းများကို ဂျပန်နိုင်ငံမှ ဝယ်ယူခဲ့ခြင်းဖြစ်ပြီး အာရ်ဘီအီးတစ်စင်းစီ၏ တန်ဖိုးမှာ ဂျပန်ယန်းငွေ ၁၀၂၀၀၀၀၀ ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ မြို့ပတ်ရထား အာရ်ဘီတီ တွဲဆိုင်းသစ်အစားထိုးပြေးဆွဲမှုကိုလည်း ယခုအကြိမ်ပြေးဆွဲပေးခြင်းသည် ဒုတိယမြောက်ဖြစ်ပြီး ပထမတွဲဆိုင်းကို ပြီးခဲ့သည့် ဇွန် ၁၄ ရက်က စတင်ပြေးဆွဲပေးခဲ့ခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

လက်ပံတန်းသာရဝေါရထားများ ရပ်ဆိုင်းထားရသဖြင့် ဒေသခံများခက်ခဲစွာသွားလာနေရ

လက်ပံတန်း ဩဂုတ် ၁၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ ကျောက်အိုင်ကျေးရွာနှင့် ခမုံကျေးရွာကြား ရထားတံတား အမှတ် ၁၅ အေမှာ ဩဂုတ် ၇ ရက်က မြစ်ရေတိုက်စားမှုကြောင့် ခမုံဘက်ခြမ်းမှ ချဉ်းကပ်လမ်းမြေပြိုခဲ့ရာ ရထားများရပ်ဆိုင်းထားရသည်။ ယခင်က ရထားဖြင့် ၅၀ ကျပ်သာကျသင့် သည့်ခရီးစဉ်မှာ ငွေကျပ် ၁၅၀၀ ကျပ်ပေး၍ဆိုင်ကယ်ကယ်ရီများဖြင့် စီးနင်းနေရပြီး ငွေကျပ် ၁၀၀ သာကျသင့်သည့် ခရီးစဉ်မှာလည်း ယခုအခါ ရေလမ်းတစ်ဆင့်၊ ကုန်းလမ်းဖြင့် သွားလာနေရသောကြောင့် ငွေကျပ် ၃၀၀၀ မှ ငွေကျပ် ၃၅၀၀ ကုန်ကျနေကြောင်း ဒေသခံများ ပြောကြားသည်။

မြန်မာ့မီးရထား တိုင်း(၆) မှတိုင်းတာဝန်ခံ ဦးသက်ထွန်း၊ တိုင်းအင်ဂျင်နီယာမှူး ဦးကျော်လင်းနှင့် အငယ်တန်းအင်ဂျင်နီယာများကလည်းကောင်း တံတားအနီးယာယီတံတားတည်ဆောက်ပေးရန်အတွက် ပစ္စည်းများစုဆောင်းပြီးရေများ ကျဆင်းသွားပါက အမြန်ဆုံးဆောင်ရွက်သွားမည် ဖြစ်ကြောင်းသိရသည်။

(ဝ၉၈)

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)

မိတ်ဆုံညစာစားပွဲသို့ တက်ရောက်ပါရန် ဖိတ်ကြားခြင်း

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်)မှ ရန်ကုန်ဇုန်နယ်မြေအတွင်းရှိ ဟိုတယ်များမိတ်ဆုံညစာစားပွဲကို ဒုတိယအကြိမ်ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ၎င်းညစာစားပွဲအား ဟိုတယ်လုပ်ငန်းရှင်များအချင်းချင်းချစ်ခင်ရင်းနှီးစွာ လုပ်ငန်းများချိတ်ဆက်လုပ်ကိုင်နိုင်ရန် ရည်ရွယ်ပါသည်။ အဆိုပါမိတ်ဆုံညစာစားပွဲအား အောက်ပါအစီအစဉ်အတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်ဇုန်၏ အသင်းဝင်ဟိုတယ်ဖြစ်စေ၊ အသင်းမဝင်မရသေးသော ဟိုတယ်များဖြစ်စေ ဟိုတယ်များအနေဖြင့် ညစာစားပွဲသို့ တက်ရောက်ကြပါရန်လေးစားစွာ ဖိတ်ကြား အပ်ပါသည်။

(က) ကျင်းပမည့်နေ့ရက် - ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ၊ (၂၁)ရက်
(ခ) ကျင်းပမည့်အချိန် - ညနေ (၄း၀၀) နာရီ မှ ည (၉း၀၀) နာရီ အထိ
(ဂ) ကျင်းပမည့်နေရာ - Sky Star Hotel

RSVP : 01 8551256

ကံစမ်းမဲအစီအစဉ်ပါရှိသည့်အတွက် ကံစမ်းမဲကူပွန်နှင့်တကွ တက်ရောက်ပေးပါရန် လေးစားစွာအသိပေးအပ်ပါသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော် CATV Network လုပ်ငန်းများ တိုးချဲ့ရန်အတွက် လိုအပ်သည့် ပစ္စည်း(၄၃)မျိုးနှင့် တပ်ဆင်ခြင်းလုပ်ငန်းအား ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံထုတ်ပေးမည့်ရက် - ၁၈-၈-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက် - ၁၈-၉-၂၀၁၅ ရက်၊ ၁၆း၁၀ နာရီ
တင်ဒါပေးသွင်းရမည့်နေရာ - အင်ဂျင်နီယာဌာန(အဆောက်အအုံ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်း၍ အခမဲ့ထုတ်ယူနိုင်ပါသည်။

အင်ဂျင်နီယာဌာန(အဆောက်အအုံ) CATV ဌာနခွဲ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း-၀၆၇-၄၁၄၂၉၇၊ ၀၆၇-၄၁၄၆၆၃

ပစ္စည်းဝယ်ယူရေးအဖွဲ့
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၉)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

၂။ **အိတ်ဖွင့်တင်ဒါအမှတ်** - အမှတ်(၂) ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်
၃။ **တင်ဒါပိတ်မည့်ရက်၊အချိန်** - ၃၁-၈-၂၀၁၅ ရက် ၀၉း၀၀ နာရီ
၄။ **တင်ဒါဖွင့်မည့်ရက်၊အချိန်** - ၃၁-၈-၂၀၁၅ ရက် ၀၉း၃၀ နာရီ
၅။ **တင်ဒါတင်သွင်း** - လမ်းအထူးအဖွဲ့(၉)၊ မိတ္ထီလာမြို့၊
စိစစ်ရွေးချယ်မည့်နေရာ ဖုန်း-၀၆၄-၂၃၁၁၈

အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)အတွက် ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂပစ္စည်းများ ဝယ်ယူရန်အတွက် အိတ်ဖွင့် တင်ဒါ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၁-၈-၂၀၁၅ ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ ကွန်ပျူတာတက္ကသိုလ်(ဟသ်ာတ)
ဖုန်း-၀၄၄-၂၂၇၂၅၊ ၂၁၉၄၂

သတ္တုတွင်းဝန်ကြီးဌာနသို့ လုပ်ငန်းစာချုပ်အရ ရွှေပေးသွင်းရန်ကျန်ရှိသည့် ကုမ္ပဏီများအနက် ကုမ္ပဏီ(၂၁)ခုအား တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း

သတိပေး အကြောင်းကြားခြင်း

သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်စနစ်ဖြင့် ရွှေသတ္တုအသေးစားထုတ်လုပ်မှုလုပ်ငန်းအား စာချုပ်ချုပ်ဆို လုပ်ကိုင်ခဲ့ကြသည့် ကုမ္ပဏီများအနက် အောက်ပါကုမ္ပဏီ(၂၁)ခုသည် လုပ်ငန်းသဘောတူစာချုပ်အရ နိုင်ငံတော်သို့ပေးသွင်းရမည့် ရွှေစင်များအား ပေးသွင်းရန် ပျက်ကွက်ခဲ့ပါသည်-

(၁) ရွှေစင်ဟိန်းကုမ္ပဏီ	(၁၂) သလ္လာရွှေစင်ကုမ္ပဏီ
(၂) မြန်မာရွှေသီဂီကုမ္ပဏီ	(၁၃) ရွှေမြနန္ဒာကုမ္ပဏီ(မန္တလေး)
(၃) မန္တလေးမိုင်းနင်းကုမ္ပဏီ	(၁၄) နီလာနှင်းဆီကုမ္ပဏီ
(၄) ရွှေမြနန္ဒာကုမ္ပဏီ(စစ်ကိုင်း)	(၁၅) အမေ့ကျေးဇူးကုမ္ပဏီ
(၅) မိုးဟိန်းထွန်းကုမ္ပဏီ	(၁၆) သွေးမိသားစုကုမ္ပဏီ
(၆) ရှမ်းကတူးကုမ္ပဏီ	(၁၇) ပန်းပွင့်ကုမ္ပဏီ
(၇) ငွေးဝင်းထွန်းကုမ္ပဏီ	(၁၈) မြန်မာထက်ဝေယံကုမ္ပဏီ
(၈) ပန်းမြတ်မာလာကုမ္ပဏီ	(၁၉) အေးမြပြည့်စုံကုမ္ပဏီ
(၉) ရတနာချင်းတွင်းကုမ္ပဏီ	(၂၀) မြတ်အိန္ဒြေ
(၁၀) မိုးကြိုးခြသေ့်ကုမ္ပဏီ	(၂၁) ဇမ္ဗူရာဇ်ကုမ္ပဏီ
(၁၁) ကံကောင်းခြင်းထာဝရအားမာန်ကုမ္ပဏီ	

ဌာနမှ စုံစမ်းစစ်ဆေးရေးအဖွဲ့များဖြင့် စုံစမ်းစစ်ဆေးခဲ့ပြီး ကုမ္ပဏီများ၏ ဒါရိုက်တာအဖွဲ့များသို့ ပေးသွင်းရန်ကျန်ရှိသည့် ရွှေစင်များအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း အပြီးပေးသွင်းရန် အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

အထက်ပါကုမ္ပဏီ (၂၁)ခုသည် လုပ်ငန်းစာချုပ်အရ နိုင်ငံတော်သို့ပေးသွင်းရန် ကျန်ရှိသည့် ရွှေစင်များအား ဌာနသို့ လာရောက်ပေးသွင်းခြင်းမရှိသဖြင့် ကုမ္ပဏီများ၏ အုပ်ချုပ်မှုဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များအား မကြာမီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အလားတူ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ရွှေသတ္တုအသေးစားထုတ်လုပ်မှု လုပ်ငန်း စာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့ပြီး လုပ်ငန်းစာချုပ်အရ နိုင်ငံတော်သို့ ရွှေပေးသွင်းရန် ကျန်ရှိသည့် ကုမ္ပဏီများမှ ပေးသွင်းရမည့်ရွှေစင်များအား ပေးသွင်းခြင်းမရှိပါက အထက်ပါအတိုင်း တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်
အမှတ် ၅၂/၆၆၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
အိတ်ဖွင့်တင်ဒါကြော်ငြာအမှတ် (၀၅/၂၀၁၅-၂၀၁၆)

အိတ်ဖွင့်တင်ဒါကြော်ငြာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း လီမိတက်အနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ ကုန်ကြမ်းသစ်လုံးများ ဖြည့်ဆည်းပေးနိုင်ရေးအတွက် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **ကျင်းပမည့်နေ့ရက်** - ၂၅-၈-၂၀၁၅ ရက် (အင်္ဂါနေ့)
(ခ) **ကျင်းပမည့်အချိန်** - မွန်းလွဲ ၁၃း၀၀ နာရီ
(ဂ) **ရောင်းချမည့် သစ်အမျိုးအစားနှင့် တန်** - ကျွန်းသစ်လုံး ၂၂၀၃ လုံး (၁၃၈၁.၄၂၀ တန်)
(ဃ) **ကျင်းပမည့်နေရာ** - မြန်မာ့သစ်လုပ်ငန်း၊ ကြို့ကုန်းသစ်တောဝင်း၊ တော်ဝင်ခန်းမ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အချက်အလက်များအား အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၉၀၁၀၇၃၅ နှင့် ၀၉-၄၃၂၀၂၅၄၄ တို့သို့ စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မုံရွာခရိုင်တရားရုံး
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၄၀

ဒေါ်မိုးမိုးအောင် **နှင့်** ဒေါ်မီမီနိုင်
တရားလို **တရားပြိုင်**

မုံရွာမြို့၊ ဆင်နှစ်ကောင်လမ်း၊ ကွေ့ကြီးရပ်ကွက်နေ ဒေါ်မီမီနိုင်(ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ဒေါ်မိုးမိုးအောင်က အရောင်းအဝယ်ကတိစာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု (သို့မဟုတ်) စာချုပ်ပါ ငွေကျပ်သိန်း ၁၅၀နှင့် နစ်နာကြေးငွေ ကျပ်သိန်း ၅၀ ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၅ခုနှစ် စက်တင်ဘာ ၄ရက် (၁၃၇၇ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဩဂုတ် ၁၀ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စောမျိုးမျိုး)
ဒုတိယခရိုင်တရားသူကြီး(၂)
မုံရွာခရိုင်တရားရုံး

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မန္တလေးခရိုင်တရားရုံးတော်
၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၆၃
၂၀၁၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅၄

ဒေါ်ခင်ဆွေဝင်း **နှင့်** ၁။ ဒေါ်မြသိန်း
၂။ ဦးမောင်စိန်
၃။ မောင်စစ်ပိုင်
၄။ ကိုစစ်သူ

တရားနိုင် **တရားရှုံးများ**

(၁) ဒေါ်မြသိန်း၊ (၂) ဦးမောင်စိန်၊ (၃) မောင်စစ်ပိုင်၊ (၄) ကိုစစ်သူ (အတူနေ) ငွေသဇင်ကုန်မျိုးစုံရောင်းဝယ်ရေး၊ အမှတ်(၆၂)၊ ၃၉လမ်း၊ ၈၀×၈၁ လမ်းကြား၊ အကွက်(၅၂၉)၊ မဟာအောင်မြေအရှေ့ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၆၃ တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၅ခုနှစ် စက်တင်ဘာ ၄ရက် (၁၃၇၇ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၅ခုနှစ် ဩဂုတ် ၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းဆောင်)
တွဲဖက်ခရိုင်တရားသူကြီး(၄)
မန္တလေးခရိုင်တရားရုံး

တင်ဒါတင်သွင်းနိုင်ရေးအတွက် ရှင်းလင်းပွဲ ဖိတ်ခေါ်ခြင်း

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စုများတွင် ပထမဆင့်အနေဖြင့် လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသည်။ ဖော်ထုတ်ရန် စိတ်ဝင်စားသည့် ကုမ္ပဏီများအား ဖော်ထုတ်မည့် အကြောင်းအရာအသေးစိတ်ကို ၂၆-၈-၂၀၁၅ရက် နံနက် ၁၀း၀၀နာရီတွင် မန္တလေးတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန အစည်းအဝေးခန်းမ၌ ရှင်းလင်းဆွေးနွေးခြင်း ဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ဝင်စားသည့်ကုမ္ပဏီများ တက်ရောက်နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ခရိုင်	မြို့နယ်	ကျေးရွာအုပ်စု	ဖော်ထုတ်မည့်ဧက
၁။	မြင်းခြံ	မြင်းခြံ	ဆားခါး	၁၃၀
၂။	မြင်းခြံ	တောင်သာ	တပင်ကန်	၂၁
၃။	မြင်းခြံ	နွားထိုးကြီး	တောဇောက်	၁၂၈
၄။	ကျောက်ဆည်	တံတားဦး	ကန်ကြီး	၂၂

မန္တလေးတိုင်းဒေသကြီး
လယ်ယာမြေဖော်ထုတ်ရေးကြီးကြပ်ရေးအဖွဲ့
ဆက်သွယ်ရမည့် ဖုန်းနံပါတ်
၀၉-၂၀၀၀၂၂၁၊ ၀၂-၇၀၆၇၀၊ ၀၂-၅၆၀၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
နေပြည်တော်

ဒီဇယ်ဆီရောင်းချရန်ကြေညာခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်တွင်တည်ရှိသော ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)စက်ရုံမှ ထုတ်လုပ်သည့် သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီသော ဒီဇယ်ဆီဂါလန် ၉၆၀၀၀၀ (ကိုးသန်းခြောက်သိန်းတိတိ) အား တစ်ဂါလန်လျှင် ၂၆၅၀ကျပ် (ကျပ်နှစ်ထောင့်ခြောက်ရာ ငါးဆယ်တိတိ)နှုန်းနှင့် ဦးရာလူစနစ်ဖြင့် လွတ်လပ်စွာရောင်းချမည်ဖြစ်ပါ၍ မည်သူမဆို လျှောက်ထားဝယ်ယူနိုင်ပါသည်။

၂။ လျှောက်ထားဝယ်ယူသူသည် အနည်းဆုံးဒီဇယ်ဆီဂါလန် ၂၅၀၀၀(နှစ်သောင်းငါးထောင်တိတိ)အား လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူရမည်။

၃။ ဒီဇယ်ဆီဝယ်ယူသည့် ပမာဏအနည်းအများအလိုက် အောက်ဖော်ပြပါ သတ်မှတ်ရက်များအတွင်း ပြီးစီးအောင်မိမိအစီအစဉ်ဖြင့် ထုတ်ယူရမည်-

(က) ဒီဇယ်ဆီဂါလန် ၂၅၀၀၀ မှ ၅၀၀၀၀ အထိ သတ်မှတ်ရက် ၂၀ ရက်
(ခ) ဒီဇယ်ဆီဂါလန် ၅၀၀၀၁ မှ ၁၀၀၀၀၀ အထိ သတ်မှတ်ရက် ၃၀ ရက်
(ဂ) ဒီဇယ်ဆီဂါလန် ၁၀၀၀၀၁ မှ ၁၅၀၀၀၀ အထိ သတ်မှတ်ရက် ၄၅ ရက်
(ဃ) ဒီဇယ်ဆီဂါလန် ၁၅၀၀၀၁ မှ ၂၀၀၀၀၀ အထိ သတ်မှတ်ရက် ၆၀ ရက်
(င) ဒီဇယ်ဆီဂါလန် ၂၀၀၀၀၁ နှင့် အထက် သတ်မှတ်ရက်၇၅ ရက်

၄။ ဝယ်ယူသူသည် မိမိဝယ်ယူသည့်ပမာဏကို တစ်လုံးတစ်ခဲတည်း ငွေပေးသွင်း ထုတ်ယူရပါမည်။

၅။ ဒီဇယ်ဆီဝယ်ယူလိုသည် မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်ရှိ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)စက်ရုံမှူးထံသို့ တိုက်ရိုက်လိပ်မူလျှောက်ထား၍ ငွေပေးသွင်း ဝယ်ယူနိုင်ပါသည်။

၆။ အသေးစိတ်အချက်အလက်များအား မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန ဖုန်း-၀၆၇-၄၁၁၀၉၃ နှင့် ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)ဖုန်း-၀၉-၄၀၁၅၂၃၀၉၄၊ ၀၉-၄၀၁၅၅၄၈၀၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စွမ်းအင်ဝန်ကြီးဌာန
ရုံးအမှတ်(၄၄)၊ နေပြည်တော်

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၇၁

ဦးစောဝေ (၄င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးအောင်ဇော်မိုး) **နှင့်** ၁။ ဦးဉာဏ်စိန် ၂။ ဒေါ်ကျင်သန်း ၃။ ဦးချစ်ဦး ၄။ ဒေါ်လှနွဲ့ ၅။ ဦးမင်းသိန်း ၆။ ဒေါ်တင်နွဲ့ ၇။ ဦးလှဝင်းအောင် ၈။ ဒေါ်စိုးမော် ၉။ ဒေါ်နော်ရူလာဖော ၁၀။ ဒေါ်နန်းခမ်းထွေး ၁၁။ ဒေါ်လူဒီ

တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၂၀)ရပ်ကွက်၊ အနောက်သံဒင်းကျေးရွာ (ထန်းကိုးပင်ဘုန်းကြီးကျောင်းတောင်ဘက်)နေ (၇) တရားပြိုင် ဦးလှဝင်းအောင်၊ (၈) တရားပြိုင် ဒေါ်စိုးမော်၊ (၉) တရားပြိုင် ဒေါ်နော်ရူလာဖော၊ (၁၀) တရားပြိုင် ဒေါ်နန်းခမ်းထွေးနှင့် (၁၁) တရားပြိုင် ဒေါ်လူဒီ (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

သင့်အပေါ်၌ တရားလိုက သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ-၈အရ တရားလို လုပ်ပိုင်ခွင့်ရ မြေထဲမှ တရားပြိုင်များသည် ၄င်းတို့၏နေအိမ်များကို ဖျက်သိမ်းဖယ်ရှား၍ တရားလိုက ယင်းမြေများကို ပြန်လည်လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် စက်တင်ဘာ ၁ရက် (၁၃၇၇ခုနှစ် ဝါခေါင်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဩဂုတ် ၁၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်ညွှန့်ဦး)
ဒုတိယခရိုင်တရားသူကြီး(၄)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

၂၀၁၄ ခုနှစ် မေလအတွင်းကျင်းပခဲ့သော သတ္တမအကြိမ် ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ EPS-TOPIK ဖြေဆိုအောင်မြင်ပြီး အလုပ်ခေါ်စာစောင့်ဆိုင်းနေသူများအတွက်

အသိပေးကြေညာချက်

၁။ ကိုရီးယားသမ္မတနိုင်ငံရှိ ကုန်ထုတ်လုပ်ငန်း၌ ပေါ်ပေါက်မည့် အလုပ်အကိုင်များအတွက် ၂၀၁၄ ခုနှစ် မေလ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျင်းပပြုလုပ်ခဲ့သည့် သတ္တမအကြိမ် ကိုရီးယားဘာသာအရည်အချင်းစစ်စာမေးပွဲ EPS-TOPIK ဖြေဆိုအောင်မြင်ခဲ့ကြသူများအနက် အလုပ်လျှောက်လွှာ တင်သွင်းခဲ့သူများ၏ တန်းစီဇယားသည် (၁)နှစ်ပြည့်ခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါ အလုပ်လျှောက်ထားသူများအနက် အလုပ်ခေါ်စာ မရရှိသေးသူများသည် ကျန်ရှိသော စာမေးပွဲသက်တမ်းကာလဖြစ်သည့် ၂၀၁၅ ခုနှစ် မေလအထိ ကာလအတွက် ပြန်လည်မှတ်ပုံတင်ရန် လိုအပ်မည် ဖြစ်ပါသည်။

၂။ သို့ပါ၍ သတ္တမအကြိမ် ကိုရီးယားဘာသာစကားစာမေးပွဲ EPS-TOPIK အောင်မြင်ပြီး အလုပ်ခေါ်စာစောင့်ဆိုင်းနေသူများ၊ လျှောက်လွှာစတင်စဉ်က ဆေးမအောင်ခဲ့သူများနှင့် အကြောင်းကြောင်းကြောင့် လျှောက်လွှာ မတင်ဖြစ်ခဲ့သူများသည် EPS စနစ်အရ ထပ်မံ၍ အလုပ်လျှောက်လွှာ တင်သွင်းရန်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် ၈/၁၊ နဂါးရုံဘုရားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ရှိ အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီရုံးသို့ ၂၄-၈-၂၀၁၅ ရက်မှ ၅-၉-၂၀၁၅ ရက်အထိ ကာယကံရှင်ကိုယ်တိုင် လာရောက်ဆက်သွယ်ပါရန်နှင့် ဖော်ပြပါလိပ်စာတွင် လျှောက်လွှာများ ထုတ်ပေးခြင်း/လက်ခံခြင်းများကို အောက်ပါအစီအစဉ်အတိုင်း နေ့စဉ် နံနက် ၉:၃၀နာရီမှ ညနေ ၁၇:၀၀နာရီအထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်-

(က) **အလုပ်လျှောက်လွှာထုတ်ပေးမည့်ရက်** - ၂၄-၈-၂၀၁၅ ရက်မှ ၂၆-၈-၂၀၁၅ ရက်အထိ

(ခ) **အလုပ်လျှောက်လွှာပြန်လည်လက်ခံမည့်ရက်** - ၂၇-၈-၂၀၁၅ ရက်မှ ၅-၉-၂၀၁၅ ရက်အထိ

၃။ အလုပ်လျှောက်လွှာများအား အောက်ပါနေ့ရက်များအလိုက် ယှဉ်တွဲဖော်ပြပါ စာမေးပွဲဖြေဆိုခဲ့သော ခုံနံပါတ်များအတိုင်း ထုတ်ပေးပါမည်-

(က)	၂၄-၈-၂၀၁၅ ရက်	ခုံအမှတ်	၁၀၀၀၀၀၀၁	မှ	၁၀၀၀၃၆၇၅	ထိ
(ခ)	၂၅-၈-၂၀၁၅ ရက်	။	၁၀၀၀၃၆၈၅	မှ	၁၀၀၀၉၆၇၅	ထိ
(ဂ)	၂၆-၈-၂၀၁၅ ရက်	။	၁၀၀၀၉၆၈၀	မှ	၁၀၀၁၄၄၈၀	ထိ

၄။ အောက်ပါနေ့ရက်များအလိုက် ယှဉ်တွဲဖော်ပြထားသည့် စာမေးပွဲဖြေဆိုခဲ့စဉ်က ခုံနံပါတ်များအတိုင်း လျှောက်လွှာပြန်လည်တင်ရမည်-

(က)	၂၇-၈-၂၀၁၅ ရက်	ခုံအမှတ်	၁၀၀၀၀၀၀၁	မှ	၁၀၀၀၁၁၇၇	ထိ
(ခ)	၂၈-၈-၂၀၁၅ ရက်	။	၁၀၀၀၁၁၇၈	မှ	၁၀၀၀၂၄၉၈	ထိ
(ဂ)	၂၉-၈-၂၀၁၅ ရက်	။	၁၀၀၀၂၅၀၁	မှ	၁၀၀၀၃၆၇၆	ထိ
(ဃ)	၃၁-၈-၂၀၁၅ ရက်	။	၁၀၀၀၃၆၈၅	မှ	၁၀၀၀၅၆၅၇	ထိ
(င)	၁-၉-၂၀၁၅ ရက်	။	၁၀၀၀၅၆၇၂	မှ	၁၀၀၀၇၈၉၈	ထိ
(စ)	၂-၉-၂၀၁၅ ရက်	။	၁၀၀၀၇၉၀၃	မှ	၁၀၀၀၉၆၇၅	ထိ
(ဆ)	၃-၉-၂၀၁၅ ရက်	။	၁၀၀၀၉၆၈၀	မှ	၁၀၀၁၁၅၃၁	ထိ
(ဇ)	၄-၉-၂၀၁၅ ရက်	။	၁၀၀၁၁၅၃၉	မှ	၁၀၀၁၃၃၁၆	ထိ
(ဈ)	၅-၉-၂၀၁၅ ရက်	။	၁၀၀၁၃၃၂၁	မှ	၁၀၀၁၄၄၈၀	ထိ

၅။ **လျှောက်လွှာထုတ်ယူရာတွင် သတိပြုရမည့်အချက်များ-**

(က) လျှောက်လွှာအား ကာယကံရှင်ကိုယ်တိုင် နိုင်ငံကူးလက်မှတ် စာမေးပွဲဖြေဆိုခွင့် ဖြတ်ပိုင်းများနှင့်အတူ ပြသထုတ်ယူရမည်။

(ခ) ဓာတ်ပုံရိုက်ခြင်းအား သတ်မှတ်ပုံစံအရွယ်အစား (၃.၅စင်တီမီတာ × ၄.၅စင်တီမီတာ)အတိုင်း ရိုက်ကူးရပါမည်။

(ဂ) ကျန်းမာရေးဆေးစစ်ခြင်းအား သတ်မှတ်ထားသည့် ဆေးခန်းများ၌သာ ပြုလုပ်ရပါမည်။

၆။ **လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ-**

(က) အလုပ်လျှောက်လွှာနှင့် ပတ်စ်ပို့ဓာတ်ပုံ(၆)ပုံ၊

(ခ) ကျန်းမာရေးဆေးစစ်ချက်မှတ်တမ်းမူရင်းနှင့်မိတ္တူ၊

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်မိတ္တူ၊

(ဃ) နိုင်ငံကူးလက်မှတ်မူရင်းနှင့်မိတ္တူ(နိုင်ငံကူးလက်မှတ်သက်တမ်းအနည်းဆုံး တစ်နှစ်ကျန်ရှိရမည်။)

(င) ကိုယ်ပိုင် Bank Account ဖော်ပြရမည်ဖြစ်သဖြင့် ကိုရီးယားသမ္မတနိုင်ငံရှိ ဘဏ်တစ်ခုခုနှင့် ချိတ်ဆက်ထားသည့် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံပိုင်/ပုဂ္ဂလိကဘဏ်တစ်ခုခုတွင် Passport ပါ အမည်အတိုင်း ဖွင့်လှစ်ထားသည့် ကိုယ်ပိုင်ဘဏ်ငွေစာရင်း စာအုပ်မူရင်း/မိတ္တူပူးတွဲတင်ပြရန်၊

(စ) အိမ်ထောင်စုဝင်ဇယားမူရင်းနှင့် မိတ္တူ၊

(ဆ) ပညာအရည်အချင်းအထောက်အထားမူရင်းနှင့်မိတ္တူ၊

(ဇ) စက်မှု၊ လက်မှုပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုအထောက်အထားရှိက မူရင်းနှင့် မိတ္တူ၊

(ဈ) အခြားအလုပ်ခွင် Training သင်တန်းဆင်းလက်မှတ်များရှိက မူရင်းနှင့် မိတ္တူ၊

၇။ **အလုပ်လျှောက်လွှာတွင် အချက်အလက်များမှန်ကန်စွာ ဖြည့်စွက်ဖော်ပြရန် လိုအပ်ပါသည်။ မှားယွင်းစွာဖော်ပြ ဖြည့်စွက်ခဲ့ပါက ကာယကံရှင်၏ တာဝန်သာဖြစ်ပါမည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ တင်ပြလာသည့် လျှောက်လွှာများအား တာဝန်ယူဆောင်ရွက်ပေးမည် မဟုတ်ပါ။**

- အလုပ်လျှောက်လွှာတင်သွင်းခြင်းနှင့်ပတ်သက်၍ သိရှိလိုသော အချက်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
ဖုန်း-၀၁-၆၆၇၇၅၄၊ ၀၁-၆၅၆၈၄၃

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ် အထက လက်ပန်လှ တက္ကသိုလ်ဝင်တန်း(ဃ)မှ မခင်ရတီဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်း ၉/စကန(နိုင်)၀၇၉၅၅၂ ဖြစ်ပါကြောင်း။**ဦးဇော်မင်း**

ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ စဉ့်ကူးမြို့နယ်၊ အထက လက်ပန်လှ တက္ကသိုလ်ဝင်တန်း(ဃ)မှ မအေးစန်းဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးလှိုင် ၉/စကန(နိုင်) ၀၈၈၄၀၃ ဖြစ်ပါကြောင်း။ **ဦးစိုးလှိုင်**

ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ အထက(၂) နဝမတန်း(ခ)မှ မောင်ပိုင်စိုးခနှင့် ပဉ္စမတန်း(ဂ)မှ မောင်ခန့်စိုးခတို့၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့်အောင် ၅/စကန(နိုင်)၁၆၀၀၆၅ ဖြစ်ပါသည်။ **ဦးမျိုးမြင့်အောင်**

ဂျပန်စာလေ့လာနေသူများအတွက် သတင်းကောင်း

ဂျပန်စာကို လေ့လာနေပြီး ဂျပန်နိုင်ငံသို့ ပညာတော်သင်သွားရောက်လိုသူများအတွက် ကျောင်းဝင်ခွင့်လျှောက်ထားမှုဆိုင်ရာအခွင့်အလမ်းများနှင့် အချိန်ပိုင်းအလုပ်ကို လုပ်ကိုင်ရင်း ပညာသင်ကြားနိုင်မည့်အခွင့်အရေးများကို ဂျပန်နိုင်ငံ Nishi Nihon International Institute မှ ကျောင်းဝင်ခွင့်တာဝန်ခံ Ms.Emiko ono နှင့် Mr.Toda တို့မှ Learners English & Japanese Training Centre တွင် အောက်ပါအတိုင်း ရှင်းလင်းတင်ပြမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်၊ အချိန် - ၂၀၁၅ခုနှစ် ဩဂုတ်၂၃ရက် (စနေနေ့) မွန်းလွဲ ၁:၀၀နာရီမှ ၂:၀၀နာရီအထိ

လိပ်စာ - Learness Centre အမှတ် (၂/အေ) ပထမထပ်၊ Sea Green Tower, 41လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၀၁၉၇၊ ၀၉၄-၂၀၁၀၂၆၆၆

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ကျောက်မဲခရိုင်တရားရုံး

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၈

ဦးမြင့်ဦး (ပါ ၃)ဦး **နှင့်**

၁။ ဦးမိုးကျော်နိုင်
၂။ ဦးစိန်ငွေး
၃။ ဒေါ်ဥမ္မာ (ကွယ်လွန်သူ ဦးထွန်းအောင်၏ တရားဝင်ကိုယ်စားလှယ်)
၄။ ကိုသားငယ်ကြီး
၅။ မမြလင်း
၆။ ဦးမျိုးအောင်
၇။ ဦးရန်နိုင်စိုး
၈။ ဦးညိုစိန်

တရားလို **တရားပြိုင်များ**

နောင်ချိုမြို့၊ ကြိမ်ဂနိုင်ကျေးရွာအုပ်စု၊ ခြေမြစ်ပင်ကျေးရွာ၊ စိန်ပန်းရပ်နေ ဒေါ်ဥမ္မာ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးမြင့်ဦး(ပါ ၃)ဦးက ကျူးကျော်ဝင်ရောက်နေထိုင်သူများအားနှင်ထုတ်ပြီးအချင်းဖြစ် မြေလက်ရောက်ရလိုမှုစွဲဆိုလျှောက်ထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ (၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၉ရက်) ၂၀၁၅ခုနှစ် ဩဂုတ် ၂၄ရက် မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းအထောက်အထားများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဩဂုတ် ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်စန်းမြင့်
ခရိုင်တရားသူကြီး
ကျောက်မဲခရိုင်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

ကျောက်မဲခရိုင်တရားရုံး

၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ် (၁၅)

ဦးစော **နှင့်**

၁။ ဒေါ်ကြည်စိန် (ခ) ဒေါ်ခင်မျိုးမေ
၂။ ဦးတင်ဇော် (ခ) ဦးတင်အေး
၃။ ဦးစိုးမင်း
၄။ ဦးမြင့်ဇော်
၅။ ဦးကျော်ဇင်ဦး
၆။ ဒေါ်မြရွှေ
၇။ ဒေါ်ခင်စန်းဝင်း
၈။ ဦးညို (ခ) ဦးညိုစိမ့်

တရားလို **တရားပြိုင်များ**

လားရှိုးမြို့၊ ရပ်ကွက်(၄)၊ ရေကန်လမ်း(ဒေါ်ပိုမြန်မာထမင်းဆိုင်)နေ (ယခုနေရပ်လိပ်စာမသိ) ဦးတင်ဇော်(ခ) ဦးတင်အေး(တရားပြိုင်-၂)သီပေါမြို့၊ နယ်မြေ-၂၊ မြန်မာရပ်တစ်ဆင့် ဒေါ်ကြည်စိန်(ခ)ဒေါ်ခင်မျိုးမေ(ယခုနေရပ်လိပ်စာမသိ)၊ ဦးစိုးမင်း(တရားပြိုင်-၃)၊ သီပေါမြို့ ရေခဲစက်လမ်း၊ နယ်မြေ(၂)မြန်မာရပ်နေ (ယခုနေရပ်လိပ်စာမသိ) ဦးမြင့်ဇော်(တရားပြိုင်-၄)၊ သီပေါမြို့၊ ရေခဲစက်လမ်း၊ နယ်မြေ(၂) မြန်မာရပ်နေ(ယခုနေရပ်လိပ်စာမသိ)ဦးကျော်ဇင်ဦး(တရားပြိုင်-၅)၊ နောင်ချိုမြို့၊ ဈေးရပ်နေ(ယခုနေရပ်လိပ်စာမသိ)ဒေါ်မြရွှေ (တရားပြိုင်-၆)၊ သီပေါမြို့ အနောက်ရပ်ကွက်၊ ခိုင်သပြေလမ်းနေ(ယခုနေရပ်လိပ်စာမသိ) ဒေါ်ခင်စန်းဝင်း (တရားပြိုင်-၇)တို့အပေါ်၌ တရားလို ဦးစောက အမွေစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုလျှောက်ထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဩဂုတ် ၂၄ ရက် နံနက် ၁၀:၀၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းအထောက်အထားများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်စန်းမြင့်
ခရိုင်တရားသူကြီး
ကျောက်မဲခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်မြေတိုင်းရပ်ကွက်အမှတ်-သာကတ-၁၀၊ မြေကွက်အမှတ်-၂၇၇/ခ၊ (၂၀၈၆၀) မြေကွက်တည်နေရာ-အမှတ်(၂၇၇/ခ)၊ ဈေးလမ်း၊ ဒေါင်ကျေးရွာအုပ်စု၊ လှိုင်သာယာမြို့နယ်ရှိ (ဦးဒေါင်းညွန့်-၁၂/ကဆက(နိုင်)၀၁၅၃၃၄၉) အမည်ပေါက်ပါမစ်မြေအား [illegible]

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်မြေတိုင်းရပ်ကွက်အမှတ်(သာကယ-၁)မြေကွက်အမှတ်(၇၉/က)မြေကွက်တည်နေရာအမှတ်(၇၉/က)ယုဇနလမ်း (၁/၁၀)ရပ်ကွက်၊ လှိုင်သာယာ(ဦးလှမြင့်)အမည်ပေါက်ပါမစ် [illegible] ဖြစ်ပါကြောင်း၊ အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စက်မှုဇုန်-၂)၊ မြေကွက်အမှတ်(၁၅၁)၊ ၁ ဒသမ၅၁ဧကကို အမည်ပေါက် ဦးခင်မောင်လေး ၁၂/လမန(နိုင်)၁၀၈၈၃၂+ဦးကျော်လင်း(ခ)လောကျုံး ၁/မညန(နိုင်)၀၇၂၇၇၅တို့အမည်ဖြင့် တည်ရှိပြီး ဦးခင်မောင်လေးထံမှ စွန့်လွှတ်စာချုပ်ဖြင့် ပိုင်ဆိုင်ထားသည့် ဦးကျော်လင်း(ခ)လောကျုံး ၁/မညန(နိုင်)၀၇၂၇၇၅ အမည်ဖြင့် မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စက်မှုဇုန်-၂)၊ မြေကွက်အမှတ် (၁၄၉+၁၅၀) ၃ ဒသမ ၀၂ ဧကကို အမည်ပေါက် ဦးကျော်လင်း(ခ)လောကျုံး+ ဦးမောက်ဖူးရုံး(ခ)ကျော်သိန်း+ဦးမြင့်ဆွေ(ခ)ရွှင်ယုတို့ အမည်ဖြင့် တည်ရှိပြီး ဦးမြင့်ဆွေ(ခ)ရွှင်ယုထံမှ စွန့်လွှတ်စာချုပ်ဖြင့် ပိုင်ဆိုင်ထားသည့် ဦးကျော်လင်း(ခ)လောကျုံး ၁/မညန(နိုင်)၀၇၂၇၇၅ + ဦးမောက်ဖူးရုံး(ခ)ကျော်သိန်း ၁/မညန(နိုင်)၀၁၈၁၂၂ တို့အမည်ဖြင့် မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်းကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စက်မှုဇုန်-၂)၊ မြေကွက်အမှတ် (၁၅၂)၊ ၁ ဒသမ ၅၁ ဧကကို အမည်ပေါက် ဦးဟုတ်သိန်း ၁၄/ပသန(နိုင်)၁၄၆၇၅၀ + ဦးကျော်လင်း(ခ)လောကျုံး ၁/မညန(နိုင်)၀၇၂၇၇၅ အမည်ဖြင့် တည်ရှိပြီး ဦးဟုတ်သိန်းထံမှ စွန့်လွှတ်စာချုပ်ဖြင့် ပိုင်ဆိုင်ထားသည့် ဦးကျော်လင်း(ခ)လောကျုံး ၁/မညန(နိုင်)၀၇၂၇၇၅ အမည်ဖြင့် မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(၈၇) နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ (၈၇)

(၇)ရက်ခရီး -သီရိလင်္ကာ (စွယ်တော်ပွဲ) + ဘန်ကောက် (မြဘုရား)→(၁၅)သိန်း(၅)သောင်း (စရိတ်ငြိမ်း) (၂၆.၈.၂၀၁၅) ထွက်မည်၊
(၁၂)ရက်ခရီး - သံဝေဇနီယလေးဌာန၊ အဝိဇဟိတသုံးဌာန (အိန္ဒိယ - နီပေါ) (ဟိုတယ်(၄)ည) →(၉)သိန်း(၉)သောင်း
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ၊ တစ်ချိမဟာ (ဟိုတယ်(၆)ည)→(၁၁)သိန်း

နီလာဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့ ၂၀၁၅-၁၆နှစ်အတွက် အထူးဝန်ဆောင်မှုအစီအစဉ်သစ်

အထူးဆု-ကျပ်သိန်း(၁၀၀)တန် ကားသစ်ကြီး (၁)ဆုနှင့် အခြားဆုမဲများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်သွားမည်ဖြစ်ပါသည်။

- ဗုဒ္ဓဂယာတွင် မဟာဗောဓိစေတီနှင့်အနီးကပ်ဆုံး ခါတ်လေ့ကားပါ ဟိုတယ်၌ တည်းခိုပြီး၊ နယူးဒေလီ 3 Star နှင့် အာဂရာ 3 Star အဆင့်ရှိ ဟိုတယ်တွင် တည်းခိုပါမည်။
- ညမောင်းခရီးစဉ် လုံးဝမရှိပါ၊ ခရီးစဉ်တိုင်း လေယာဉ်ပေါ်တွင် အသွားအပြန်အဖွဲ့ခေါင်းဆောင်တစ်ဦးပါဝင်ပါမည်။
- ဘုရားဖူးလိုက်ပါသူတိုင်း India GSM Sim Card တစ်ကဒ် လက်ဆောင်အပြင် လမ်းခရီးတွင် စားသောက်စရာများကို လိုလေသေးမရှိပြည့်စုံစွာ ကျွေးမွေးဧည့်ခံသွားပါမည်။
- မဟာဗောဓိစေတီတွင် မြတ်ဗုဒ္ဓအားရည်စူး၍ ယာနာနိုဆွမ်း၊ ပန်းရေချမ်းများကို ဆက်ကပ်လှူဒါန်းနိုင်ရန် စီစဉ်ထားရှိပါသည်။

ဗုဒ္ဓဂယာ ခရီးစဉ်တွင် (၁၁)ဦးစုစည်းလိုက်ပါလျှင် (၁)ဦးအခမဲ့ ပို့ဆောင်ပေးပါမည်။

ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။
ထွက်ခွာမည့်ရက်များ-(၁၂)ရက်ခရီးစဉ် ၊(Oct-5,19),(Nov-2,16,30), (Dec-14)
(၁၅)ရက်ခရီးစဉ် ၊(Sept-29),(Oct-13,27),(Nov-10,24),(Dec-8,22),(Jan-5,19),(Feb-2,16),(Mar-1,15),(April-12,13)
အမှတ်-၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၁၅၊ ၃၈၄၃၈၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉
GAYA Office-Rajapur Buddha Gaya Pin-824231, Mobile:+918292790371

မကွေးမြို့၊ မြသလွန်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း၄ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၈ရက်အထိ (၁၇-၁၀-၂၀၁၅ ရက်မှ ၅-၁၁-၂၀၁၅ ရက်အထိ) ရက်(၂၀)ကျင်းပပါမည်။ ယခုနှစ် ဆိုင်ခန်းလျှောက်လွှာများကို ယခင်နှစ်ဆိုင်ခန်းလျှောက်လွှာများကို ယခင်နှစ်ဆိုင်ခန်း ပြေစာများနှင့်ပူးတွဲလျက် ရောင်းကုန်အမည်ဖော်ပြ၍ **ဆိုင်ခန်းတစ်ခန်းလျှင် ကြိုတင်ငွေကျပ် ၁၈၀၀၀/-(ကျပ်တစ်သောင်းရှစ်ထောင်တိတိ)တင်သွင်းလျှောက်ထားရပါမည်။)** ဆိုင်မထွက်လျှင် ငွေပြန်မအမ်းပါ။ ဈေးဆိုင်ဟောင်းများလျှောက်လွှာကို ၁၃၇၇ ခုနှစ် ဝါခေါင်လဆန်း ၁၅ရက် (၃၀-၈-၂၀၁၅ရက်) နောက်ဆုံးထား၍ လည်းကောင်း၊ ဈေးဆိုင်သစ်များ လျှောက်လွှာကို ဝါခေါင်လပြည့်ကျော် ၆ရက်မှ တော်သလင်းလဆန်း ၁၅ရက် (၅-၉-၂၀၁၅ရက်မှ ၂၈-၉-၂၀၁၅ရက်) အထိ နောက်ဆုံးထား၍လည်းကောင်း တင်သွင်းကြရပါမည်။

ဇာတ်/အငြိမ့်/ဘားဆက်ကပ်ကပွဲရုံ(၁) ရုံမြေနေရာကို ၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၇ရက် (၂၂-၈-၂၀၁၅ရက်) မွန်းလွဲ ၁နာရီတွင် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံးခန်း၌ဈေးပြိုင်စနစ်ဖြင့်ရောင်းချပါမည်။

မြသလွန်စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၊ မကွေးမြို့
ဖုန်း-၀၉-၆၅၆၁၃၃၁၊ ၀၉-၂၅၆၁၄၄၄၆၅

အမည်ပြောင်း

တနင်္သာရီမြို့၊ ကျောက်စရစ်ကျေးရွာနေ ဦးသောင်းဆွေ၏သား ပဥ္စမတန်းမှ မောင်ရဲသူအား ယနေ့မှစ၍ မောင်ပြည့်ဖြိုးဟုပြောင်းလဲခေါ်ဆိုပါရန်။

မောင်ပြည့်ဖြိုး

အမည်မှန်

ဦးစိုးအင်၏သမီး မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မနှင်းယမုံစိုး၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မနှင်းယမုံစိုးဖြစ်ပါကြောင်း။

မနှင်းယမုံစိုး

တစ်ဦးတည်းဖြစ်ကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နယ်၊ (၉)လမ်းနေ ဦးဒဗလျူးဂျေမိုက်ကယ် ၏သမီး ဒေါ်ဂျေအမ်ဘီဘီအာနား ၁၄/ပသန(နိုင်)၁၄၆၉၁၁နှင့် ဒေါ်ဘီဘီအာနားသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဒေါ်ဂျေအမ်ဘီဘီအာနား(ခ)ဒေါ်ဘီဘီအာနား

ဆေးကုမ္ပဏီဝန်ထမ်းအလိုရှိသည်

အမှတ် ၉၉(ခ)၊ အခန်း(၃၀၆)၊ မြေနုလမ်း၊ မြေနုကွန်ဒို၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

1. **Senior Level Sales and Marketing - (Male/Female- 5 posts)**
   အသက်(၃၀)အောက်၊ ဘွဲ့ရ၊ စကားပြောပြေပြစ်သူ၊ နယ်ခရီးထွက်နိုင်ရမည်။ ဆေးကုမ္ပဏီ၌ Sales and Marketing experience အနည်းဆုံး(၂)နှစ်ရှိသူ
2. **Computer Clerk- (Female- 2 posts)**
   ဘွဲ့ရ၊ အသက်(၃၀)အောက်၊ Computer (MS Word+Excel) လျှင်မြန်ကျွမ်းကျင်သူ။
3. **Packing & Delivery (Male- 5 posts)**
   အသက်(၃၅)နှစ်အောက် ရိုးသား၍ အလုပ်လုပ်ချင်စိတ်ရှိသူ
4. **Driver (Male- 5 posts)**
   အသက်(၃၅)နှစ်အောက် ရိုးသား၍ယာဉ်မောင်းကျွမ်းကျင်သူ၊ လိုင်စင်သက်တမ်းအနည်းဆုံး(၁)နှစ်။

စိတ်ဝင်စားသူများ ဓာတ်ပုံ(၁)ပုံ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်း၊ ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်တို့၏မိတ္တူကို CV Form နှင့်အတူတွဲ၍ လာရောက်လျှောက်ထားနိုင်ပါသည်။

မာလာတင်

အမျိုးသမီးကိုယ်ကာယ အလှသင်တန်း

စာရင်းလက်ခံပြီ။
၁-၉-၂၀၁၅ ရက်စမည်။
စုံစမ်းချိန် နံနက် ၉ နာရီမှ
ညနေ ၃ နာရီအတွင်း

လူဦးရေ ကန့်သတ်သည်။
အမှတ် ၂၉၇၊ အခန်း ၆၊
မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့၊
ဖုန်း-၃၈၄၉၂၆၊ ၃၇၉၇၃၅

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ကောင်းမြတ် CDC-81654 ၏သင်္ဘောလက်မှတ် BST, EDH နှင့် PSC & RB လက်မှတ်ပျောက်ဆုံးကြောင်း။

ဖုန်း-၀၉-၂၅၃၅၄၆၅၀၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက် ၉၀၊ မြေကွက်အမှတ် (၂၆၂၊ ၄၀၉၊ ၄၁၃၊ ၄၇၃၊ ၄၇၄၊ ၅၂၀၊ ၈၂၄၊ ၉၄၃၊ ၉၄၄၊ ၉၇၈၊ ၁၀၄၄၊ ၁၄၀၁)၊ ဧရိယာ ပေ(၄၀×၆၀)စီရှိ ပါမစ်မြေကွက်များနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၉၁၊ မြေကွက်အမှတ် (၈၈၊ ၁၀၈၊ ၄၆၆၊ ၄၇၅၊ ၅၅၃)၊ ဧရိယာ ပေ(၄၀×၆၀)စီရှိ ပါမစ်မြေကွက်များအား မြေချပါမစ်မူရင်းနှင့်တကွ တရားဝင်ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားသူ ဦးခင်ဇော် ၁၂/တမန(နိုင်)၀၁၀၈၈၀ မှ သက်ဆိုင်ရာမြေယာဌာနတွင် မြေငှားဂရန် လျှောက်ထားတော့မည်ဖြစ်ပါသဖြင့် အထက်ပါမြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ လိုအပ်သောကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသက်နိုင်ဦး LL.B, LL.M, MRes(Law), D.B.L
အထက်တန်းရှေ့နေ (စဉ်-၁၆၉၃၃)
Ever Ready Multi Law Firm
အမှတ်(၆) ငါးလွှာ၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၀၆၉၈၃၆၊ ၀၉-၉၇၅၀၂၁၈၄၁

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ပုဗ္ဗသီရိမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မင်္ဂလာဒီပရပ်ကွက်ရှိ မြေကွက်အမှတ် ပ-၂၃၈၄၀၊ ဧရိယာ ၀ ဒသမ ၁၁၀၈ဧက၊ ဦးအေးကြူ(ခ)ဦးအောင်ငွေး အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၉၀/၂၀၁၅ (၂၁-၇-၂၀၁၅)ဖြင့်ဝယ်ယူထားသူ ဒေါ်မေသူဇော်ဝင်း ၉/မခန(နိုင်)၁၅၅၉၃၁၏ကိုယ်စား နမ္မတူမြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅/၂၀၁၅အရ ဒေါ်မေသူဇော်ဝင်း၏ကိုယ်စား ဒေါ်လွင်လွင်သော် MKA-၁၀၁၆၁၃မှ မြေငှားစာချုပ်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်(၇၇)၊ မြေကွက်အမှတ်(၁၀၃၇) ပေ(၄၀×၆၀) အကျယ်အဝန်းမြေကွက် အမည်ပေါက် ဦးစိန်ကြွယ်၏တရားဝင်ဆက်စပ်ပိုင်ဆိုင်ခွင့်ရှိသော ဦးငွေးသန်း(၁၄/ဒဆပ(နိုင်)၁၁၂၉၄၅)ထံမှ အပြီးအပိုင်ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ရောက်ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒေါ်နီနီလင်း(၁၃/တကန(နိုင်)၀၃၈၉၅၁)
အမှတ်(၁၄၆)၊ (၆)လွှာ၊ (၄၇)လမ်း၊ ဗိုလ်တထောင်မြို့နယ်။
၄။ ဤသဘောတူစာချုပ်ပါ စစ်ဘက်ဆိုင်ရာကျင့်ဝတ်နှင့် ပတ်သက်သည့် နှစ်ဖက်အပြန်အလှန်လိုက်နာကြရမည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများနှင့် သဘောတူညီထားသည့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များကို အတိအကျ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအဆင့်ဆင့်၏ စိစစ်ခြင်းခံယူရန် သဘောတူသည်။

၅။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် တပ်ပိုင်းဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာရန် သဘောတူသည်-

(က) အပစ်ရပ်နယ်မြေအတွင်း တစ်ဖက်နှင့် တစ်ဖက်အကြား နယ်မြေစိုးမိုးမှုတပ်လှုပ်ရှားခြင်း၊ ကင်းထောက်ခြင်း၊ အင်အားတိုးချဲ့ခြင်း၊ လက်နက်ကိုင် တိုက်ခိုက်မှုများ၊ မိုင်းထောင်ခြင်းများ၊ အကြမ်းဖက်တိုက်ခိုက်မှုများ၊ ရုပ်ဝတ္ထုပစ္စည်းများ ဖျက်ဆီးခြင်းနှင့် ထိုးစစ်ဆင်ခြင်းများကို ရပ်ဆိုင်းရန်၊

(ခ) တစ်ဖက်နှင့်တစ်ဖက် ရန်မူသည့် (သို့မဟုတ်) စော်ကားမှုဖြစ်စေသည့် တိုက်ရိုက်(သို့မဟုတ်)သွယ်ဝိုက်သည့် လုပ်ရပ်များကို မပြုလုပ်ရ၊

(ဂ) နေရာချထားရာတွင် လိုအပ်သော အုပ်ချုပ်ထောက်ပံ့ရေး၊ အရေးပေါ်ဆေးကုသရေး၊ တပ်လဲလှယ်ရေးတို့နှင့် ပတ်သက်သည့် လုပ်ဆောင်မှုများမှအပ အပစ်ရပ်နယ်မြေတွင် အင်အားအသစ်ဖြည့်တင်းခြင်း၊ နှစ်ဖက်သဘောတူညီထားသော တပ်စခန်းများမှအပ စခန်းသစ်များ ထပ်မံဆောက်လုပ်ခြင်းနှင့် လက်နက်ခဲယမ်းများ ထပ်မံဖြည့်တင်းခြင်းများ မပြုလုပ်ရန်နှင့် တိုင်းပြည်ကာကွယ်ရေးအတွက် ဖြစ်စေ၊ ပြည်ပရန် ကာကွယ်ရေးအတွက်ဖြစ်စေ လိုအပ်လာပါက အပစ်ရပ်နယ်မြေအတွင်းဖော်ပြပါ စစ်ရေးဆိုင်ရာ ပြင်ဆင်မှုများကို နှစ်ဖက်ညှိနှိုင်း၍ ပြုလုပ်သွားရန်၊

(ဃ) ဘာသာရေးအဆောက်အအုံ၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ ပရိဝုဏ်များအတွင်းနှင့် ယဉ်ကျေးမှုရိုးရာဓလေ့ဆိုင်ရာ နေရာ၊ လူထုနှင့် ပတ်သက်သော နေရာများတွင် စစ်ရေးဆိုင်ရာတပ်စခန်းချခြင်း မပြုလုပ်ရန်၊

(င) ငြိမ်းချမ်းရေးတိုးတက်ဖြစ်ပေါ်မှုနှင့်အညီ နှစ်ဖက်တပ်များ ခင်းကျင်းထားသော မိုင်းများကို ရှင်းလင်းရန်နှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရနှင့် တစ်ဆင့်ချင်း ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်သွားရန်၊

(စ) အဖွဲ့အစည်းများအကြား ရန်လိုသော ဝါဒဖြန့်ချိမှုများ၊ မမှန်မကန်သော (သို့မဟုတ်) ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသော ပြောဆိုမှုများ၊ အသရေဖျက်သည့် ထုတ်ပြန်မှုများကို ပြည်တွင်း၌သော်လည်းကောင်း၊ ပြည်ပ၌သော်လည်းကောင်း မပြုလုပ်ဘဲ ရှောင်ကြဉ်ရန်၊

(ဆ) အပစ်ရပ်နယ်မြေအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသော အရေးပေါ်အခြေအနေများတွင် နှစ်ဖက်ပူးပေါင်းပြီး ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ဆေးဘက်ဆိုင်ရာ ကျန်းမာရေးပစ္စည်းများ အရေးပေါ်ရွှေ့ပြောင်းခြင်းများကို ညှိနှိုင်းလုပ်ဆောင်ရန်၊

(ဇ) အပစ်ရပ်နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးကိစ္စကို ညှိနှိုင်းဆောင်ရွက်ရန်နှင့် ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် နှစ်ဖက်ညှိနှိုင်း၍ အရေးယူဆောင်ရွက်ရန်၊

(ဈ) အပစ်ရပ်နယ်မြေများတွင် တပ်ပိုင်းဆိုင်ရာ အုပ်ချုပ်မှုကိစ္စများကို ညှိနှိုင်းဆောင်ရွက်ရန်၊

(ည) တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်းကို လက်မှတ်ရေးထိုးသည့်အချိန်မှစ၍ (၂၄) နာရီအတွင်း မိမိကွပ်ကဲမှုအောက်အဆင့်ဆင့်သို့ ညွှန်ကြားရန်နှင့် စာချုပ်ပါအချက်အလက်များကို (၅) ရက်အတွင်း ရှင်းလင်းအသိပေးရန်၊

(ဋ) နှစ်ဖက်အောက်ခြေအဆင့်တွင် ဖြစ်ပေါ်သည့် ပဋိပက္ခများအား အင်အားအသုံးပြု၍ ဖြေရှင်းခြင်းမပြုလုပ်ရ။

၆။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ လူသစ်စုဆောင်းခြင်းကိစ္စကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းစဉ်များနှင့်အညီ ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားနိုင်ရန် လက်နက်ကိုင်အဖွဲ့များ နေရာချထားခြင်း

၇။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တပ်ဖွဲ့များသည် ထိပ်တိုက်ရင်ဆိုင်မှုကိုရှောင်ရှားနိုင်ရန် မိမိတို့၏ လက်နက်ကိုင်တပ်ဖွဲ့များ နေရာပြန်လည်ချထားခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည်-

(က) နှစ်ဖက်တိုက်ရိုက်ထိတွေ့ရင်ဆိုင်မှုရှိသော နေရာများတွင် ထိတွေ့ပစ်ခတ်မှုမရှိစေရေးအတွက် စက်ဆက်သွယ်မှု၊ မြေပြင်ဆက်သွယ်မှုနှင့် အခြားဆက်သွယ်မှုနည်းလမ်းများရယူလျက် ချက်ချင်းဆောင်ရွက်ရန်၊

(ခ) လက်နက်ကိုင်အဖွဲ့များ နေရာချထားရေး သတ်မှတ်ရာတွင် ထိပ်တိုက်ထိတွေ့ရင်ဆိုင်မှု မဖြစ်စေရေးအတွက် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်သွားရန်၊

(ဂ) နှစ်ဖက်ညှိနှိုင်းဆဲနှင့် လက်နက်ကိုင်အဖွဲ့များ နေရာချထားရန် ခက်ခဲနေဆဲဒေသများတွင် နှစ်ဖက်တပ်မှူးများ ပုံမှန်အဆက်အသွယ်ပြုလုပ်၍ ညှိနှိုင်းဆောင်ရွက်သွားရန်၊

(ဃ) တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့လက်နက်ကိုင်တပ်ဖွဲ့ဝင်များအား သတ်မှတ်နေရာများတွင်သာ ထားရှိရန်၊

(င) နှစ်ဖက်တိုက်ရိုက်ထိတွေ့ရင်ဆိုင်မှုရှိသော နေရာများတွင် ထိတွေ့ပစ်ခတ်မှုမရှိစေရေးအတွက် တပ်စခန်းများ၏ အရေအတွက်ကို ညှိနှိုင်းအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(စ) သက်ဆိုင်ရာတပ်စခန်းနှင့် နယ်မြေတစ်ခုနှင့်တစ်ခုအကြား ဆက်သွယ်ရေးလမ်းကြောင်း လုံခြုံရေးအတွက် တစ်ဖက်နှင့်တစ်ဖက် ဤသဘောတူစာချုပ်ကိုအခြေခံ၍ နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရန်။

တပ်ဖွဲ့ဝင်များလွတ်လပ်စွာသွားလာခွင့်

၈။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် လွတ်လပ်စွာသွားလာခွင့်နှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည်-

(က) လုံခြုံရေးအရ ကန့်သတ်ထားသောနေရာများမှအပ မည်သည့်နေရာကိုမဆို လက်နက်ကိုင်ဆောင်ခြင်းမရှိဘဲ လွတ်လပ်စွာ သွားလာခွင့်ပြုရန်၊

(ခ) တစ်ဖက်အဖွဲ့အစည်းက ထိန်းချုပ်ထားသောနယ်မြေအတွင်း လက်နက်ဖြင့်သွားလာရန် လိုအပ်လာပါက နှစ်ဖက်ညှိနှိုင်းသဘောတူညီချက်ဖြင့် သွားလာရန်။

အရပ်သားများကိုအကာအကွယ်ပေးခြင်း

၉။ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် အရပ်သားများကို အကာအကွယ်ပေးခြင်းနှင့် စပ်လျဉ်းသည့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန် သဘောတူသည်-

(က) ပြည်သူလူထု၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့်ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သော ပံ့ပိုးကူညီမှုများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်၊

(ခ) ပြည်သူလူထုအား လူတစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာကို ထိပါးစေသည့်လုပ်ရပ်၊ အကြမ်းဖက်ခြင်း၊ ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူသားမဆန်စွာပြုမူဆက်ဆံခြင်း၊ အကျဉ်းချခြင်း၊ သတ်ဖြတ်ခြင်းနှင့် ဖျောက်ဖျက်ခြင်းမပြုလုပ်ရ၊

(ဂ) ဒေသခံပြည်သူများကို အဓမ္မနေရပ်စွန့်ခွာစေခြင်း၊ ရွှေ့ပြောင်းစေခြင်းမပြုလုပ်ရ၊

(ဃ) ပြည်သူလူထုထံမှ ငွေ၊ ပစ္စည်းဥစ္စာ၊ စားရေရိက္ခာ၊ လုပ်အားနှင့် ဝန်ဆောင်မှုများကို အဓမ္မတောင်းခံရယူခြင်း မပြုလုပ်ရ၊

(င) ပြည်သူလူထုအား အကြောင်းမဲ့ဖြစ်စေ၊ အမှုဆင်ပြီးဖြစ်စေ ဖမ်းဆီးအရေးယူခြင်း၊ အပြစ်ပေးခြင်း လုံးဝမပြုရန်နှင့် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်၊

(စ) ဒေသခံများ၏ မြေယာများကို အဓမ္မသိမ်းပိုက်ခြင်းနှင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရ၊

(ဆ) အများပိုင်ပစ္စည်းများကို ပျက်စီးစေခြင်း၊ ခိုးယူခြင်း၊ လုယက်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ ယူဆောင်ခြင်းမပြုလုပ်ရ၊

(ဇ) ဥပဒေနှင့်အညီ ပညာသင်ကြားရေးဆိုင်ရာ အခွင့်အရေးများကို နှောင့်ယှက်ပိတ်ပင်ခြင်း၊ ပညာရေးဆိုင်ရာ ပစ္စည်းများနှင့်အတူ စာသင်ကျောင်း၊ အဆောက်အအုံများကို ဖျက်ဆီးခြင်း၊ ပညာရေးဝန်ထမ်းများနှင့် ပညာသင်ယူနေသူများကို နှောင့်ယှက်ဟန့်တားခြင်း မပြုလုပ်ရ၊

(ဈ) လူတစ်ဦးချင်းစီ၏ ကျန်းမာရေးဆိုင်ရာအခွင့်အရေးများကို ထိခိုက်စေခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သော ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဥပဒေအရ ခွင့်ပြုထားသည့် အများပြည်သူများအတွက် ဆေးဝါးများ သယ်ယူ ပို့ဆောင်ခြင်းအား တားမြစ်ခြင်း မပြုလုပ်ရ၊

(ည) ပြည်သူလူထု၏ စားနပ်ရိက္ခာစုဆောင်းခြင်း၊ ကုန်ပစ္စည်းများနှင့် ကောက်ပဲသီးနှံများကို တစ်ပိုင်တစ်နိုင် သယ်ယူပို့ဆောင်ရောင်းချခြင်း၊ ကူးသန်းရောင်းဝယ်ခြင်းလုပ်ငန်းများကို နှောင့်ယှက်ဟန့်တားခြင်း မပြုလုပ်ရ၊

(ဋ) စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်းများနှင့် ဘာသာရေးအဆောက်အအုံ ပရိဝုဏ်များအား အကြောင်းမဲ့ဖျက်ဆီးခြင်း၊ ပျက်စီးမှုဆိုးကျိုးများ ဖြစ်ပေါ်စေခြင်းနှင့် စစ်ဘက်ဆိုင်ရာ တပ်စခန်းချထားခြင်း မပြုလုပ်ရ၊

အချပ်ပို (ဂ) သို့

အချပ်ပို(ခ)မှ

(ဌ) ပြည်သူလူထု၏ ဘာသာရေး၊ စာပေယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှုများကို နှောင့်ယှက်ခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းနှင့် ပျက်စီးစေခြင်းတို့အား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မပြုလုပ်ရ၊

(ဍ) အမျိုးသမီးများအား ဗလက္ကာယပြုခြင်း၊ လိင်အကြမ်းဖက်ခြင်း၊ အဓမ္မသားမယားပြုကျင့်ခြင်း၊ လိင်မှုဆိုင်ရာ ကျွန်ပြုခြင်း မပြုလုပ်ရ၊

(ဎ) ကလေးငယ်များအား သတ်ဖြတ်ခြင်းနှင့် ကိုယ်အင်္ဂါဖြတ်တောက်ခြင်း၊ ကလေးစစ်သားအဖြစ် စုဆောင်း/စစ်မှုထမ်းစေခြင်း၊ အဓမ္မပြုခြင်းနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်းများ မပြုလုပ်ရ၊

(ဏ) ပြည်သူလူထုကို ကျွန်ပြုခြင်း၊ အဓမ္မခိုင်းစေခြင်း မပြုလုပ်ရ၊

(တ) အပစ်ရပ်နယ်မြေအတွင်းရှိ ပြည်သူလူထု၏ လူမှုဘဝ လုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန်၊

(ထ) အရပ်သားပြည်သူများ စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အပစ်ရပ်နယ်မြေများအတွင်း လွတ်လပ်စွာသွားလာခွင့်ပြုရန်။

လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ

၁၀။ ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည်-

(က) ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ (IDPs) နှင့် ပဋိပက္ခဒဏ်ခံစားရသူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးခြင်းနှင့် စပ်လျဉ်းပြီး NGO နှင့် INGO အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများအား နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအစိုးရဌာနများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ရန်၊

(ခ) ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ (IDPs) အား ၎င်းတို့၏ဆန္ဒအတိုင်း မူလဒေသများသို့ ပြန်လည်နေထိုင်ခြင်းကို ဦးစားပေးဆောင်ရွက်ရန်သော်လည်းကောင်း၊ သင့်လျော်ရာနေရာတွင် ရွာသစ်တည်ထောင်ပေးစေလိုလျှင်သော်လည်းကောင်း၊ ဘေးကင်းလုံခြုံ၍ လူ့ဂုဏ်သိက္ခာနှင့် အညီဖြစ်စေရန် ဆောင်ရွက်ပေးရမည်၊

(ဂ) ပြည်တွင်းနေရပ်စွန့်ခွာတိမ်းရှောင်သူများ (IDPs)နှင့် ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသည့် ဒုက္ခသည်များအားစိစစ်၍ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များကို ပူးတွဲညှိနှိုင်းဆောင်ရွက်ရန်။

အခန်း(၄)

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ခိုင်မာအောင်လုပ်ဆောင်ခြင်း

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ

၁၁။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများအနေဖြင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်လိုက်နာကြရမည့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ဤစာချုပ်ပါ သတ်မှတ်ချက်များနှင့်အညီ လက်မှတ်ရေးထိုးပြီး တစ်လအတွင်း အပြီးရေးဆွဲပြဋ္ဌာန်းရန် သဘောတူသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ

၁၂။ ဤသဘောတူစာချုပ်အား လိုက်နာရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေးက အောက်ပါအတိုင်းဖွဲ့စည်းပေးရမည်-

(က) ဤသဘောတူစာချုပ်အား လိုက်နာရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန် "ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ" ကို ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အများယုံကြည်လေးစားသော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးရန် သဘောတူသည်။

(ခ) ကော်မတီကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၊ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၊ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီများနှင့် စိစစ်အတည်ပြုရေးအဖွဲ့များ စသည်ဖြင့် အဆင့်ဆင့်ဖွဲ့စည်းသွားမည်။

(ဂ) လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်တွင်ပါဝင်နေသော နိုင်ငံခြားအစိုးရများ၏ ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များကို ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့် ကြီးကြပ်ရေးကော်မတီအဆင့်ဆင့်တွင် လေ့လာသူအဖြစ်လည်းကောင်း၊ အကြံပေးအဖြစ်လည်းကောင်း၊ နည်းပညာအထောက်အကူပြုအဖြစ်လည်းကောင်း သင့်လျော်သလိုပါဝင်ရန် နှစ်ဖက်သဘောတူညီချက်ဖြင့် ဆောင်ရွက်မည်။

၁၃။ ကော်မတီအဆင့်ဆင့်၏ တာဝန်၊ လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းဆိုင်ရာအခြေခံမူများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စံသတ်မှတ်ချက်များ၊ လုပ်ငန်းလမ်းညွှန်များနှင့် ဖွဲ့စည်းပုံအသေးစိတ်ကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ရေးဆွဲပြဋ္ဌာန်းအတည်ပြုရန်၊

(ခ) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စောင့်ကြည့်မှုလုပ်ငန်းစဉ်များကို တာဝန်ခံ ဆောင်ရွက်ရန်နှင့် လိုအပ်ပါက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တင်ပြရန်၊

(ဂ) လူလုပ်နှင့် သဘာဝဘေးအန္တရာယ်များကြောင့် ပြည်တွင်းနေရပ်စွန့်ခွာ တိမ်းရှောင်သူများ (IDPs) နှင့် ပဋိပက္ခဒဏ်ခံစားရသူများအား လူသားချင်းစာနာသည့် အခြေခံအထောက်အပံ့များ ပေးအပ်မှုကို ညှိနှိုင်းဆောင်ရွက်ရန်၊

(ဃ) နှစ်ဖက်သဘောတူထားသည့် တပ်နေရာပြန်လည်ချထားရေးအစီအစဉ် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မှုကို စောင့်ကြည့်လေ့လာရန်၊

(င) တစ်နိုင်ငံလုံး အတိုင်းအတာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အခြေအနေ၊ ဤသဘောတူစာချုပ်၏ တပ်ပိုင်းဆိုင်ရာကိစ္စများ၊ စစ်ဘက်ဆိုင်ရာကျင့်ဝတ်များနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများတို့အား ထိန်းသိမ်းလိုက်နာခြင်းနှင့်ပတ်သက်၍ စောင့်ကြည့်လေ့လာခြင်း၊ ပေါ်ပေါက်လာသော အငြင်းပွားမှုများအား ဖြေရှင်းရာတွင် ဘက်လိုက်မှုကင်းပြီး ပွင့်လင်းမြင်သာမှုအခြေခံဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုရန်။

၁၄။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် အဖွဲ့ဝင်အားလုံး၏ သဘောတူညီချက်ကို အဖြစ်နိုင်ဆုံးကြိုးစား၍ ရယူသွားရမည်။

၁၅။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းရမည့်လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် သတင်းအချက်အလက်များ (နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးကိစ္စများမှအပ) တောင်းခံလာပါက ဤသဘောတူစာချုပ်တွင် ချမှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ပေးရန် သဘောတူညီသည်။

ဆက်ဆံရေးရုံးများဖွင့်လှစ်ခြင်း

၁၆။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောနေရာများတွင် နှစ်ဖက်ညှိနှိုင်း၍လည်းကောင်း၊ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး သဘောတူညီချက်တွင် သတ်မှတ်ထားသည့် ဒေသများတွင်လည်းကောင်း ဆက်ဆံရေးရုံးများ ဖွင့်လှစ်သွားရန် သဘောတူသည်။

၁၇။ ဆက်ဆံရေးရုံးများတွင်ထားရှိမည့် ဆက်ဆံရေးအရာရှိများသည် အခက်အခဲနှင့် ပြဿနာရပ်များအား လျင်မြန်စွာ ဆက်သွယ်ဖြေရှင်းနိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူသည်။

၁၈။ ဆက်ဆံရေးရုံးတွင် တာဝန်ထမ်းဆောင်နေကြသူများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို လိုအပ်သည့် အကာအကွယ်ပေးရန် သဘောတူသည်။

အခန်း(၅)

နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များ

၁၉။ ဤသဘောတူစာချုပ်လက်မှတ်ရေးထိုးသူများသည် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးနှင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာအဖြေရှာနိုင်ရေးစတင်ရန် ဤစာချုပ်ကို လက်မှတ်ရေးထိုးပြီးသည့်နောက် စာချုပ်ပါအခြေခံမူများ၊ အချက်အလက်များနှင့် ကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူသည်။

နိုင်ငံရေးလမ်းပြမြေပုံချမှတ်ခြင်း

၂၀။ ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံရေးလမ်းပြမြေပုံနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည်-

(က) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း၊

(ခ) အစိုးရကိုယ်စားလှယ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက "နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်" (The Framework for Political Dialogue) ကို ရေးဆွဲသဘောတူညီမှု ရယူခြင်း၊

(ဂ) ထိုမူဘောင်ကို အခြေခံ၍ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်း၊ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းကိစ္စရပ်များ၊ လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခြင်းနှင့် နှစ်ဖက်သဘောတူညီသော ကြိုတင်ဆောင်ရွက်ဖွယ်ရာများကို လုပ်ဆောင်ခြင်း၊

(ဃ) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပခြင်း၊

(င) ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုခြင်း၊

(စ) ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်း၍ အတည်ပြုချက်ရယူခြင်း၊

(ဆ) "ပြည်ထောင်စုသဘောတူစာချုပ် (Pyidaungsu Accord)" ပါ သဘောတူညီချက်များကို အကောင်အထည်ဖော်ခြင်းနှင့် လုံခြုံရေးဆိုင်ရာပြန်လည်ပေါင်းစည်းခြင်း လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

နိုင်ငံရေးတွေ့ဆုံဆွေးနွေးခြင်း

၂၁။ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည်-

(က) ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများသည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ စတင်ကျင်းပနိုင်ရေးနှင့် စာချုပ်ပါသဘောတူညီချက်များအား ပူးတွဲဦးဆောင်အကောင်အထည်ဖော်နိုင်ရန်အတွက် ဤစာချုပ်ကို လက်မှတ်ရေးထိုးပြီးပြီးချင်း အောက်ပါတို့ကို ဆောင်ရွက်မည်-

(၁) တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျင်းပခြင်း၊

(၂) ထိုအစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီနှင့် အခြားလိုအပ်သော ကော်မတီများကိုဖွဲ့စည်းခြင်း။ (ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီသည် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ရေးဆွဲရန်ကိုလည်း တာဝန်ရှိသည်။)

(ခ) ပါဝင်လက်မှတ်ရေးထိုးသူများသည် နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ်များ၊ ဆွေးနွေးရမည့် အကြောင်းအရာများ၊ ဆွေးနွေးမည့် ပုံစံများနှင့်စပ်လျဉ်း၍ အသေးစိတ်ဖော်ညွှန်းထားသည့် ဆွေးနွေးပွဲမူဘောင်တစ်ရပ်ကို ဤသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးသည့်အချိန်မှစ၍ ရက်ပေါင်း(၆၀)အတွင်း ပါဝင်သင့် ပါဝင်ထိုက်သူများနှင့် အတူတကွ ပူးတွဲရေးသားဖော်ဆောင်ရန်၊

(ဂ) ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများသည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို ဤသဘောတူစာချုပ်လက်မှတ်ရေးထိုးပြီး ရက်ပေါင်း (၉၀) အတွင်း စတင်လုပ်ဆောင်ရန်၊

(ဃ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေမည့်ကိစ္စရပ်များကို ရှောင်ရှား၍ ဤစာချုပ်ပါ အခြေခံမူတွင် သဘောတူညီထားသည့် အချက်များအပါအဝင် အခြားဆွေးနွေးရမည့် ခေါင်းစဉ်အသေးစိတ်ကို နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်တွင် ထည့်သွင်းဆွေးနွေး၍ အတည်ပြုရန်၊

(င) သဘောတူညီမှုချမှတ်ရာ၌ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုလုပ်ငန်းစဉ်တွင် ပါဝင်သော အဖွဲ့အစည်းများမှ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် အာမခံချက်ရှိရေးကို ဦးတည်လျက် ပါဝင်ပတ်သက်နေကြသော အဖွဲ့အစည်းများအကြား အပြုသဘောဆောင်၍ ညှိနှိုင်းအဖြေရှာရန် သဘောတူကြသည်။

အားလုံးပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်း

၂၂။ (က) နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲအဆင့်ဆင့်တွင် အားလုံးပါဝင်ရေးမူကို အခြေခံ၍ အစိုးရအဖွဲ့၊ လွှတ်တော်နှင့် တပ်မတော်တို့၏ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ၊ တရားဝင်နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ တိုင်းရင်းသား ကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့် ပါဝင်ထိုက်သော ကိုယ်စားလှယ်များ ပါဝင်ကြရမည်။

အချပ်ပို(ဃ)သို့

အချပ်ပို(ဂ)မှ

(ခ) တိုင်းရင်းသားကိုယ်စားလှယ်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ပညာရှင်အစုတို့၏ ကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့် ပါဝင်ထိုက်သော ကိုယ်စားလှယ်များကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ အဆင့်ဆင့်တွင် သက်ဆိုင်ရာကဏ္ဍအလိုက် သင့်တော်သလို ပါဝင်စေရေးကို နိုင်ငံရေးဆွေးနွေးပွဲမူဘောင်တွင် ဆွေးနွေးသတ်မှတ်ရမည်။

(ဂ) နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများတွင် ပါဝင်မည့်ကိုယ်စားလှယ်အချိုးအစားကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးမူဘောင် ဆွေးနွေးရာတွင် ညှိနှိုင်းဆွေးနွေးမည်။

(ဃ) ပြည်ထောင်စုညီလာခံမှထွက်ပေါ်လာသော ဆုံးဖြတ်ချက်များအပေါ်အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများကို လိုအပ်သလို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြုလုပ်ရန် သဘောတူညီသည်။

၂၃။ နိုင်ငံရေးဆွေးနွေးပွဲများတွင် သင့်တင့်လျောက်ပတ်သော အချိုးအစားဖြင့် အမျိုးသမီးကိုယ်စားလှယ်များ ပါဝင်နိုင်ရေးအတွက် ဆောင်ရွက်သွားရန် သဘောတူညီသည်။

အခန်း(၆)
ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ယုံကြည်မှုတည်ဆောက်ခြင်းနှင့်စပ်လျဉ်းသည့်ဆောင်ရွက်ရမည့် အချက်များ

၂၄။ (က) အစိုးရသည် မည်သူတစ်ဦးတစ်ယောက်(သို့မဟုတ်) အဖွဲ့အစည်းကိုမျှ ဥပဒေကိုချိုးဖောက်ခြင်းမှအပ ဤပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ချုပ်ဆိုရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့တွင် ပါဝင်ဆောင်ရွက်ခြင်းတို့ကြောင့် ဖမ်းဆီးအရေးယူမှုများ မပြုလုပ်ရန် သဘောတူညီသည်။

(ခ) ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံးကို မတရားအသင်းအဖြစ် ကြေညာထားခြင်းမှ ပယ်ဖျက်ရေး ဆက်လက်ဆောင်ရွက်သွားရန် သဘောတူသည်။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများနှင့်ပတ်သက်မှုရှိသည့် မည်သည့်ပုဂ္ဂိုလ်(သို့မဟုတ်) မည်သည့်အဖွဲ့အစည်းကိုမျှ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအရသော်လည်းကောင်း၊ မတရားအသင်း အက်ဥပဒေအရသော်လည်းကောင်း အရေးယူဆောင်ရွက်ခြင်းမပြုလုပ်ရန် သဘောတူသည်။

(ဂ) နိုင်ငံတော်အနေဖြင့် ဤသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးသည့်အချိန်တွင် ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်သွယ်သည်ဟူသော စွပ်စွဲချက်ဖြင့် မတရားအသင်းအက်ဥပဒေအရ အမှုစွဲဆိုခြင်းခံထားရသူများနှင့် အကျဉ်းကျခံနေရသူများ လွတ်မြောက်ရေးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန် သဘောတူသည်။

ကြားကာလအတွင်း ဆောင်ရွက်ရမည့်အစီအစဉ်များ

၂၅။ (က) ဤသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးကြသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် မိမိတို့နှင့်သက်ဆိုင်သည့် အပစ်ရပ်နယ်မြေများအတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် မိမိတို့အဖွဲ့အစည်း၏ အတိုင်းအတာအရ တာဝန်ယူနေကြသော အဖွဲ့အစည်းများဖြစ်ကြသည့် အားလျော်စွာ အပစ်အခတ်ရပ်စဲထားပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပအကောင်အထည်ဖော်နေသည့် ကာလအတွင်း ၎င်းနယ်မြေများတွင် နှစ်ဖက်ညှိနှိုင်းပြီး အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သွားရန် သဘောတူသည်-

(၁) ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခြေခံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊

(၂) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊

(၃) တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများ၊

(၄) ဒေသဆိုင်ရာတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊

(၅) ဒေသဆိုင်ရာဖွံ့ဖြိုးရေးနှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများအတွက် ပြည်တွင်းပြည်ပ အလှူရှင်အဖွဲ့အစည်းများ၏ အကူအညီရယူခြင်းဆိုင်ရာ ကိစ္စရပ်များ၊

(၆) မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ။

(ခ) အပစ်ရပ်ဒေသအတွင်း ဒေသခံပြည်သူလူထုအပေါ် အကျိုးသက်ရောက်မှု ကြီးမားသောစီမံကိန်းများကို လုပ်ဆောင်ရန်ရှိပါက သဘာဝသယံဇာတများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးအဖွဲ့(Extractive Industries Transparency Initiative -EITI) ၏ လုပ်ထုံးလုပ်နည်းများအတိုင်း ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့နှင့် ညှိနှိုင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

(ဂ) သက်ဆိုင်ရာဒေသများတွင် တစ်ဖွဲ့ချင်းစီ သီးခြားဆောင်ရွက်ရန် လိုအပ်သောကိစ္စရပ်ကို အစိုးရနှင့် သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူသည်။

ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုနိုင်ရန်တင်သွင်းခြင်း

၂၆။ ဤသဘောတူစာချုပ်အား ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်း၍ အတည်ပြုချက်ရရှိရေးအတွက် ဆောင်ရွက်သွားရန် သဘောတူသည်။

အခန်း(၇)
အထွေထွေ

၂၇။ ဤစာချုပ်က လွှမ်းခြုံခြင်းမရှိသော ကိစ္စရပ်များရှိလာပါက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် အစိုးရနှင့် သီးခြားစီဆွေးနွေး၍ စာချုပ်၏မူများနှင့် ဆန့်ကျင်ကွဲလွဲခြင်းမရှိစေဘဲ ညှိနှိုင်းဆောင်ရွက်၍ သဘောတူညီမှုရယူနိုင်သည်။

၂၈။ ဤသဘောတူစာချုပ်ကို မြန်မာဘာသာဖြင့်ရေးသားပြီး အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရမည်။ မြန်မာဘာသာနှင့်အင်္ဂလိပ်ဘာသာတို့ တရားဝင်အတည်ဖြစ်မှုသည် တူညီသော်လည်း စကားရပ်အရ အငြင်းပွားမှုများပေါ်ပေါက်လာပါက မြန်မာဘာသာဖြင့် ရေးသားထားသည့် စကားရပ်များအတိုင်းသာ အတည်ဖြစ်ကြောင်း သဘောတူသည်။

၂၉။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် လက်မှတ်ရေးထိုးရာတွင် ပါဝင်သော နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ပူးတွဲ၍ တာဝန်ယူဆောင်ရွက်သွားရန် သဘောတူသည်။ ထိုသို့ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့လာသည့်အခက်အခဲများကို ဖြေရှင်းနိုင်ရန် နှစ်ဖက်ကိုယ်စားလှယ်များပါဝင်သော **"တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး"** ကို ပုံမှန်ကျင်းပ၍ ဖြေရှင်းသွားရန် သဘောတူသည်။

၃၀။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ဆွေးနွေးပွဲများတွင် နှစ်ဖက်သဘောတူညီခဲ့ကြသော အစည်းအဝေးမှတ်တမ်းဆုံးဖြတ်ချက်များအနက် ကိုးကားရမည့်ဆုံးဖြတ်ချက်များသည် ဤသဘောတူစာချုပ်အကောင်အထည်ဖော်ရာတွင် အကျုံးဝင်ပြီး နှစ်ဖက်ညှိနှိုင်း၍ လိုအပ်သလိုဆောင်ရွက်ရန် သဘောတူသည်။

ညှိနှိုင်းဖြေရှင်းခြင်း

၃၁။ (က) ဤသဘောတူစာချုပ်ပါ လိုက်နာရမည့်တာဝန်များ၊ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ မပြေလည်မှု ပေါ်ပေါက်လျှင် သက်ဆိုင်ရာအဖွဲ့အစည်းများသည် ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းသည့်နည်းလမ်းကို အခြေခံ၍ ဖြေရှင်းရမည်။

(ခ) အပိုဒ်ခွဲ(က)အရ ဖြေရှင်းရာတွင် ပြေလည်မှုမရရှိပါက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အကောင်အထည်ဖော်ဆောင်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တင်ပြပြီး ညှိနှိုင်းဖြေရှင်းသွားမည်။

သဘောတူစာချုပ်အကျိုးသက်ရောက်ခြင်း

၃၂။ ဤသဘောတူစာချုပ်သည်နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးပြီးသည့် နေ့ရက်တွင် စတင်အကျိုးသက်ရောက်မှုရှိကြောင်း သဘောတူသည်။ ဤသဘောတူစာချုပ် အကောင်အထည်ဖော်မှုအပေါ် ဆန်းစစ်ရန် လိုအပ်ပါက နှစ်ဖက်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်း

၃၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်၊ . . . . လ၊ . . . . ရက်နေ့တွင် နှစ်ဦးနှစ်ဖက်မှ လက်မှတ်ရေးထိုးကြပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရကိုယ်စား	**တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုယ်စား**
အစိုးရ၊ တပ်မတော်နှင့် လွှတ်တော်မှ ခေါင်းဆောင်များ	တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၏ခေါင်းဆောင်များ (လက်မှတ်ရေးထိုးမည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ထပ်မံဖော်ပြပါမည်)

အသိသက်သေများ

၁။ ပြည်တွင်း

၂။ နိုင်ငံတကာ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်စော (မော်လမြိုင်)

အသက်(၈၆)နှစ်

ဦးဝင်းကြည် (မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ ခေတ္တ-ညွှန်ကြားရေးမှူးချုပ်)-ဒေါ်အေးအေးသန်း (စုံ/မှူး၊ ငြိမ်း၊ စစစ)တို့၏ ချစ်လှစွာသောမိခင် ဒေါ်ခင်စော(မော်လမြိုင်) အသက်(၈၆)နှစ်သည် ၁၆-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်နှင့်ဝန်ထမ်းများ
ပြန်ကြားရေးဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်စော (မော်လမြိုင်)

အသက်(၈၆)နှစ်

ဦးဝင်းကြည် (မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ခေတ္တညွှန်ကြားရေးမှူးချုပ်)-ဒေါ်အေးအေးသန်း (စုံ/မှူး၊ ငြိမ်း၊စစစ)တို့၏ ချစ်လှစွာသောမိခင် ဒေါ်ခင်စော(မော်လမြိုင်) အသက်(၈၆)နှစ်သည် ၁၆-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

MRTV-4 နှင့် Channel 7 ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်စော (မော်လမြိုင်)

အသက်(၈၆)နှစ်

ဦးဝင်းကြည် (မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ခေတ္တညွှန်ကြားရေးမှူးချုပ်)-ဒေါ်အေးအေးသန်း (စုံ/မှူး၊ ငြိမ်း၊ စစစ)တို့၏ ချစ်လှစွာသောမိခင် ဒေါ်ခင်စော(မော်လမြိုင်) အသက်(၈၆)နှစ်သည် ၁၆-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Mandalay FM နှင့် Pyinsawadi FM ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်စော (မော်လမြိုင်)

အသက်(၈၆)နှစ်

ဦးဝင်းကြည် (မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ခေတ္တညွှန်ကြားရေးမှူးချုပ်)-ဒေါ်အေးအေးသန်း (စုံ/မှူး၊ ငြိမ်း၊ စစစ)တို့၏ ချစ်လှစွာသောမိခင် ဒေါ်ခင်စော(မော်လမြိုင်) အသက်(၈၆)နှစ်သည် ၁၆-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Forever Group Co.,Ltd.

အထူးဝမ်းနည်းကြေကွဲခြင်း

ဒေါ်သန်းသန်းနု (ညောင်ဦး၊ ပခုက္ကူ)

အသက်(၅၂)နှစ်

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန၊ ဦးစီးရုံးချုပ်၊ နေပြည်တော်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဝင်း၏ဇနီး ဒေါ်သန်းသန်းနု အသက်(၅၂)နှစ်သည် ၁၈-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးအေးမြင့်မောင်-ဒေါ်မေသက်ထွန်း
ဒုတိယဝန်ကြီး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်
သစ်တောရေးရာဝန်ကြီးဌာန

(၃)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဒေါ်ထွေးထွေး

(၁၈-၈-၂၀၁၂ မှ ၁၈-၈-၂၀၁၅)

အမေကြီး မိသားစုနှင့်ခွဲခွာသွားသည်မှာ (၃)နှစ်ပြည့်မြောက်ပြီ ဖြစ်သော်လည်း တစ်နေ့မှမေ့မရပါ။ အမေကြီးအတွက် ရည်စူး၍ လစဉ်၊ နှစ်စဉ်ပြုလုပ်လှူဒါန်းခဲ့သော ကုသိုလ်ကောင်းမှုများ၊ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၊ ဇီဝိတဒါန သံဃဆေးရုံ၊ အနုပညာဆည်းဆာရိပ် ဘိုးဘွားရိပ်သာ တည်ဆောက်ရေးလုပ်ငန်း၊ ပွင့်ဖြူရေဘေးကယ်ဆယ်ရေးလုပ်ငန်းများနှင့် သံဃာတော်အရှင်သူမြတ်တို့အားဆွမ်း၊ ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းစသည့် ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါသည်။ အမေကြီး ရောက်ရှိရာ မြင့်မြတ်သည့် ဘုံဘဝမှနေ၍ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ-

အဖေကြီး ဦးသိုက်စိုးနှင့် သားသမီး၊ မြေးမိသားစု
အလုံလမ်း၊ ရန်ကုန်မြို့

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ပစ္စည်းလေးပါး သာသနာ့ဒါယကာကြီး

ဦးဝင်းနိုင်

Win & San (Diamonds and Fine Jewellery)

အသက်(၅၈)နှစ်

မန္တလေးတိုင်းဒေသကြီးနေ (ဦးဘိုကျော်) - ဒေါ်တင်မြင့်တို့၏သား၊ ထားဝယ်မြို့နေ ဦးကျော်သိန်း(ထားဝယ်) - ဒေါ်မြရီ (စမ်းရတနာရွှေဆိုင်၊ ထားဝယ်မြို့)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အောင်မင်းခေါင်ဘုရားလမ်း၊ အမှတ်(၃၆/စီ)နေ သုဓမ္မသိင်္ဂီဒေါ်စမ်းစမ်း(Win & San Diamonds and Fine Jewellery)၏ချစ်လှစွာသောခင်ပွန်း၊ မချမ်းငြိမ်းဆု(Final Year MBA-Assumption U-niversity, Myanmar)၊ မဖူးပွင့်ခိုင်(University of Sydney, Master of Commerce)၊ မချောခိုင်ခိုင်ဆက်(MIC-HND)တို့၏ချစ်လှစွာသောဖခင်၊ ဦးဝင်းထွဋ်သန်း(Managing Director-SKY FLYING Co.,Ltd)-ဒေါ်မာမာအေး(သိုက် စိန်ရတနာဆိုင်)၊ ဦးကျော်မင်းမင်းလတ်(ခ)ကိုစု (Director DDPC)-ဒေါ်ကေမာခိုင် (သိုက် စိန်ရတနာဆိုင်နှင့် အမိပတိ "သိုက်" ကုမ္ပဏီလီမိတက်)တို့၏အစ်ကို၊ မပိုးစန္ဒီသန့်(AYA Bank-Rowe Head Office)၊ ကိုစွမ်းသီဟအောင်(AIA Flight Pilot Training School Phillipines) - မယမင်းခင် (Certificate of Proficiency in Computerized Accounting)၊ မကေစုရတီကျော်(Year 2 MISY)၊ မောင်ကျော်သံလွင်ဟိန်း(Reception MISY)တို့၏ဘကြီးသည် ၁၄-၈-၂၀၁၅ရက် နံနက် ၈း၁၀နာရီတွင် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ Bangkok Hospitalတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင်ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၈-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အောင်မင်းခေါင်ဘုရားလမ်း၊ အမှတ်(၃၆/စီ)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်စော(မော်လမြိုင်) အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက် ၂၅၊ အခန်း ၅နေ (ဦးဘိုးရင်-ဒေါ်မြခင်)တို့၏သမီး၊(ဦးဘခင်-ဒေါ်ခလေးမ)တို့၏သမီးချွေးမ၊(ဦးအောင်ကြည်၊ နိုင်ငံတော်ကောင်စီရုံး)၏ချစ်လှစွာသောဇနီး၊ (ဦးလှမောင်၊ မွန်ပြည်နယ်အလုပ်အမှုဆောင်-ဒေါ်မိမိကြီး)တို့၏ညီမ၊တိုက်ကြီးမြို့၊ ချမ်းမြသာစည် ၁လမ်းနေ (ဦးလှရွှေ၊ မြို့နယ်တရားရေးဦးစီးမှူး)-ဒေါ်လှမြင့်တို့၏အစ်မ၊ ဦးတင်စိုး-ဒေါ်အေးအေးမြင့်(လယ်ပြ၊ ငြိမ်း)၊ ဒေါ်မြင့်မြင့်သန်း(ထက်ပြ၊ တိုက်ကြီး)၊ (ဗိုလ်ခင်ဇော်-သူရဖ၃)၊ ဒေါ်ခင်မော်မော်(လယ်ပြ၊ တိုက်ကြီး)၊ (ဦးသိန်းဇော်)၊ ဦးတင့်လွင်၊ ဦးခင်မောင်လွင်၊ ဦးအေးသွင်-ဒေါ်သန္တာဖြူ၊ ကိုအောင်စစ်နိုင်[University of Delaware NTST Ph.d (Candidate)]-မမေနှင်းလှိုင်[Delaware State University Ph.d (Candidate)]တို့၏ကြီးကြီးသည် ၁၆-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၀၀း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၈-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူ တူ/တူမများ

ဆရာမကြီးဒေါ်လှလှရီ

Teacher MUNSIE CHIT OO

အငြိမ်းစားဆရာမကြီး
အထက(၂)ရန်ကင်း (ကျောက်ကုန်းစိန်မိုက်ကယ်)
အလက(၂)ရန်ကင်း၊ အမက(၁၂)ရန်ကင်း

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊(၂)ရပ်ကွက်၊ရန်အောင်လမ်းသွယ်(၆)၊ အမှတ် ၂၅၈၊ အခန်း ၂၄နေ(ဦးဘချစ်ဦး-ဒေါ်သန်းခင်)၏သမီး၊ (ဦးစံမြင့်)၏ဇနီး၊ ဒေါ်ခင်မို့မို့၊ ဦးတင်မောင်ဦး-ဒေါ်ခင်မူမူ၊ ဦးအေးဝင်း-ဒေါ်ခင်မိမိ၊ ဦးအောင်အောင်မြင့်-ဒေါ်မော်မော်စံတို့၏မိခင်၊ ကိုဉာဏ်လင်းထက်-မသင်္ဂီတိုး၊ ကိုအောင်မော်မြင့်(Uniteam)၊ မစမ်းယဉ်နွယ်(မြန်မာသံရုံး၊ ဘန်ကောက်)-ကိုပွင့်လင်းအောင်၊ မနန္ဒာလင်း(မန်းရတနာပုံလေကြောင်း)-ကိုမျိုးနိုင်၊ ကိုမြတ်သူတို့၏အဘွား၊ မိုးသင်္ဂီခင်၏ဘွားဘွားကြီးသည် ၁၇-၈-၂၀၁၅ရက်(တနင်္လာနေ့)နံနက် ၄နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၅ ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးတင်ရ (သုံးဆယ်မြို့)

MFTB (ငြိမ်း)

အသက်(၈၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သုံးဆယ်မြို့နေ ဦးဘိုမောင်-ဒေါ်စောတင်တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အမှတ် ၄၁၀နေ [ဒေါ်ခင်ကြူ(ခ)ဒေါ်လုံးခင်]၏ခင်ပွန်း၊ ဒေါ်မြင့်မြင့်ခိုင်၊ ဦးအောင်လင်း-ဒေါ်ကြည်ကြည်ခိုင် (အထက-၂၊ ဒဂုံမြောက်)၊ ဦးမောင်မောင်ဦး(PIL SHIPPING)-ဒေါ်မိမိနိုင်၊ဦးတင်စိုးနိုင်(DIAMOND JEWELLERY MARINE Co., Ltd.) - ဒေါ်မိုးမိုးစံ(FMI Co., Ltd)တို့၏ဖခင်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၇-၈-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၇း၃၀ နာရီတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟူစိန်ပတေး(လ်)(ခ) ဦးစိန်လင်း

အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊အမှတ် ၁၂/၂၉၆၊ရွှေတိဂုံဘုရားလမ်းနေ (ဟာဂျီ အဗ္ဗဒူရာမန်ဆာလေပတေးလ် - ဒေါ်မိုင်မူနာဘီပတေးလ်)တို့၏သား၊ ဒေါ်ပြာရီပတေးလ်၊ဒေါ်စိန်လှ(ခ)Ruby ပတေးလ် (ပ.သ.အ၊ ငြိမ်း) - [ဦးမောင်မောင်သိန်း(ခ)မိုဟမ္မက်ဒါဝူးဒ်]၊ ဦးစိုးဝင်း(ခ)အီဗရာဟင်ပတေးလ်(မြန်မာ့ လေကြောင်း၊ ငြိမ်း)-ဒေါ်ရီ(အထည်ဆိုင် ဗိုလ်ချုပ်ဈေး)၊ (ဦးအာမက်ပတေးလ်)၊ ဦးစံလွင်(ခ)ဆာလေပတေးလ်-ဒေါ်မိမိလွင်တို့၏ညီ/မောင်၊ မအေးမြတ်သူ(Christina)၊ မစန္ဒာလွင် (Maria)-Stephen Williams (ခေတ္တ-USA)၊ မဟန်နီလွင် (Sophia) တို့၏ဦးလေး၊ Olivia ၏ အဘိုးလေးသည် ၁၂-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၆း၅၀ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၃-၈-၂၀၁၅ရက် (ကြာသပတေးနေ့)မွန်းလွဲ ၁၂း၃၀နာရီတွင် ရေဝေးကဘာရ်စတန် ဥယျာဉ်တော်၌ဒါဖွနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးအောင်ကျော်ထူး

နာရေးကူညီမှုအသင်းဝင်(စစ်တွေ)
သင်္ဘောသား၊ ပြည်တွင်းရေကြောင်း
သယ်ယူပို့ဆောင်ရေး

အသက်(၃၂)နှစ်

စစ်တွေမြို့၊ ဆင်ကူးလမ်း၊ အကွက်(၃)၊ဈေးလမ်းနေ သင်္ဘောသားဦးအောင်ကျော်ထူး(ပရသ၀)သည် ၈-၈-၂၀၁၅ ရက် မွန်းတည့် ၁၂နာရီတွင် စစ်တွေဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၅ရက် ညနေ ၃နာရီတွင် စစ်တွေမြို့ အာကျိတ်တော်ကုန်းသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား သိစေအပ်ပါသည်။

နာရေးကူညီမှုအသင်း(စစ်တွေ)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်လှကြည်

(ဝါးခယ်မလမ်း၊ စမ်းချောင်း)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ အမှတ် ၂၉၊ ပိတောက်လမ်း၊ ပိန္နဲကုန်းရပ်ကွက်နေ (ဦးထွန်းအောင်)၏ဇနီး၊ ဦးထွန်းကြွယ်-(ဒေါ်ရင်မြင့်)၊(ဦးဝင်းဖေ၊ယခင်နန်ယန်ကျောင်းဆရာ)၊ (ဦးသောင်းထွန်း)-ဒေါ်ခင်စုဝင်း၊ (ဦးညွန့်ဝေ)-ဒေါ်စန်းစန်းမော်၊ ဦးအေးဇော်-ဒေါ်တင်တင်အောင်၊ ဦးမျိုးအောင်- ဒေါ်စန်းစန်းလွင် (ငြိမ်း၊ အမက-၁၀၊ ဒဂုံမြို့နယ်၊ အထက-၁၊ ဒဂုံမြို့နယ်)၊ ဦးဇော်ဝင်း(Chief engineer St. Johon's Shipping management PTE. LTD. Singapore)-ဒေါ်ဝင်းဝင်းနိုင်၊ (ဦးသိန်းနိုင်)တို့၏မိခင်၊ မြေး ၁၃ ယောက်၊မြစ်လေးယောက်တို့၏အဘွားသည် ၁၇-၈-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အမှတ် ၃၉၊ ဝါးခယ်မလမ်း၊ စမ်းချောင်း နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကျော်သိန်း

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၃၄၊ (ငါးလွှာ/အေ)နေ (ဦးဘကျော်-ဒေါ်သိန်းနု)တို့၏သား၊ ဒေါ်ဘိုမ၊ဦးအောင်သိန်း၊ဒေါ်ပြုံး၊ဒေါ်ရင်နု၊ ဦးအေးဗိုလ်ဗိုလ်(ဦးစီးအရာရှိ၊ အကျဉ်းဦးစီးဌာန၊ ပေါင်းတည်မြို့)-ဒေါ်စုစုလှိုင်တို့၏အစ်ကိုကြီး၊ အေးအိမွန်၊မြတ်စုမွန်၊ ကိုသန်းနိုင်အေး၊ သက်အောင်မွန်၊ ရဲဗိုလ်ဗိုလ်၊ ဟိန်းဗိုလ်ဗိုလ်ထွန်းတို့၏ဘကြီး၊ မောင်ဘုန်းမြတ်မင်းသွေး၏အဘိုးသည် ၁၇-၈-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၉း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးဇော်ဝင်းအောင်

အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်ဗထူးလမ်း၊ အမှတ် ၁၂နေ (ဦးဘညွန့်-ဒေါ်သန်းလှ)တို့၏သား၊ ဒေါ်ခင်ချို၏ခင်ပွန်း၊ ကိုကျော်သီဟ၊ ကိုအောင်မျိုးအေး-မဆုမြတ်ခိုင်၊ ကိုသိန်းဇော်ဦး-မမေစန္ဒာအောင်တို့၏ဖခင်၊ မောင်မြတ်ဟိန်းထက်၊ မအိမ့်ဖွန်ဖူး၊ မသီရိကိုကိုဇော်၊ မောင်ဖိုးသားတို့၏အဘိုးသည်၁၆-၈-၂၀၁၅ ရက် (တနင်္ဂနွေနေ့) ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

Isbella @

ဖီးဖီးဒေါ်အီဇာဘယ်

(မော်လမြိုင်)

အသက်(၉၇)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့နယ်၊သင်္ကန်းအိုင်ကျေးရွာနေ (ဦးဘစိန်)၏ဇနီး၊ (ဒေါ်နော်ခရစ္စတီး)၊ ဆရာတော် ရေမွန်စောဖိုးရေ (မော်လမြိုင် ဂိုဏ်းအုပ်သာသနာ)တို့၏ မိခင်ကြီးသည် ၁၆-၈-၂၀၁၅ရက် နံနက် ၁၁း၅၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၈-၈-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင် မွန်မြတ်သောအိမ်ထောင်စု ကယ်သီဒြယ် ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ကျိုက္ကရော ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်သန်းကြွယ်

(ပြန်/ဆက်ဦးစီးဌာန၊ ငြိမ်း)

အသက်(၉၆)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၅)ရပ်ကွက်၊ မြကန်သာအိမ်ရာ၊ အပိုင်း(၂)၊ တိုက် ၅၊ အခန်း ၁၀၁နေ(ဦးမိုးကြွယ်-ဒေါ်အေးလှိုင်)တို့၏သမီး၊ (ဦးရွှေမင်း၊ အကောက်ခွန်၊ ငြိမ်း)၏ဇနီး၊ ဦးစိုးလွင် (စီးပွား/ကူးသန်း၊ ငြိမ်း)၏ မိခင်သည် ၁၇-၈-၂၀၁၅ရက် (တနင်္လာနေ့)တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်၌ဝတ်ပြုဆုတောင်းပြီး ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယိကာမကြီး

ဒေါ်မြမေ

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ ၁၄၇လမ်း၊ အမှတ် ၁၇ (ပထမထပ်-B)နေ (ဦးဘစိန်-ဒေါ်ကုလားမ)တို့၏သမီး၊ (ဦးပျော့)၏ဇနီး၊ (ဦးညို-ဒေါ်ခင်ကြည်)တို့၏ညီမ၊ ဦးလှရွှေ-(ဒေါ်မြရွှေ)၊ ဦးထွန်းဝေ-ဒေါ်စိန်တင့်၊ (ဦးသန်းစိန်)-ဒေါ်တင်ရီတို့၏အစ်မ၊ (ကိုသိန်းအောင်)၊ ကိုတင်ဝင်း၊ ကိုမောင်ကို၊ (ကိုဝင်းဇော်)၊ (ကိုတင်အောင်)၊ မကြည်ကြည်မြင့်၊ မခင်ဝင်းငယ်၊ (ကိုသိန်းနိုင်)၊ မသက်သက်မိုး(မြန်မာ့စာတိုက် EMS int'l) တို့၏မိခင်၊ မြေး/မြစ် ခြောက်ယောက်တို့၏အဘွားသည် ၁၆-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၅ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဓမ္မာရုံ၊တန်ဆောင်းဒါယကာကြီး

ဦးထွန်းထွန်းကျော်(ခ) ရှာဘွန်အမ်း(ခ)ရှာစွန်အမ်း

(ပုသိမ်မြို့)

KKK ရေခဲစက်

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ အောက်မင်္ဂလာဒုံလမ်း၊ အမှတ် ၃၆၂၊ ရွာမအရှေ့နေ(ဦးဘွန်လျှောင်း-ဒေါ်ဝီးယား)တို့၏သား၊ဦးပျော့-(ဒေါ်ရှုအင်း)တို့၏သားသမက်၊ ဒေါ်လှလှအေး(ခ)ဒေါ်ကျင်စု၏ချစ်လှစွာသောခင်ပွန်း၊ ဦးနိုင်စိုး-ဒေါ်အဝင်း၊ ဦးကြည်သိန်း-ဒေါ်သိန်းသိန်း၊ ဦးသိန်းနိုင်-ဒေါ်စန်းမြင့်၊ (ဦးကျင်စွမ်း)-ဒေါ်ဝင်းကြည်၊ ဦးချွန်စိန်-ဒေါ်ကေသီခိုင်တို့၏ အစ်ကိုကြီး၊ ဗိုလ်မှူးနေမင်းဦး - ဒေါ်မြတ်သန္တာထွန်း၊ ဦးခင်မောင်အေး-ဒေါ်စိုးစန္ဒာထွန်း၊ ဦးရဲမြင့်ထွန်း-ဒေါ်ဖြူနှင်းဝေတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၇-၈-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၆း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၈-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၃-၈-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တဝိလာသ

ဓမ္မာစရိယ၊ဒီဃဘာဏက၊ပိဋကတ်သုံးပုံဆောင်၊မဟာဂန္ထဝါစကပဏ္ဍိတ

သက်တော်(၆၉)နှစ်၊ သိက္ခာတော်(၄၉)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ အလယ်ပိုင်းဒါးပိန်၊ ဇီးဖြူကုန်းကျောင်း၊ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိလာသ ဆရာတော်သည် (၁၃၇၇ခုနှစ် ဝါခေါင်လကွယ်နေ့) ၁၅-၈-၂၀၁၅ရက် နံနက် ၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၄ရက်) ၁၉-၈-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)တွင် စံကျောင်းချ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၁၄ရက်) ၂၉-၈-၂၀၁၅ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် လှည်းကူးမြို့နယ်၊ အလယ်ပိုင်းဒါးပိန်၌ အန္တိမအဂ္ဂိဈာပနသဘင်ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ၊ ဇီးဖြူကုန်းကျောင်းတိုက်

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တသေန

ဆံတော်ရှင်ဆရာတော်၊ ပေါက်တောမြို့နယ်
နာရေးကူညီမှုအသင်းဝင်(စစ်တွေ)
သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၂၇)ဝါ

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဘောက်သီးစုရပ်ကွက်၊ မြို့မကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော် ဆံတော်ရှင်ဆရာတော် ဘဒ္ဒန္တသေန သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၂၇)ဝါသည် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်) ၁၄-၈-၂၀၁၅ရက် (သောကြာနေ့) နံနက် ၅း၃၀နာရီတွင် စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို ၁၅-၈-၂၀၁၅ရက် မွန်းလွဲ ၁နာရီတွင် အာကျိတ်တော်ကုန်းသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ/အသင်းသားများအား သိစေအပ်ပါသည်။

နာရေးကူညီမှုအသင်း(စစ်တွေ)

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ပစ္စည်းလေးပါး သာသနာ့ဒါယကာကြီး

ဦးဝင်းနိုင်

Win & San (Diamonds and Fine Jewellery)

အသက်(၅၈)နှစ်

မန္တလေးတိုင်းဒေသကြီးနေ(ဦးဘိုကျော်)-သီဟသုဓမ္မသိင်္ဂီဒေါ်တင်မြင့်တို့၏သား၊ ထားဝယ်မြို့နေ ဦးကျော်သိန်း(ထားဝယ်)-ဒေါ်မြရီ(စမ်းရတနာရွှေဆိုင်၊ ထားဝယ်မြို့)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အောင်မင်းခေါင်ဘုရားလမ်း၊ အမှတ်(၃၆/စီ)နေ သုဓမ္မသိင်္ဂီဒေါ်စမ်းစမ်း(Win & San Diamonds and Fine Jewellery)၏ချစ်လှစွာသောခင်ပွန်း၊ မချမ်းငြိမ်းဆု(Final Year MBA-Assumption University,Myanmar)၊မဖူးပွင့်ခိုင်(University of Sydney, Master of Commerce)၊ မချောခိုင်ခိုင်ဆက်(MIC-HND)တို့၏ချစ်လှစွာသောဖခင်သည် ၁၄-၈-၂၀၁၅ရက်(သောကြာနေ့) နံနက် ၈း၁၀နာရီတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Bangkok Hospital ၌ ကွယ်လွန်သွားပါသဖြင့်၁၈-၈-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၈-၂၀၁၅ ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အောင်မင်းခေါင်ဘုရားလမ်း၊ အမှတ်(၃၆/စီ)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ပစ္စည်းလေးပါး သာသနာ့ဒါယကာကြီး

ဦးဝင်းနိုင် အသက်(၅၈)နှစ်

Win & San (Diamonds and Fine Jewellery)

မန္တလေးတိုင်းဒေသကြီးနေ (ဦးဘိုကျော်)-သီဟသုဓမ္မသိင်္ဂီဒေါ်တင်မြင့်တို့၏သား၊ ထားဝယ်မြို့နေ ဦးကျော်သိန်း-ဒေါ်မြရီ(စမ်းရတနာရွှေဆိုင်၊ ထားဝယ်မြို့)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အောင်မင်းခေါင်ဘုရားလမ်း၊ အမှတ်(၃၆/စီ)နေ သုဓမ္မသိင်္ဂီဒေါ်စမ်းစမ်း(Win & San Diamonds and Fine Jewellery)၏ချစ်လှစွာသောခင်ပွန်း၊ မချမ်းငြိမ်းဆု(Final Year MBA-Assumption University,Myanmar)၊မဖူးပွင့်ခိုင်(University of Sydney, Master of Commerce)၊ မချောခိုင်ခိုင်ဆက်(MIC-HND)တို့၏ချစ်လှစွာသောဖခင်၊ ဦးအေးမောင်-ဒေါ်နီနီ(စိန်စပွါယ်ဖူး စိန်တိုက်)(မန္တလေးမြို့)၊ ဒေါက်တာထွန်းထွန်းဦး-သီဟသုဓမ္မသိင်္ဂီ ဒေါ်မာမာ(Jewel Rock)၊ဒေါက်တာခင်မောင်ဝင်း-ဒေါက်တာဝေဝေ(Diamond Land စိန်တိုက်)တို့၏မောင်၊ ဒေါ်မိုးမိုး(စိန်ကမ္ဘာ)၏အစ်ကိုသည် ၁၄-၈-၂၀၁၅ရက် (သောကြာနေ့) နံနက် ၈း၁၀နာရီတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Bangkok Hospital၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၈-၂၀၁၅ရက်(ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အောင်မင်းခေါင်ဘုရားလမ်း၊ အမှတ်(၃၆/စီ)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးကျော်ဇေယျငွေး(ခ)ကိုရှည်ကြီး အသက်(၄၀)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်အောင်ရပ်ကွက်၊ ရန်ဝေးလမ်း၊ အမှတ် ၃နေ ဦးကျော်အေး-[ဒေါ်တင်တင်ငွေး(ခ)ဒေါ်ငွေး] သိမ်ကြီးဈေး၊ အမိမြေ(သနပ်ခါး)တို့၏သား၊ ဦးသန်းနိုင်-ဒေါ်မင်းမင်းစော(ရဲတိုက် ဆောက်လုပ်ရေး)တို့၏ညီ/မောင်၊ ကိုမျိုးအောင်ထက်၊ မောင်ချမ်းငြိမ်းငွေး-မသီတာအေးတို့၏အစ်ကိုကြီး၊ မခိုင်ပွင့်ဖြူ၊ မောင်ဉာဏ်လင်းထွဏ်း၊ မစောရတီနိုင်တို့၏ဦးလေးသည် ၁၄-၈-၂၀၁၅ရက် (သောကြာနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၁၅-၈-၂၀၁၅ရက် (စနေနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၈-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိအထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

မောင်နိုင်ထူးအောင်(ခ)ကိုသာပို အသက်(၃၀)

M.E(EP)Thanlyin Technological University (2002-2006)
(Value Creation Engineer, Comfort Management Pte Ltd, Singapore)
Volunteer at Young Engineer Committee, Myanmar Engineering Society,
Admin of Online Volunteers of Disasters Recovery For Myanmar (OVDR4MM)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၉(က)ရပ်ကွက်၊ စိတ္တသုခလမ်း၊ အမှတ် ၃၂၉(က)နေ ဦးဝင်းမြင့်-ဒေါ်ခင်မြင့်တို့၏သား၊ မောင်ဟန်ထွန်း၏ညီသည် ၁၆-၈-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၄း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၈-၂၀၁၅ရက်(အင်္ဂါနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် သီးသန့်ရန်ပုံငွေမှ ငွေကျပ် ၃၉ ဒသမ ၀၅၄ ဘီလီယံသုံးစွဲခဲ့ပြီး ပြုပြင်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ဆက်လက်ခွင့်ပြုပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော်   ဩဂုတ်   ၁၇

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန်၊ ဇူလိုင်လများအတွင်း မုတ်သုံမိုးသည်းထန်စွာရွာသွန်းခဲ့မှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားခဲ့ရာ ထိခိုက်ပျက်စီးမှု ပမာဏကြီးမားခဲ့သဖြင့် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရေးအတွက် နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၅ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ကြေညာချက်အမှတ် ၁/၂၀၁၅ ကို ထုတ်ပြန်ခဲ့သည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများဖြစ်သည့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင်လည်းကောင်း၊ ထိုကဲ့သို့ ရေကြီးရေလျှံမှုများနှင့် သဘာဝဘေးကျရောက်ခဲ့သော ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်လည်းကောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ဦးဆောင်၍ လုပ်ငန်းစဉ်(၁)အရ ဘေးမဖြစ်မီ ထိခိုက်ဆုံးရှုံးမှုနည်းပါးစေရန်ဆောင်ရွက်ခြင်း၊ လုပ်ငန်းစဉ်(၂)အရ ဘေးဖြစ်ပွားနေစဉ် ဘေးလွတ်ရာရွှေ့ပြောင်းခြင်း၊ ရှာဖွေကယ်ဆယ်ခြင်း၊ အရေးပေါ်ကယ်ဆယ်ထောက်ပံ့ခြင်းနှင့် လုပ်ငန်းစဉ် (၃)အရ မူလအခြေအနေကို ပြန်လည်ရောက်ရှိစေရန်အတွက် ပြန်လည်တည်ဆောက်ခြင်း၊ ပြန်လည်နေရာချထားခြင်း၊ ပြန်လည်ထူထောင်ခြင်းလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် သီးသန့်ရန်ပုံငွေမှ ငွေကျပ် ၃၉ ဒသမ ၀၅၄ ဘီလီယံ သုံးစွဲခဲ့ပြီးဖြစ်သည့်အပြင် ပျက်စီးဆုံးရှုံးမှုများအတွက် စာရင်းပြုစုရရှိမှုအလိုက် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် သီးသန့်ရန်ပုံငွေမှ ဆက်လက်ခွင့်ပြုပေးရန် အမြန်ဆုံးစီစဉ်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ အမေရိကန်ဒေါ်လာ သုံးသန်း ထောက်ပံ့ပေးရန် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် သဘောတူညီချက်လက်မှတ်ရေးထိုးပြီးဖြစ်သကဲ့သို့ ဂျပန်နိုင်ငံမှလည်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း ထောက်ပံ့ပေးရန် အကြောင်းကြားခဲ့သဖြင့်လုပ်ငန်းစဉ်အတိုင်း ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)နှင့် ကမ္ဘာ့ဘဏ် (WB) တို့မှလည်း အတိုးမဲ့ချေးငွေများ ထောက်ပံ့ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ကမ္ဘာ့ဘဏ်(WB)က ယခင်လွှတ်တော်မှ ခွင့်ပြုပြီးချေးငွေများအနက်မှ ၅ ရာခိုင်နှုန်းအား ရေဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လွှဲပြောင်းသုံးစွဲရန် အမေရိကန်ဒေါ်လာ ၃၅ သန်းခန့်ကိုလည်း အဆိုပြုချက် ရရှိပြီးဖြစ်သည်။

သို့ပါ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်းနှင့် နေအိမ်အဆောက်အအုံများ၊ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခဲ့ရသည့် ကားလမ်း၊ မီးရထားလမ်းနှင့် တံတားများ ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရန်နှင့် ရေတားတမံများ ပြန်လည်ပြုပြင်ရေး၊ မျိုးစပါးများရရှိရေး၊ ငါးဖမ်းလုပ်ငန်းများအပါအဝင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် လယ်ယာလုပ်ငန်းသုံးပစ္စည်းများရရှိရေး စသည့်လိုအပ်ချက်များအတွက် လိုအပ်သောဘဏ္ဍာငွေကို ဆက်လက်၍ စိစစ်ခွင့်ပြုထုတ်ပေးမှုနှင့်အတူ မူလအနေအထားသို့ ပြန်လည်ရောက်ရှိအောင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အမြန်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်နှင့်ဓာတ်တိုင်ပြိုလဲ

ရန်ကုန်   ဩဂုတ်   ၁၇

ဩဂုတ် ၁၇ ရက် ညနေ ၃ နာရီခန့်တွင် လေပြင်းတိုက်ခတ်၍ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ် (၉) ရပ်ကွက် ရန်ကုန်အင်းစိန်လမ်းမပေါ် သုခမှတ်တိုင်တွင် ဗာဒံပင်ပြိုလဲ၍ လမ်းဘေးဓာတ်ကြိုးများ သွယ်တန်းထားသောဓာတ်တိုင်လဲပြီး လမ်းများပိတ်ဆို့ကာ မီးပြတ်တောက်ခဲ့သည်။ လမ်းသွားပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

အဆိုပါ နေရာသို့ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ လာရောက်ရှင်းလင်းရာ ညနေ ၃ နာရီ မိနစ် ၅၀ ခန့်တွင် ရှင်းလင်းပြီးစီးကြောင်း သိရသည်။

(၁၂၂)

ရေဘေးသင့်ပြည်သူများကိုကူညီရန် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်သို့ အမေရိကန်အစိုးရ အကူအညီတိုးမြှင့်

ရန်ကုန်   ဩဂုတ်   ၁၇

မြန်မာနိုင်ငံအတွင်း မိုးသည်းထန်ခြင်းနှင့် ရေကြီးခြင်းကြောင့် ဒုက္ခရောက်ခဲ့ကြရသော ပြည်သူများအတွက် အကူအညီပေးရန် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် United Nations World Food Program သို့ အမေရိကန်ဒေါ်လာ သုံးသန်းပေးအပ်လှူဒါန်းရန်အတွက် အမေရိကန်ပြည်ထောင်စု နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ၏ ငြိမ်းချမ်းရေးအတွက် စားနပ်ရိက္ခာရုံး USAID Office of Food for Peace က ဩဂုတ် ၁၇ ရက်တွင် သဘောတူခွင့်ပြုကြောင်း သိရသည်။

ပြည်တွင်းမှဝယ်ယူမည့် ဆန်မက်ထရစ်တန် ၃၃၀၀ ကျော်၊ ပဲနှင့်ဆားအပါအဝင် ဒေသတွင်းမှဝယ်ယူမည့် ဟင်းသီးဟင်းရွက်ဆီများကို နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ ရေဘေးသင့် ပြည်သူများထံသို့

စာမျက်နှာ ၃ ကော်လံ ၁ ◆

ယနေ့မာတိကာ

ဖန်ကောက်မြို့လယ်ကောင်တွင် ဗုံးပေါက်ကွဲ၍ ၁၆ ဦး သေဆုံး
စာမျက်နှာ - ၅
ဝန်ရေကာတာစိမ့်ပေါက်နေရာများကို ပြုပြင်လျက်ရှိ
စာမျက်နှာ - ၇

CLAIMS DAY NOTICE
M.V DREAM ANGEL VOY : NO(31A)

Consignees of cargo carried by M.V DREAM ANGEL VOY : NO (31A) are here by notified that the vessel will arrive on about 21-8-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

CLAIMS DAY NOTICE
M.V FORTUNE EPOCH VOY : NO(099)

Consignees of cargo carried by M.V FORTUNE EPOCH VOY : NO (099) are here by notified that the vessel will arrive on about 19-8-15 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS